ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 7 December 2017 ၉၁၃၁

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံအခြေစိုက် Rafto Foundation for Human Rights ၏ အမှုဆောင်အရာရှိ Mr. Jostein Hole Kobbeltvedt နှင့် Norwegian Burma Committee (NBC Myanmar)၏ ညွှန်ကြားရေးမှူး Mr. Audun Aagre တို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ယာယီဌာနေကိုယ်စားလှယ် Mr. Knut Ostby အား နံနက် ၁၁ နာရီတွင် လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံအခြေစိုက် Rafto Foundation for Human Rights ၏ အမှုဆောင်အရာရှိ Mr. Jostein Hole Kobbeltvedt နှင့် Norwegian Burma Committee (NBC Myanmar)၏ ညွှန်ကြားရေးမှူး Mr. Audun Aagre တို့အား လက်ခံတွေ့ဆုံစဉ်။

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအထူးအစည်းအဝေး၌ အိုအိုင်စီမှ တင်သွင်းသော မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မဲခွဲ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ပါဝင်ပတ်သက်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့

**နေပြည်တော် ဒီဇင်ဘာ ၆**

ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံရှိ လူ့အခွင့်အရေးကောင်စီ၌ အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)မှ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ (၂၇) ကြိမ်မြောက် အထူးအစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၅ ရက်က ခေါ်ယူခဲ့သည်။

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရခိုင်ပြည်နယ်ရှိ လူနည်းစုများနှင့် မူဆလင်အသိုက်အဝန်း၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်အဆိုမူကြမ်းကို အရေးယူဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့သည်။

ဆုံးဖြတ်ချက်အဆိုအား အရေးယူဆုံးဖြတ်ခြင်းမပြုမီ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးထင်လင်းက မိန့်ခွန်းပြောကြားခဲ့ရာတွင် အောက်ပါအချက်များကို ထည့်သွင်းပြောကြားခဲ့သည်-

- မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံတည်းကိုသာ ချမှတ်သည့် မည်သည့် ဆုံးဖြတ်ချက်မျိုးကိုမဆို ဆန့်ကျင်ပါကြောင်း၊ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ပိုမိုကွဲပြားမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကိုသာ ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ လူ့အခွင့်အရေးကောင်စီ၏ ဘက်မလိုက်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မှုမရှိစေရေး စသည့်မူများနှင့် လိုက်လျောညီထွေ မရှိပါကြောင်း၊
- ယခုအဆိုမူကြမ်းသည် ယုံကြည်မှု တူညီခြင်းမရှိသည့် လူစုတစ်စုအပေါ်တွင်သာ အဓိကအလေးထားကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းတွင် ကမ္ဘာပေါ်ရှိ မည်သည့် လူမျိုး၊ ဘာသာနှင့် ကျား/မ ခွဲခြားမှု မရှိသင့်ကြောင်း၊
- အဆိုမူကြမ်းပါ အချက်အချို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးသကဲ့သို့ ဖြစ်နေကြောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဘိန်းစိုက်ပျိုးဒေသများတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးမှုပါဝင်သည့် ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်ရမည်

စာမျက်နှာ | ၅

ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘော မြိတ်ကျွန်းစုရှိ ခက်ရင်းခွကျွန်းသို့ ဆိုက်ရောက်လည်ပတ်

စာမျက်နှာ | ၁၀



# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

ကြေးမုံ

# ရာသီဥတုပြောင်းလဲမှု သတိပြုဆင်ခြင်

ယခုကာလသည် မြန်မာရာသီအားဖြင့် နတ်တော်လဖြစ်သည်။ ဥတုဘောဇနသင်္ဂဟကျမ်း အဆိုအရ နတ်တော်လကို တန်ဆောင်မုန်းလနှင့် ယှဉ်တွဲ၍ ဟေမန္တဥတုကာလဟု ဆိုသည်နှင့်အညီ ချမ်းအေးသောဆောင်းရာသီ၏ အအေးဓာတ်ကို ခံစားကြရသည်။ လောကတစ်ခွင်မှာ ဆီးနှင်းများနှင့်စိုရွှဲသောကာလဖြစ်သည်။ ရာသီပန်းများမှာလည်း ဖူးပွင့်ဝေဆာနေကြသည်။

ထိုရာသီကာလ၌ လူတို့ကျန်းမာရေးအနေဖြင့် ကြေလွယ်ခဲသော အစားအစာ၊ လေပွားစေသော အာဟာရတို့ကို ရှောင်ရှားကြရသည်။ စပ်သော၊ ဖန်သော၊ ခါးသောအရသာရှိသည့် အစားအစာများသည် လေပွားစေတတ်သဖြင့် ဆင်ခြင်စားသုံးကြရသည်။ ချိုသော၊ ချဉ်သော၊ ငန်သော အစားအစာများ၊ အဆီပါသော သားငါးများကို စားသုံးကာ အကြော်၊ ကရမက်၊ ကုံကုမာအမွှေးတို့ကို လိမ်းခြယ်ကြရသည်ဟု ဥတုဘောဇနသင်္ဂဟကျမ်းတွင် လူတို့အတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဝေမျှထားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားပြီး စိုက်ပျိုးရေးကို လုပ်ကိုင်သည့် ပြည်သူများမှာ ကျေးလက်နေပြည်သူ အများစုဖြစ်သည်။ ဤနတ်တော်ရာသီကာလမှာ စိုက်ပျိုးသူ တောင်သူများအတွက် ကောက်ဆွချိန်ဖြစ်သည်။ ကောက်ဆွချိန်ဆိုသည်မှာ လယ်ယာတစ်ခွင်မှ ရိတ်သိမ်းပြီး ကောက်လှိုင်းစည်းများကို တလင်းတွင် ကောက်ဖြန့်ခင်းကာ စပါးတခြား၊ ကောက်ရိုးတခြားဖြစ်အောင် ကျွဲ၊ နွား သို့မဟုတ် ခြွေလှေ့စက်တို့ဖြင့် ကောက်ဆွခြင်းကို ဆိုလိုခြင်းဖြစ်သည်။ လယ်ယာဦးကြီးများသည် ကောက်လှိုင်းဆွ၍ ရရှိသည့်စပါးများကို အဝယ်ဒိုင်သို့ ပို့ဆောင်ရေး၊ အမိုးအကာအောက်ရောက်ရှိရေး လုပ်ဆောင်ရသည့် ရာသီဖြစ်သည်။

ဤသို့ လုပ်ဆောင်ရသည်မှာ ရာသီသာလှသည့် နတ်တော်လ၏ အစဉ်အလာဖြစ်သည်။ သို့သော် ဤအချိန်ကာလတွင် ဖောက်ပြန်တတ်သော ဥတုရာသီကို သတိပြုကြရသည်။ ယခုအချိန်ကာလတွင် ရာသီမမှန် ဖောက်ပြန်တတ်သော အချိန်အခါမဟုတ် ရွာသွန်းတတ်သည့် မိုးကြောင့် ရိတ်သိမ်းပြီးကောက်လှိုင်းများနှင့် အမိုးအကာအောက် မရောက်သေးသည့် စပါးများ မပျက်စီးအောင် အထူးသတိပြုနေကြရ၏။

ယခုဒီဇင်ဘာ ချမ်းအေးသည့်နတ်တော်လတွင် တောင်သူလယ်သမားများအတွက် အထူးသတိပြုရမည့် အခြေအနေများ ရှိလာ၏။ ဒီဇင်ဘာလဆန်းရက်က တောင်တရုတ်ပင်လယ်မှ လေပွေလှိုင်းကြောင့် ဖြစ်လာနေသည့် လေဖိအားနည်းရပ်ဝန်းအရှိန်သည် မုန်တိုင်း သို့မဟုတ် အချိန်အခါမဟုတ် မိုးရွာသွန်းမည့် အခြေအနေရှိနေ၏။ ယင်းစပါးဖျက်မည့် မိုးရွာသွန်းနိုင်မည့်အခြေအနေကို မိုးလေဝသမှ အခါမလပ် ကြိုတင်အသိပေးနေသဖြင့် ရှောင်နိုင်ရှားနိုင်သော အခြေအနေကောင်းရှိ၏။ နိုဝင်ဘာလကလည်း ဖျက်မိုးတစ်ကြိမ်ကြုံခဲ့ရသည်ကို သတိပြုမိကြမည်ဖြစ်၏။

ဖောက်ပြန်သော ရာသီဥတုကြောင့် ပြည်သူများစားသုံးသည့် ကောက်ပဲသီးနှံများ မပျက်စီးစေရေးသာမက ပြည်သူများအား အန္တရာယ်ပေးနိုင်သည့် သဘာဝဘေးနှင့် ပြည်သူများ၏ ကျန်းမာရေး မထိခိုက်စေရေးအတွက်လည်း အထူးသတိထားရမည်ဖြစ်၏။ ယခုအခါ တောင်တရုတ်ပင်လယ်မှ ဖြစ်ပေါ်ခဲ့သော လေဖိအား အရှိန်အဟုန်ကြောင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှာ ဖြစ်ပေါ်နေဆဲ၊ ယင်းအရှိန်အဟုန်ကြောင့် မုန်တိုင်းဖြစ်စေ၊ မိုးရွာသွန်းသည်ဖြစ်စေ သီးနှံစိုက်ခင်းများ မပျက်စီးရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်၏။

ဒီဇင်ဘာလတွင် ရွာသွန်းလာနိုင်သည့် ဖျက်မိုးကို အထူးသတိထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခုနှစ်ပိုင်း ပြောင်းလဲလာသော ရာသီဥတုကြောင့် ဆယ့်နှစ်ရာသီကာလအတွင်း အချိန်အခါမရွေး မိုးရွာသွန်းနိုင်သည်၊ မိုးရွာသွန်းခဲ့သည်ကို လက်တွေ့ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ဒီဇင်ဘာ နတ်တော်လပြီးလျှင် ဇန်နဝါရီ ပြာသိုလ၌ တောင်သူများ အဆိုရှိသည့် "ပြာသိုတစ်ချက် နှမ်းပုံပျက်" ဆိုသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြောင်းလဲလာသော ရာသီဥတုပုံစံသစ်ကြောင့် ရာသီဥတုပုံမှန်မဟုတ်တော့သည့် ကာလတွင် မိုးလေဝသမှ ရာသီဥတု သတိပေးချက်များကို ကြိုတင်သိရှိအောင် ဂရုစိုက်သင့်သည်။ ရာသီဥတု ပြောင်းလဲမှုကြောင့် ပြည်သူများ မှီခိုအားထားရသည့် ကောက်ပဲသီးနှံများ သာမက နေအိမ်အဆောက်အအုံများပါ မပျက်စီး၊ မဆုံးရှုံးစေရေးအတွက် ပြုဖွယ်ကိစ္စရပ်များကို ကြိုတင်ဆောင်ရွက်ထားနိုင်ရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။




# ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ NLD AIDS Centre မှ HIV လူနာများအား ကမ္မဋ္ဌာန်းတရား သင်ကြားပြသ

**ရန်ကုန် ဒီဇင်ဘာ ၆**

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ဦးဆောင်ဖွင့်လှစ်ထားသော ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၆ ရပ်ကွက်ရှိ NLD AIDS Centre မှ HIV လူနာလူကြီး၊ လူငယ် စုစုပေါင်း ၁၂၀ ကျော်အား ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးမြင့်အောင်က ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဝိပဿနာတရား၊ ဘဝနေနည်း၊ သေနည်းနှင့် ပတ်သက်၍ ဟောပြောသင်ကြားပြသခဲ့ကြောင်း သိရသည်။

NLD AIDS Centre မှ HIV ရောဂါခံစားနေရသူ လူကြီး၊ လူငယ်များအနေဖြင့် တရားဟောသင်ကြားပြသခြင်းကို စိတ်ပါဝင်စားစွာ သင်ယူကြကြောင်း သိရသည်။

လူအိုရုံများ၊ ရောဂါရင့်နေသူများ (ကင်ဆာလူနာများ) ရှိသော အဖွဲ့များအနေဖြင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးမြင့်အောင် ဖုန်း - ၀၉- ၇၉၅၇၆၀၁၀၈၊ ဆင့်ဆင့်အောင် ဖုန်း - ၀၉ - ၅၀၀၀၉၁၀ တို့သို့ အကြောင်းကြားဖိတ်ခေါ်ပါက ရန်ကုန်ရှိ တစ်ရက်တရားစခန်းများ၊ ငါးရက်၊ ၁၀ ရက် တရားစခန်းများ ဖွင့်လှစ်ချိန်မှအပ လာရောက်တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ရက်တရားစခန်းများကို ရန်ကုန်မြို့၌ တနင်္ဂနွေနေ့တိုင်းတွင် ဇောတိကာရုံကျောင်းတိုက် ဗဟန်းမြို့နယ် (စင်ကာပူသံရုံးဘေး)၌ လည်းကောင်း၊ စနေနေ့တိုင်းတွင် မြကန်သာဓမ္မာရုံ ဆင်ရေတွင်းမှတ်တိုင် ကမာရွတ်မြို့နယ်၌ လည်းကောင်း၊ ကြာသပတေးနေ့တိုင်းတွင် ရွှေဘုန်းပွင့်ဘုရား သုံးထပ်ဆောင် ပုဇွန်တောင်မြို့နယ်၌ လည်းကောင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာ)ပညာရပ် တတိယဆု၊ စေတုတ္တရာ ချင်းလှထွန်း ရေးသားသည့် **"မုန်းချောင်းရေပြာစေတုတ္တရာ"** စာအုပ်ကို စာအုပ်အသင်း၏ ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန် အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်(ရွှေဈေး) ၉၂၆၅၀၀ - ၉၂၆၅၀၀၊ မန္တလေး(ရွှေဈေး) ၉၂၆၅၀၀ - ၉၂၆၅၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၂၅/၈၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၇၀၈ ကျပ်၊ | ၈၄၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၃. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆. ၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၈၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၅. ၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၉၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၉၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄. ၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

**ရှေ့ဖုံးမှ**

ခိုင်မာလုံလောက်သည့် သက်သေများမရှိဘဲ စွပ်စွဲချက်များကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း၊

- နိုင်ငံတကာ၏ အကူအညီပေးမှုသည် ပြဿနာကို ဖြေရှင်းမှုသာဖြစ်သင့်ကြောင်း၊ ပိုမိုဆိုးရွားစေမှုကို မဖြစ်စေသင့်ကြောင်း၊
- အဆိုမူကြမ်း၌ ARSA ၏ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ရှုတ်ချခြင်း မရှိကြောင်း၊
- အထက်ပါအချက်များကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယခုအဆိုမူကြမ်းအား လက်မခံနိုင်သဖြင့် ပါဝင်ပတ်သက်ခြင်းပြုမည် မဟုတ်ကြောင်း၊
- ရခိုင်ပြည်နယ်အရေးကိစ္စသည် ရှုပ်ထွေးသိမ်မွေ့ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စိန်ခေါ်မှုများကို နားလည်ဖို့လိုကြောင်း၊
- လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရခိုင်ပြည်နယ်တွင် ရင်ဆိုင်နေရသောကိစ္စများကို ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ (အမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်း ပြောကြားသည့် မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့က ယခုအဆိုမူကြမ်းမဲခွဲရန် တောင်းဆိုခဲ့သည်။

ဆုံးဖြတ်ချက်အဆိုအား မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ (၃၃) မဲ၊ ကန့်ကွက်မဲ(၃)မဲ၊ ကြားနေမဲ (၉)မဲဖြင့် အတည်ပြုခဲ့သည်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် (၂) နိုင်ငံမှ ပါဝင်မဲပေးခြင်း မပြုခဲ့ပါ။ ကန့်ကွက်မဲပေးသည့်နိုင်ငံများမှာ မဲခွဲရန် တောင်းဆိုပေးသည့် တရုတ်နိုင်ငံ၊ ၂၀၁၇ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသည့် ဖိလစ်ပိုင်နိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ပြည်တွင်းတွင် ဖြေရှင်းဆောင်ရွက်နေသကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းလျက်ရှိသည်။ ဤအခြေအနေတွင် အဆိုမူကြမ်းချမှတ်ခြင်းသည် မြေပြင်အခြေအနေကို အထောက်အကူမဖြစ်စေဘဲ ပိုမိုရှုပ်ထွေးလာစေနိုင်သည့် အချက်ကို ထောက်ပြ၍ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့အနေဖြင့် မဲခွဲရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် (၄၇)နိုင်ငံရှိသည့်အနက် (၁၄)နိုင်ငံက ထောက်ခံခြင်း မပြုခဲ့ကြသဖြင့် အဆိုမူကြမ်းမှာ တူညီဆန္ဒဖြင့် အတည်ပြုနိုင်ခဲ့ခြင်း မရှိပါ။

ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ ဖိအားပေးနေသည့်ကြားမှ မဲခွဲရန်တောင်းဆိုပေးခြင်း၊ အဆိုမူကြမ်းကို ကန့်ကွက်မဲပေးခြင်း (သို့မဟုတ်) ကြားနေမဲပေးခြင်း (သို့မဟုတ်) မဲပေးမှုတွင် မပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် နားလည်မှုပြသခဲ့ကြသည့် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ယာယီဌာနေကိုယ်စားလှယ် Mr. Knut Ostby အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်း-ရှေ့ဖုံး



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်နှင့် CRI ဒုတိယဥက္ကဋ္ဌ Mr. Hu Bangsheng တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်နှင့် China Radio International ဒုတိယဥက္ကဋ္ဌ Mr. Hu Bangsheng တို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ China Radio International အဆောက်အအုံ၌ တွေ့ဆုံ၍ မီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ ဆက်သွယ်ဖလှယ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၂၇) ကြိမ်မြောက် အထူးအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးက ဆုံးဖြတ်ချက်အဆိုမူကြမ်း (A/HRC/S-27/L.1)နှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည့် မိန့်ခွန်း

(ဂျီနီဗာမြို့၊ ၅-၁၂-၂၀၁၇ ရက်)

**သဘာပတိကြီးခင်ဗျား၊**

လူ့အခွင့်အရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သည့် A/HRC/ RES/5/1 ရဲ့ စာပိုဒ် 117 e (i) တွင် ကုလသမဂ္ဂအထွေထွေညီလာခံ/တတိယကော်မတီ၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းချင်းထပ်နေသော မလိုလားအပ်သည့် ဆောင်ရွက်ချက်များကို လျှော့ချရန် ရှင်းလင်းစွာဖော်ပြထားပါတယ်။ ယနေ့ကျင်းပတဲ့ အထူးအစည်းအဝေးနှင့် ယင်း၏ဆုံးဖြတ်ချက်အဆိုဟာ အဲဒီလုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်နှင့် လုံးဝသွေဖည်လျက်ရှိပါတယ်။

ယခုအစည်းအဝေးခန်းမအတွင်းရှိ အခြားသောနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် မူအရ နိုင်ငံတစ်နိုင်ငံတည်းကိုသာ ဦးတည်ရွေးချယ်ချမှတ်သည့် မည်သည့်ဆုံးဖြတ်ချက်မျိုးကိုမဆို ဆန့်ကျင်ပါတယ်။ ထိုသို့ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ပိုမိုကွဲပြားမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကိုသာ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

ယနေ့ ချမှတ်သော country specific အဆိုသည်လည်း ယင်းအတိုင်းပဲဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေး ခိုင်မာစေဖို့ တာဝန်ရှိတဲ့ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ စုပေါင်းကြိုးပမ်းမှုတွေဟာ ဘက်မလိုက်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ရွေးချယ်မှုမရှိစေရေးစတဲ့ အခြေခံမူများနဲ့ တဖြည်းဖြည်းကင်းကွာလာတာကို ဝမ်းနည်းဖွယ်တွေ့ရပါတယ်။ ကြိုတင်စီမံထားသည့် နိုင်ငံရေးဆောင်ရွက်ချက်နှင့် ဘက်လိုက်မှုတွေဟာ အမြစ်တွယ်လာနေတယ်လို့ ခံစားရပါတယ်။

ရခိုင်ပြည်နယ်ရဲ့ စိန်ခေါ်မှုနဲ့ပတ်သက်လို့ စိုးရိမ်မှုအရှိဆုံးဟာ မိမိတို့မြန်မာနိုင်ငံပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီစိန်ခေါ်မှုကို ဖြေရှင်းဖို့ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းရဲ့ အကူအညီနဲ့ ကြိုးပမ်းမှုတွေကို ကြိုဆိုပါတယ်။ သို့သော်လည်း ယင်းအကူအညီ အထောက်အပံ့တွေဟာ ပြဿနာကို ဖြေရှင်းမှုသာဖြစ်သင့်ပြီး ပိုမိုဆိုးရွားစေမှုကို မဖြစ်စေသင့်ပါဘူး။ မိမိတို့အနေနဲ့ နိုင်ငံတကာ အသိုက်အဝန်းနဲ့အတူ စိုးရိမ်ပူပန်မှုရှိနေချိန်မှာ နိုင်ငံတကာ အသိုက်အဝန်းရဲ့ ကြိုးပမ်းချက်တွေဟာ မီးလောင်ရာလေပင့်တာမျိုး မဖြစ်စေဖို့ လိုအပ်ပါတယ်။

အဆိုမူကြမ်းဟာ ယုံကြည်မှု တူညီခြင်းမရှိသည့် လူစုတစ်စုအပေါ်တွင်သာ အဓိကအလေးထားထားတာ ဖြစ်ပါတယ်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းဟာ ကမ္ဘာပေါ်ရှိ မည်သည့် လူမျိုးဘာသာနှင့် ကျား/မ ခွဲခြားမှု မရှိသင့်ပါ။ လူ့အခွင့်အရေးကောင်စီကဲ့သို့ ကုလသမဂ္ဂဆွေးနွေးပွဲတစ်ခုဟာ ယခုလို ဘက်လိုက်တဲ့ ချဉ်းကပ်မှုမျိုးအတွက် နေရာမျိုး မဖြစ်စေသင့်ပါဘူး။ ယင်းချဉ်းကပ်မှုမျိုးဟာ လူ့အခွင့်အရေးကောင်စီအတွက် အစဉ်အလာဆိုးတစ်ခု ဖြစ်စေမှာ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် ပါဝင်သည့် အချက်အချို့မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေတဲ့အချက်တွေ ပါဝင်ပါတယ်။ တချို့ အချက်တွေဟာ အဖြစ်မှန်နှင့် ဝေးကွာပြီး မြေပြင်အခြေအနေနဲ့ ကိုက်ညီခြင်းမရှိပါဘူး။ အတည်ပြုစိစစ်ထားခြင်းမရှိတဲ့ ကိန်းဂဏန်းတွေကို အဆိုမူကြမ်းမှာ အသုံးပြုခြင်းဟာလည်း ကျင့်ဝတ်နှင့်မညီသည်သာမက ပညာရှင်မဆန်ပါဘူး။ သက်သေလုံလောက်မှုမရှိသော၊ လက်ဆုပ်လက်ကိုင်ပြနိုင်ခြင်းမရှိသော စွပ်စွဲချက်တွေကိုလည်း စာသားမှာ ထည့်သွင်းထားပါတယ်။

ကုလသမဂ္ဂ၏ ဖိုရမ်အားလုံးမှာ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားခြင်းဟာ စစ်မှန်တဲ့ စေတနာပေါ်အခြေခံခြင်း ရှိ၊ မရှိကို မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ထို့ပြင် ကုလသမဂ္ဂဘတ်ဂျက်ကို အကျိုးရှိစွာနှင့် ထိရောက်စွာ သုံးစွဲခြင်း ရှိ၊ မရှိကိုလည်း မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

- အဆိုမူကြမ်း၏ ဆောင်ရွက်ရန်တိုက်တွန်းသည့်စာပိုဒ်နှင့် နိဒါန်းစာပိုဒ် အချို့ပါအချက်များဟာ ဒေါက်တာကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို ပုံတူကူးထားခြင်းသာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်ပါ အချက်များဖြစ်သော လွတ်လပ်စွာ သွားလာခွင့်၊ လူသားချင်းစာနာမှုအထောက်အပံ့များ ရရှိနိုင်မှု၊ အသိုက်အဝန်းများအကြား ဆွေးနွေးပွဲ၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံသားဥပဒေ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေကို လိုရာဆွဲ၍ အပျက်သဘောပုံရိပ်ဘက်သို့ ကောက်နုတ်ထားပြီး ဖြစ်ပါတယ်။ အစိုးရအနေနဲ့ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်နေပြီဖြစ်တဲ့အတွက် ထိုဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် မည်သို့အကျိုးဖြစ်ထွန်းစေမည်ကို မိမိတို့ကိုယ်ကိုယ် မေးခွန်းထုတ်သင့်ပါတယ်။
- အဆိုမူကြမ်းဟာ ARSA ၏ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ရှုတ်ချခြင်း မရှိပါ။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် ARSA ရဲ့ ပထမဆုံးတိုက်ခိုက်မှုပြီးနောက် မကြာမီထုတ်လွှင့်ခဲ့တဲ့ ၁၈ မိနစ်စာ ဗီဒီယိုတွင် အဆိုပါတိုက်ခိုက်မှုသည် ၎င်းတို့လုပ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကို အမည်တပ်ထုတ်ဖော်ရှုတ်ချရန် ရှောင်ဖယ်ခြင်းဟာ အကြမ်းဖက်မှုကို အလိုအလျောက် သဘောတူရာရောက်ပါတယ်။ သို့ဖြစ်၍ အကြမ်းဖက်သမားများသည် ၎င်းတို့ရောက်ရှိတဲ့ မည်သည့်နေရာတွင်မဆို အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေမည်သာ ဖြစ်ပါတယ်။
- မြန်မာနိုင်ငံသို့ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) စေလွှတ်မည့်ကိစ္စဟာ မြေပြင်အခြေအနေနှင့် ပြည်တွင်းရေးအခြေအနေများနဲ့ သဟဇာတမရှိတဲ့အတွက် မိမိတို့အနေဖြင့် ပါဝင်ပတ်သက်မှု မပြုခဲ့ပါ။ ယနေ့ထိလည်း ယင်းရပ်တည်ချက်မှာ ပြောင်းလဲခြင်း မရှိပါဘူး။
- ဆုံးဖြတ်ချက်တွင် ဆောင်ရွက်ရန်တိုက်တွန်းသည့်စာပိုဒ် အမှတ် ၂၀ နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူများမှ တောင်းခံလာသည့် သတင်းအချက်အလက်အားလုံးကို ပံ့ပိုးပြန်ကြားပေးလျက်ရှိပါတယ်။ အခြားအဖွဲ့ဝင်နိုင်ငံများ ကဲ့သို့ပင် မိမိတို့အနေဖြင့် လက်ရှိအဆင့်တွင် သက်ဆိုင်သူ/အဖွဲ့အစည်းအားလုံးကို လက်ခံဖိတ်ကြားရန် အခက်အခဲရှိပါတယ်။
- ဆောင်ရွက်ရန်တိုက်တွန်းသည့်စာပိုဒ် အမှတ် ၂၁ နှင့် ၂၂ အရ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနဲ့ အချက်အလက်ရှာဖွေရေး အဖွဲ့တို့ရဲ့ အစီရင်ခံမှုဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းမည်ဆိုပါက မြန်မာနိုင်ငံအရေးဟာ လူ့အခွင့်အရေးကောင်စီ၏ လာမည့်ပုံမှန်အစည်းအဝေးများ အားလုံးနီးပါးမှာ ပါဝင်နေမှာဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်မှစ၍ အထူးအစီရင်ခံစာတင်သွင်းသူ အဆက်ဆက်အား အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးနေသည့် နိုင်ငံအပေါ် ယခုကဲ့သို့ လွန်ကဲတဲ့ အာရုံစိုက်မှုဟာ အလွန်ပင် အလွန်အကျွံဖြစ်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

အထက်ပါအချက်များအရ မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆုံးဖြတ်ချက်အဆိုအား မဲခွဲသည့်ကိစ္စအပေါ် ပါဝင်ပတ်သက်မည် မဟုတ်ပါ။

ရခိုင်ပြည်နယ်အရေး၏ ရှုပ်ထွေးမှုဟာ အလွန်ကြီးမားပါတယ်။ ဒါကြောင့် စိန်ခေါ်မှုများကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပိုမိုသိရှိနားလည်ရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုက်အဝန်းရဲ့ တောင်းဆိုမှုတွေကို လက်တွေ့တိုးတက်မှုများ ပြုလုပ်ခြင်းဖြင့် တုံ့ပြန်လျက်ရှိပါတယ်။ လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အဆို ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရခိုင်ပြည်နယ်ရဲ့ လတ်တလောနဲ့ ရေရှည်စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် မဆုတ်မနစ် ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

# ရုရှား အောက်လွှတ်တော်သို့ အမေရိကန်သတင်းထောက်များ ဝင်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်ခံရဖွယ်ရှိ



**မော်စကို ဒီဇင်ဘာ ၆**

အမေရိကန်သတင်းဌာန ကိုးခု သို့မဟုတ် ၁၀ ခုသည် ရုရှားစတိတ်ဒူးမား(ခေါ်)အောက်လွှတ်တော် ပရိဝုဏ် အတွင်းသို့ ဝင်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်ခံရဖွယ် ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

မိမိတို့၏ လုပ်ဆောင်ချက်သည် ကြေးမုံပြင်သဖွယ် အရိပ်ထင်ဟပ်ခြင်းသာဖြစ်ပြီး တိကျသော ပစ်မှတ်များ ထားရှိကြောင်း၊ ပါလီမန်ရှိ အောက်လွှတ်တော်သို့ အခြား မီဒီယာများ ဝင်ရောက်ခြင်းကိုမူ ပိတ်ပင်မည်မဟုတ်ကြောင်း အောက်လွှတ်တော်ဥပဒေ စည်းမျဉ်းများရေးရာ ကော်မတီ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ် မာရီယာ ဇာခါရိုဗာက ပြောကြားသည်။

မိမိတို့သည် ရုရှားနိုင်ငံအတွင်း သတင်းယူရန် ခွင့်ပြုချက်ရရှိထားသော အမေရိကန် မီဒီယာများ၏ သတင်းရယူပိုင်ခွင့်ကိုလည်း ဆုံးရှုံးစေလိမ့်မည် မဟုတ်ကြောင်း ဇာခါရိုဗာက ပြောကြားသည်။

ရုရှားမီဒီယာအား အမေရိကန်က ဖိအားပေးနေမှု အဆုံးသတ်မည်ဆိုလျှင် အမေရိကန်မီဒီယာသမားများ အား ကန့်သတ်ချုပ်ချယ်မှုကို ပြန်လည်ရုပ်သိမ်းပေးမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်၌ ရုရှားအာရ်တီ ရုပ်မြင်သံကြားဌာနမှ သတင်းထောက်များ သတင်းယူခွင့် မပြုကြောင်း အမေရိကန်အစိုးရ၏ တားမြစ်ချက်ကို လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားက အမေရိကန် မီဒီယာ သမားများ အောက်လွှတ်တော်၏ မျက်နှာစုံညီ အစည်း အဝေး၌ သတင်းယူခွင့် မရှိစေရဟု ပိတ်ပင်လိုက်ခြင်းဖြစ် သည်။

**ရိုက်တာ**

# ကယ်လီဖိုးနီးယားတောမီး အရေးပေါ်အခြေအနေ ကြေညာ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၆**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ကြီးမားသောတောမီး လောင်ကျွမ်းမှုကြောင့် ပြည်နယ် အုပ်ချုပ်ရေးမှူးက ဒီဇင်ဘာ ၅ ရက်တွင် ဗန်တူးရာစီရင်စု၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ ယင်းစီရင်စုတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ရာပေါင်းများစွာ ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူ ထောင် ပေါင်းများစွာကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်း ထုတ်ပြန်သည်။

တောမီးသည် အလွန်အန္တရာယ်ကြီးစွာ ပျံ့နှံ့လောင် ကျွမ်းလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရက တောမီးကို ငြိမ်းသတ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်း၏ သတင်းထုတ် ပြန်ချက်တွင် ဖော်ပြသည်။

လေပြင်းတိုက်ခတ်ခြင်း၊ လေထု စိုထိုင်းဆကျဆင်း ခြင်းနှင့် ခြောက်သွေ့ခြင်းတို့ကြောင့် တောမီးမှာ အရှိန် အဟုန်ပြင်းစွာ တောက်လောင်နေကြောင်း၊ ရာပေါင်း များစွာသော မီးသတ်သမားများက ကြိုးပမ်းငြိမ်းသတ် နေကြောင်း၊ ဒေသခံပြည်သူများကို ကယ်လီဖိုးနီးယား ပြည်နယ် တောင်ဘက်ပိုင်းရှိ ဒေသများသို့ ရွှေ့ပြောင်းပေး နေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

သောမတ်စ်ဟု အမည်ပေးထားသည့် တောမီးမှာ ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် ဗန်တူရာစီရင်စုရှိ ဆန်တာပေါလာမြို့အနီးတွင် စတင် လောင်ကျွမ်းခဲ့သည်။ ညလုံးပေါက် လောင်ကျွမ်းခဲ့သော ယင်းတောမီးသည် အဆိုပါမြို့၏နယ်စပ်မျဉ်းအတွင်းထိ ရောက်ရှိခဲ့သည်။

တောမီးလောင်ကျွမ်းမှု ဧရိယာပမာဏသည် လတ်တလော ခန့်မှန်းချက်အရ ဧက ၅၀၅၀၀ (၂၀၄၃၇ ဟက်တာ)ရှိပြီး လုံးဝထိန်းချုပ်နိုင်ခြင်း မရှိသေးပေ။ လေပြင်းတိုက်ခတ်ခြင်းကြောင့် တောမီးစတင်လောင်ကျွမ်း စဉ်မှ နာရီအနည်းငယ်အတွင်း လျင်မြန်စွာ ကူးစက်ခဲ့ရာ ဆန်တာပေါလာနှင့် ဗန်တူရာမြို့များကို ခြိမ်းခြောက် လာခဲ့သည်။

ယင်းမြို့များသည် ကယ်လီဖိုးနီးယားပြည်နယ် မြို့တော် လော့စ်အိန်ဂျလိစ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၁၀ အကွာတွင် တည်ရှိသည်။

**ဆင်ဟွာ**



# ကုလထိပ်တန်းအရာရှိတစ်ဦးနှင့် မြောက်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံ

**ပြုံယမ်း ဒီဇင်ဘာ ၆**

ကုလသမဂ္ဂထိပ်တန်းအရာရှိတစ်ဦးသည် မြောက်ကိုရီးယား နိုင်ငံခြားရေးဒုတိယဝန်ကြီးနှင့် ဒီဇင်ဘာ ၆ ရက်တွင် ပြုံယမ်းမြို့၌ တွေ့ဆုံခဲ့ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ က ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှု များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ကုလသမဂ္ဂ နိုင်ငံရေးရာ ဒုတိယအတွင်းရေးမှူးချုပ် ဂျက်ဖရီ ဖတ်မန်**(အပေါ်ပုံ)**က မြောက်ကိုရီးယား ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ပတ်မြောင်ဂတ်အား တွေ့ဆုံခဲ့ ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ဆိုသည်။

၎င်းတို့၏ ဆွေးနွေးမှုအသေးစိတ်ကို မီဒီယာက ဖော်ပြခြင်းမရှိပေ။ သို့သော် မြောက်ကိုရီးယားနှင့် ကုလ သမဂ္ဂအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း မီဒီယာက ဆိုသည်။

မေလအတွင်းက မြောက်ကိုရီးယားနိုင်ငံခြားရေး ဒုတိယဝန်ကြီးပတ်မြောင်ဂတ်က ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဖြေရှင်းချက်အပေါ် ရှုတ်ချသည့် ထုတ်ပြန် ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပြုံယမ်းသည် ဈူကလီးယားဒုံးကျည်များ မကြာခဏ စမ်းသပ်ပစ်လွှတ်ခဲ့သည့်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အရေးယူမှုများပိုမိုတင်းကျပ်ခဲ့ခြင်း နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ဖွယ်ရှိကြောင်း ယူဆရသည်။

ကုလသမဂ္ဂ နိုင်ငံရေးရာ ဒုတိယအတွင်းရေးမှူးချုပ် ဂျက်ဖရီ ဖတ်မန်က မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီး ရီယောင်ဟိုနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တောင်ကိုရီးယားသမ္မတ မွန်းဂျေအန် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားမည်

**ဆိုးလ် ဒီဇင်ဘာ ၆**

တောင်ကိုရီးယား သမ္မတ မွန်းဂျေအန်က လာမည့်ရက်သတ္တပတ်တွင် တရုတ် နိုင်ငံသို့ အလည်အပတ်သွားရောက်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ မည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

သမ္မတ မွန်းဂျေအန်သည် ဒီဇင်ဘာ ၁၃ ရက်တွင် တရုတ်နိုင်ငံသို့ လေး ရက်ကြာ ခရီးသွားမည်ဖြစ်ပြီး ပေကျင်းနှင့် ချုံကင်းမြို့များသို့ အလည်အပတ် ရောက်ရှိမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက ဆိုသည်။

သမ္မတ မွန်းဂျေအန်အနေဖြင့် သမ္မတရာထူးတာဝန်များကို စတင်ထမ်း ရွက်သည့်အချိန် မေလကစပြီး တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်မှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

သမ္မတမွန်းနှင့် သမ္မတရှီတို့သည် မြောက်ကိုရီးယားနျူကလီးယား ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ် အပါအဝင် တိုက်ချင်းပစ်ဒုံးကျည်များ စမ်းသပ်ပစ် လွှတ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးဖွယ်ရှိသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်၏ ဒုံးခွင်းဒုံးများဖြန့်ကြက် ထားရှိမှုနှင့် ပတ်သက်ပြီး ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ဒုံးခွင်းဒုံးများဖြန့်ကြက်ထားရှိမှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးလက်နက်များ ပစ်ခတ်မှု အန္တရာယ်ကို ကြိုတင်ကာကွယ်ဟန့်တားသည့် အနေဖြင့် ထားရှိခြင်းဖြစ်သည်ဟု သမ္မတ မွန်းက ယခင်က ပြောကြားခဲ့သည်။

သို့သော် တောင်ကိုရီးယားနိုင်ငံတွင် ဖြန့်ကြက်ထားသော အမေရိကန် ဒုံးခွင်းဒုံးများ၏ စွမ်းဆောင်ရည်မြင့်မားသော ရေဒါစနစ်သည် ပေကျင်း၏ ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ခြေရာခံလိုက်နိုင်မည်ကို ပေကျင်းက စိုးရိမ်ပူပန်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံတွင် နောက်ထပ်ဒုံးခွင်းဒုံးများဖြန့်ကြက်ထားရှိမှု မရှိစေရေးနှင့် ဂျပန်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တောင်ကိုရီးယားနိုင်ငံအနေဖြင့် ထပ်မံလုပ်ဆောင်ခြင်းမပြုရန် ခေါင်းဆောင် နှစ်ဦးက အတည်ပြုဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဘိန်းစိုက်ပျိုးဒေသများတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးမှုပါဝင်သည့် ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်ရမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ UNODC ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မူးယစ်ဆေးဝါးကော်မရှင်၏ (၅၃) ကြိမ်မြောက် အထူးအစည်းအဝေးက ချမှတ်ခဲ့သော လုပ်ငန်းစီမံချက်များပါအတိုင်း တရားမဝင်မူးယစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းကို သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀ အထိ အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ပြန်လည်မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ဘိန်းစိုက်ပျိုးမှုသည် အထိုက်အလျောက်ကျဆင်းခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး ကချင်၊ ချင်းနှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးနေသည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် နောက်တိုး (၅)နှစ် စီမံကိန်းများကို ၂၀၁၉ ခုနှစ်ထိ ရေးဆွဲကာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။




ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒသစ်အတည်ပြုခဲ့ပြီးဖြစ်သည့်အတွက် ၎င်းမူဝါဒအပေါ် အခြေခံသည့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရေးသည်လည်း အဓိက အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲကြရမှာ ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဘိန်းစိုက်ပျိုးဒေသများတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးမှုပါဝင်သည့် ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပြီး အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် တောင်သူများအား အမှန်တကယ်အကျိုးရှိမည့် အစားထိုးသီးနှံ၊ မွေးမြူရေး၊ ဈေးကွက်ရရှိရေး အခြားဝင်ငွေရလုပ်ငန်းများကို ဖော်ဆောင်ပေးရမှာ ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒမဟာဗျူဟာချမှတ်သူများအတွက် ယခု အစီရင်ခံစာတွင်ပါရှိသည့် ဘိန်းစိုက်ဧရိယာ အကျယ်အဝန်း၊ ဘိန်းထုတ်လုပ်မှု၊ ပြောင်းလဲလာသည့် စိုက်ပျိုးမှုပုံစံများသည် မရှိမဖြစ် လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas မှ အစီရင်ခံစာပါ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် UNODC ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

> **“မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀ အထိ အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ပြန်လည်မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ဘိန်းစိုက်ပျိုးမှုသည် အထိုက်အလျောက်ကျဆင်းခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး ကချင်၊ ချင်းနှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးနေသည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းနှင့် နောက်တိုး ၅ နှစ် စီမံကိန်းများကို ၂၀၁၉ ခုနှစ်ထိ ရေးဆွဲကာ ဘိန်း အပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း”**

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ယခုထုတ်ပြန်သည့် အစီရင်ခံစာသည် မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၇ ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းရလဒ်များအား တင်ပြခဲ့သည့် အစီရင်ခံစာဖြစ်ပါကြောင်း၊ မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ၂၀၀၁ ခုနှစ်ကတည်းက တရားမဝင်မူးယစ်ဆေးဝါးသီးနှံများ စစ်တမ်းကောက်ယူခြင်း အစီအစဉ် (ICMP) အရ ဆောင်ရွက်ခဲ့ပါကြောင်း၊ ICMP သည် ၂၀၀၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုအခါ UNODC စီမံကိန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးနှင့် လွိုင်လင်ဒေသများတွင် ဘိန်းအစားထိုးသီးနှံဖြစ်သည့် ကော်ဖီစိုက်ပျိုးခြင်းနှင့် စီးပွားဖြစ်သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတို့ကို ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုသည် UNODC အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ ထုတ်လုပ်မှုလျှော့ချနိုင်ရေး၊ အစားထိုးဖွံ့ဖြိုးရေး စသည့် ကဏ္ဍအသီးသီးအပေါ် အခြေခံ၍ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပြီး

> **“ယခုအခါ UNODC စီမံကိန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးနှင့် လွိုင်လင်ဒေသများတွင် ဘိန်းအစားထိုး သီးနံ့ဖြစ်သည့် ကော်ဖီစိုက်ပျိုးခြင်းနှင့် စီးပွားဖြစ်သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတို့ကို ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ် ဗဟိုသည် UNODC အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ ထုတ်လုပ်မှုလျှော့ချနိုင်ရေး၊ အစားထိုးဖွံ့ဖြိုးရေး စသည့် ကဏ္ဍအသီးသီးအပေါ် အခြေခံ၍ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း”**

# အာရှ-ပစိဖိတ်ဒေသတွင်း ငှက်ဖျားမိတ်ဖက်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အာရှ-ပစိဖိတ်ဒေသတွင်း ငှက်ဖျားမိတ်ဖက်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အာရှနှင့် ပစိဖိတ်ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ ခေါင်းဆောင်များသည် ဒေသတွင်း ငှက်ဖျားရောဂါပပျောက်ရေးကို ၂၀၃၀ ပြည့်နှစ်၌ အကောင်အထည်ဖော်နိုင်ရန် ကတိကဝတ်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုနှစ်များတွင် မဟာမဲခေါင်ဒေသရှိ နိုင်ငံများသည် ငှက်ဖျားရောဂါကို စစ်ဆေးရှာဖွေရေး၊ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ဆောင်ခဲ့ကြပါကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုသည် ၂၀၁၅ ခုနှစ်တွင် ၈၆ ရာခိုင်နှုန်းမှ ၂၀၁၆ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုပေါင်း ၁၁၀၁၄၆ ခုနှင့်




ငှက်ဖျားရောဂါကြောင့် သေဆုံးမှုပေါင်း ၂၁ ခုသာ ရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၂ ခုနှစ် ကိန်းဂဏန်းအချက်အလက်များနှင့် နှိုင်းယှဉ်ပါက ငှက်ဖျားရောဂါဖြစ်ပွားမှုပေါင်း ၇၇ ရာခိုင်နှုန်းနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုပေါင်း ၉၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါပပျောက်ရေးရည်မှန်းချက်နှင့်အညီ ဦးတည်ဆောင်ရွက်မှုများမှာ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊

ငှက်ဖျားရောဂါပပျောက်ရေး ဦးတည်ဆောင်ရွက်ချက်များ တိုးတက်အောင်မြင်လာသည်နှင့်အညီ အခြားတစ်ဖက်တွင်လည်း စိန်ခေါ်မှုများ၊ အဟန့်အတားများက စောင့်ကြိုလျက်ရှိပြီး အဆိုပါ စိန်ခေါ်မှုများတွင် Artemisinin ခေါ် ငှက်ဖျားဆေး ယဉ်ပါးမှု ပျံ့နှံ့ပေါ်ပေါက်ခြင်းကို ကာကွယ်ခြင်းနှင့် ပပျောက်အောင် ဆောင်ရွက်ခြင်းလည်း ပါဝင်ကြောင်း။

မဟာမဲခေါင်ဒေသတွင်း နိုင်ငံများသည် ငှက်ဖျားဆေးယဉ်ပါးမှုကို ဂရုတစိုက်ရှာဖွေဖော်ထုတ်ကာ ၂၀၂၅ ခုနှစ်တွင် ဖယ်ဆီပရမ်အမျိုးအစား ငှက်ဖျားပိုးကို ပပျောက်အောင် လုပ်ဆောင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားပိုးအမျိုးအစားအားလုံးကို ပပျောက်အောင် ဆောလျင်စွာဆောင်ရွက်ရန် လိုအပ်ပါသောကြောင့် ဒေသတွင်းနှင့် နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါပပျောက်စေရန် တစ်တပ်တစ်အား အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ "ONE REGION ONE STRATEGY TO ELIMINATE MALARIA" ဥပဒေသနှင့်အညီ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးမှ Director Dr. Swarup Sarkar နှင့် Asia Pacific Leaders Malaria Alliance မှ Ms. Ruby Shang တို့က အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# သမိုင်းရိပ်ထင် ဂန္ထဝင်ရုပ်ရှင်ကားများ

မြင့်ဆွေဦး

'သမိုင်းရိပ်ထင် ဂန္ထဝင်ရုပ်ရှင်ကားများ'ကို ရေးသားပြုစုသူမှာ ဆရာ ညီစေမင်းဖြစ်သည်။ ထိုစာအုပ်အတွက် ဆရာညီစေမင်းက သူ့အမှာစာမှာ ဒီစာအုပ်ရေးသားရခြင်း အကြောင်းကို တင်ပြထားသည်။

"လူအတော်များများက သမိုင်းဆိုရင် မဖတ်ချင်ဘူး၊ ခုနှစ်တွေ၊ နာမည်တွေမှတ်ရတာ ခက်တယ်လို့ ဆိုကြတယ်။ ဒါပေမယ့် ရုပ်ရှင်မကြည့်ချင်ဘူးလားဆိုတော့ ကြည့်ချင်တဲ့သူများပါတယ်။ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ ရုပ်ရှင်ကြည့်ရင်း သမိုင်းဗဟုသုတပါ ရပါစေလို့ ရည်ရွယ်ပြီး ဒီစာအုပ်ကို ရေးသားထုတ်ဝေလိုက်ပါတယ်။"

"သမိုင်းရိပ်ထင် ဂန္ထဝင်ရုပ်ရှင်ကားများ"တွင် ပါဝင်သော ရုပ်ရှင်များအကြောင်းကို ဆရာညီစေမင်းက ရုပ်ရှင်သစ္စာမဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ တင်ပြထားခြင်းဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကို သမိုင်းကြောင်းနှင့်ယှဉ်၍ ရုပ်ရှင်အကြောင်းကိုပါ နှိုင်းယှဉ်ရေးသားထားသည်။ ထိုရုပ်ရှင်များတွင် သမိုင်းထဲမှ ဖြစ်ရပ်မှန်များလည်း ပါဝင်သည်။ သမိုင်းမှာ အဖြစ်အပျက်များကို အခြေခံ၍ ဖန်တီးရေးဖွဲ့ထားသော ဇာတ်လမ်းများလည်း ပါဝင်လေသည်။ ဆရာညီစေမင်း ရေးသားတင်ပြထားသော ရုပ်ရှင်ဇာတ်ကားများမှာ ဂန္ထဝင်စာရင်းဝင် ရုပ်ရှင်များဖြစ်နေပြီဖြစ်သည်။ အော်စကာဆုများလည်း ရရှိခဲ့သည့် ရုပ်ရှင်ကားများလည်း ပါဝင်လေသည်။

ဆရာညီစေမင်းက ရုပ်ရှင်ဇာတ်ကားရိုက်ကူးဖန်တီးမှုအကြောင်းကိုလည်း ဗဟုသုတဖြစ်ဖွယ် ရေးသားခဲ့သည်။ ထိုအကြောင်းကို အောက်ပါအတိုင်း ရေးသားခဲ့သည်။

'ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်အဖြစ် ကူးပြောင်းတယ်ဆိုတာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့ ကိစ္စတစ်ခုပါ။ ရုပ်ရှင်ကြောင့် ဝတ္ထုဟာ ပိုအသက်ဝင် လာသလို ရုပ်ရှင်ကြောင့် မူရင်းဝတ္ထုတစ်ခုလုံး ပျက်စီးသွားရတာမျိုးလည်း ကြုံရတတ်ပါတယ်။ တစ်ခါတစ်ရံ ဝတ္ထုမူရင်းအတိုင်း ရုပ်ရှင်ရိုက်ရတာ အခက်အခဲရှိလို့ ပြုပြင်ပြောင်းလဲပြီးမှ ရိုက်ရတာမျိုးလည်း တွေ့ရတတ်ပါတယ်။ ဒီလိုအခါမျိုးမှာ ရုပ်ရှင်ဟာ မူရင်းဝတ္ထုနဲ့မတူ တစ်မူထူးခြားတဲ့ ရသတစ်ခုကို ပေးစွမ်းတာမျိုးလည်း ရှိတတ်တာ အမှန်ပါ။

သာမန်ဝတ္ထုများထက် ဂန္ထဝင်သမိုင်းဖြစ်ရပ်ကြီးများ၊ သမိုင်းဝင်ပုဂ္ဂိုလ်ကျော်ကြီးများနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ရုပ်ရှင်အဖြစ် ရိုက်ကူးတဲ့အခါမျိုးမှာ ပိုပြီးတာဝန်ကြီးပါတယ်။ ထိုးဇာတ်လို၊ ဒဏ္ဍာရီရာဇဝင်လို ဇာတ်လမ်းမျိုးတွေကို ရုပ်ရှင်ရိုက်ရာမှာ အထူးအရေးမကြီးလှပေမယ့် တကယ့်သမိုင်းဝင် ပုဂ္ဂိုလ်များကိုပါ ဇာတ်ကောင်အဖြစ် ထည့်သွင်းရိုက်ကူးရာမှာ အတိမ်းအစောင်း နည်းနိုင်သမျှနည်းအောင် အထူးသတိကြီးကြီးထားဖို့ လိုအပ်လှပါတယ်။ ဒီနေရာမှာ ရာဇဝင်ဝတ္ထုများရေးသားခြင်းနဲ့ ပတ်သက်တဲ့ ဆရာသူရိယကန္တိရဲ့ အဆိုအမိန့်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါလိမ့်မယ်။'

ဆရာသူရိယကန္တိက "ရာဇဝင်ဝတ္ထုရေးသည်မှာ စာရေးဆရာ၏ ဉာဏ်သွားတည်းဟူသောမြင်းကို ရာဇဝင်ခုံတိုင်၌ ကြိုးရှည်ရှည်နှင့် လှန်ထားသည်နှင့် တူ၏။ မည်မျှကြိုးရှည်စေကာမူ ခုံတိုင်မှ လွတ်၍ မသွားနိုင်"

ရာဇဝင်ဝတ္ထုရေးသားရာ၌-

(၁) ရာဇဝင်အမျိုးမျိုးကို ကျွမ်းကျင်ရမည်။

(၂) ထိုရာဇဝင်၏ ဖြစ်ရာဒေသ၊ ဌာန၊ အဆောက်အအုံတို့ကိုလည်း သေချာကျနစွာ သိရှိထားရမည်။

(၃) ရာဇဝင်ဝတ္ထု၏ အကြောင်းအရာ အဖြစ်အပျက်များ ပေါ်ပေါက်ရာ အချိန်ကာလသမယတို့ကိုလည်း စေ့စေ့ငုငု သိရမည်။

(၄) ရာဇဝင်ဝတ္ထု၏ ဇာတ်လိုက်များ၏ပုံသဏ္ဌာန် ကြန်အင်လက္ခဏာ အသွင်အပြင်၊ အနေအထိုင်၊ အမူအရာ၊ အပြောအဆို၊ အသုံးအနှုန်း၊ အဝတ်အစား စသည်တို့ကို ခရေစေ့တွင်းကျ ဂဃနဏ သေသေချာချာ သိရမည်။

(၅) ဇာတ်လမ်းဇာတ်သွား သယ်ယူရာ၌လည်း ရာဇဝင်နှင့် သီသီမှ မလွဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည်။ဖော်ပြပါ အချက်ကြီးငါးပါးနှင့် ပြည့်စုံမှ ရာဇဝင်ဝတ္ထုကောင်းလို့ဆိုနိုင်သလို ရာဇဝင်ဇာတ်ကားများ ရိုက်ကူးရာမှာလည်း ဤအချက်ကြီး ငါးပါးနှင့် ပြည့်စုံအောင် ရိုက်ကူးပါမှ ရာဇဝင်ဇာတ်ကားကောင်း ဖြစ်ပါလိမ့်မည်။

မူရင်းစာရေးဆရာက သူ့ဝတ္ထုထဲမှာ ရတနာပုံမြို့တော်က ကုလားရွာထဲမှာရှိတဲ့ တရုတ်စားသောက်ဆိုင်တစ်ဆိုင်ကို ရေးဖွဲ့ခဲ့ပါတယ်။ ရတနာပုံခေတ်က နိုင်ငံခြားသားမှန်သမျှကို (ဥရောပတိုက်သားရော၊ အိန္ဒိယနိုင်ငံသားကိုပါ)ကုလားလို့ပဲ ခေါ်ဝေါ်သုံးစွဲခဲ့ပါတယ်။ အဲဒီခေတ်က ကုလားရွာဆိုတာ နိုင်ငံခြားသားများ၊ ဥရောပတိုက်သားများ အများဆုံးနေထိုင်ရာ နန်းမြို့ရိုးရဲ့ အနောက်ဘက်က ပုလဲငွေရောင်နဲ့ မေဃဂီရိရပ်ကွက်များကို ဆိုလိုတာပါ။ ဒီလို ဥရောပတိုက်သားများ နေထိုင်ရာ ရပ်ကွက်မှာ တရုတ်စားသောက်ဆိုင်ရှိတာ သဘာဝကျပါတယ်။ ဒါပေမယ့် ဒါရိုက်တာဖြစ်သူက စာရေးဆရာ၏ အရေးအသားကို အဓိပ္ပာယ်ကောက်လွဲပြီး ကုလားရွာဆိုသည်ကို တကယ့်ကုလား အိန္ဒိယလူမျိုးများ၏ရွာအဖြစ် ဆာရီတွေ၊ ဒိုတီတွေ၊ သိုးအုပ်တွေ၊ ဆိတ်အုပ်တွေနှင့် ဖန်တီးလိုက်သည့်အခါမှာတော့ တကယ့်ကုလားရွာထဲမှာတောင် စားသောက်ဆိုင် လာဖွင့်နိုင်လောက်အောင် စီးပွားရေးအမြင်ကျယ်သည့် တရုတ်လို့ ကောက်ချက်ချရမလိုဖြစ်သွားပါတယ်။

နောက်တစ်ခါ စာရေးဆရာက သံရုံးလို့သာ ယေဘုယျဖော်ပြထားပြီး ဘယ်လို အဆောက်အအုံမျိုးဖြစ်တယ်ဆိုတာ အတိအကျ ဖွင့်ဆိုမထားသည့်အတွက် ဘယ်လိုအဆောက်အအုံဖြစ်တယ်ဆိုတာ ဆုံးဖြတ်ဖို့၊ သုတေသနလုပ်ဖို့က ဒါရိုက်တာ၏ တာဝန်ပါ။ ကုန်းဘောင်ခေတ်နှောင်းပိုင်း သံရုံးအဆောက်အအုံများ ဘယ်လိုရှိသည်ဆိုသည်ကို ဒါရိုက်တာက နည်းနည်းလောက်အပင်ပန်းခံပြီး လေ့လာလိုက်မယ်ဆိုရင် . . . မင်းတုန်းမင်းနန်းတက်စက အမရပူရမှာရှိသည့် သံတဲရိပ်သာနှင့် ပတ်သက်ပြီး နေပြည်တော်ကို အင်္ဂလိပ်သံအဖွဲ့နှင့်အတူ အဲဒီအချိန်က လိုက်ပါခဲ့ဖူးသည့် ဟင်နရီယူးလ်က အောက်ပါအတိုင်း မှတ်တမ်းတင်ထားကြောင်း မြင်ကေတု၏ (အမရပူရသံတဲ) ဆောင်းပါးအရ သိရပါသည်။

ထိုသံတဲရိပ်သာအိမ်တွင် ထုပ်၊ လျှောက်၊ ရက်မတွဲကို ကျွန်းသစ်ဖြင့် ပြုလုပ်ထားစေကာမူ အိမ်နံရံအကာနဲ့ အခင်းမှာ ဝါးကြမ်းခင်း၍ ဇလီသတ်ဝါးထရံကာထားပါသည်တဲ့။

အထောက်အထားများက မည်သို့ပင်ဆိုစေကာမူ ကိုလိုနီခေတ် ဗိသုကာလက်ရာ အဆောက်အအုံကြီးတစ်ခုကို ကုန်းဘောင်ခေတ်နှောင်းပိုင်းက သံရုံးအဖြစ် အသုံးပြုပြီး ရုပ်ရှင်ရိုက်ကူးလိုက်သည့်အခါ မြန်မာဘုရင်ကိုယ်တိုင် တစ်ထပ်ကျွန်းသား အဆောက်အအုံထဲမှာ စံမြန်းနေရချိန် နိုင်ငံခြားသံရုံးက အဖွေ့ထက် သားတစ်လကြီးနေတာကတော့ အမြင်မတော် ဆင်တော်နဲ့ခလောက်ဆိုသလို ဖြစ်သွားတာပေါ့။

"သမိုင်းရိပ်ထင် ဂန္ထဝင်ရုပ်ရှင်ကားများ" စာအုပ်သည် ဂန္ထဝင်သမိုင်းဖြစ်ရပ်မှန်များ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ အကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်ကားများအကြောင်း ရေးသားထားခြင်းဖြစ်သဖြင့် ထိုရုပ်ရှင်ကားများကို ကြည့်ရှုသူများတွင် အညွှန်းစာအုပ်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

'လွင့်ပါး၊ ပျက်ပြယ်သွားသော အိပ်မက်များ'မှာ အမေရိကန်စာရေးဆရာမ မာဂရက်မစ်ချယ်၏ ကမ္ဘာကျော် Gone with the wind ဝတ္ထုကြီးကို အခြေပြုပြီး ဤနာမည်အတိုင်း ရိုက်ကူးထုတ်လုပ်ခဲ့သည့် ဇာတ်လမ်းပါ။ စာရေးဆရာမ မာဂရက်မစ်ချယ်ဟာ ထိုဝတ္ထုရှည်ကြီး တစ်အုပ်ကိုသာ ရေးသားခဲ့သူဖြစ်သည်။ ဤဝတ္ထုကြီးသည် တစ်အုပ်ဆို ဆိုသလောက် ထူးခြားပြောင်မြောက်လှသည့် ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ပါ။

အမေရိကန်တောင်ပိုင်းသူတစ်ဦးဖြစ်သည့် မာဂရက်မစ်ချယ်သည် သူကိုယ်တိုင် မသိမမီဖူးလိုက်သော်လည်း သူ့ဘိုးကြီးဘွားကြီး၊ အဖေအမေ၊ ဦးလေး၊ အဒေါ်တို့ ကြုံကြိုက်ခဲ့ရသည့် အမေရိကန်ပြည်တွင်းစစ် ၁၈၆၁-၁၈၆၅ ကာလသမိုင်းဖြစ်ရပ်များကို နောက်ခံထားပြီး ရေးဖွဲ့ခဲ့သည့် ဝတ္ထုကြီးပါ။ ထိုဝတ္ထုကြီး၏နောက်ခံသမိုင်းဖြစ်ရပ်ကြီးတစ်ခုဖြစ်သည့် အမေရိကန် ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာပုံကို ဆရာညီစေမင်းက ဆောင်းပါးတွင် အကျဉ်းမျှသာ ရေးသားခဲ့တာ တွေ့ရပါသည်။ ဤပြည်တွင်းစစ်ကာလအတွင်း တိုက်ပွဲအများစုဟာ တောင်ပိုင်းမှာ ဖြစ်ပွားခြင်းပါ။ ထို့ကြောင့် တောင်ပိုင်းပြည်နယ်များ၏ စီးပွားရေးသည် စစ်ဒဏ်ကို အလူးအလဲခံလိုက်ရသည့်အတွက် အတော်နှင့် နာလန်မထူခဲ့ပေ။ လယ်ယာစိုက်ပျိုးရေး ပျက်စီးခဲ့သည်။ အဓိကမြို့ကြီးများဖြစ်သည့် အတ္တလန္တာနှင့် ရစ်ချတွန်တို့ ပြာပုံဘဝ ရောက်ခဲ့ရသည်။ ထို့ကြောင့် တောင်ပိုင်းသား ကျွန်းပိုင်ရှင် စိုက်ခင်းရှင်တို့၏ ပျော်စရာအတိ ပြည့်နေခဲ့သည့် လောကီစည်းစိမ်သုခများသည် လေနှင့်အတူ ပျောက်ကွယ်လွင့်ပါးခဲ့ရသည်။

ထို့ကြောင့် အမေရိကန်ပြည်တွင်းစစ် နောက်ခံဝတ္ထုကြီးကို Gone with the wind ဟု မာဂရက်မစ်ချယ်က အမည်ပေးခဲ့ဟန်တူပါသည်။ ထိုဝတ္ထုကြီးထဲတွင် အမေရိကန်ပြည်တွင်းစစ်နှင့် ပတ်သက်ပြီး အရှိကို အရှိအတိုင်း ရေးဖွဲ့ခဲ့သည်ဟုဆိုသော်လည်း တောင်ပိုင်းမှ ကျွန်းပိုင်ရှင် စိုက်ခင်းရှင် မိသားစုက ဆင်းသက်လာသူပီပီ တောင်ပိုင်းပြည်နယ်များဘက်က မသိမသာ စာနာထောက်ခံရေးသားထားသည်ကိုလည်း တွေ့ရှိနိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် ဤကမ္ဘာကျော်ဝတ္ထုကြီး၏ အားကောင်းချက်မှာ ဇာတ်လမ်းထက် လူ့စရိုက် အဖွဲ့အနွဲ့ပါ။

ဤကဲ့သို့ အားကောင်းလှသည့် ဇာတ်ကောင်စရိုက်များနှင့် တန်ဆာဆင်မွမ်းမံထားသည့် Gone with the wind ဝတ္ထုကြီးကို ၁၉၃၉ ခုနှစ်မှာ MGM နှင့် Selnik ကုမ္ပဏီတို့က ရုပ်ရှင်အဖြစ် ရိုက်ကူးထုတ်လုပ်သည့်အခါ ရာစုနှစ်၏ အကောင်းဆုံးစာရင်းဝင်နိုင်လောက်အောင် ပြောင်မြောက်သည့် အောင်မြင်မှုများရရှိခဲ့ပါသည်။

ဂန္ထဝင်ဝတ္ထုကြီးကို တတ်နိုင်သမျှ မူရင်းရသမပျက်ရိုက်ကူးရသည်ဖြစ်ရာ ပြသချိန်မှာ မိနစ်၂၂၀ အထိရှိပါသည်။ ထုတ်လုပ်သူက ဒေးဗစ်ဆဲလ်ဇနစ်က်၊ ဒါရိုက်တာက ဗစ်တာဗလင်းဟင်ပါ။ ဤဇာတ်ကားကို ထုတ်လုပ်သူ ဒေးဗစ်ဆဲလ်ဇနစ်က်သည် ဝတ္ထုအတွင်း ပုံတူကူးရိုက်ရုံမျှမကဘဲ ဝတ္ထုထက်ပို၍ ကြိုက်စေရမည်ဆိုသည့် သန္နိဋ္ဌာန်နှင့် အရောင်၊ ဝတ်စုံ၊ ဂီတ၊ ဒီဇိုင်းကအစ အစစအရာရာကို အသေးစိတ် ကျကျနန စီမံရိုက်ကူးစေခဲ့ပါသည်။

ယခုခေတ်လို ကွန်ပျူတာ Effect စသည့် အထူးဖန်တီးချက်များ မပါဝင်ဘဲ လူအင်အားကို အလုံးလိုက် အရင်းလိုက် စနစ်တကျအသုံးချပြီး ထောင့်စေ့အောင် ရိုက်ကူးနိုင်ခဲ့ပါသည်။ ဒါရိုက်တာနှင့် ကင်မရာဆရာတို့၏ ပညာစွမ်းကို အံ့မခန်းတွေ့ရသည်က အတ္တလန္တာမြို့ကြီး စစ်တလင်းဖြစ်ရသည့် ရိုက်ကွင်းပါပဲ။ အတ္တလန္တာမြို့လယ် လမ်းမကြီးပေါ်မှာ ဒဏ်ရာရထားသည့် တောင်ပိုင်းသားများကို အနီးကပ်ရိုက်ချက်မှ အဝေးကို ဝေးနိုင်သမျှ ဆွဲယူသွားပြီး မြင်ကွင်းတစ်ခုလုံး ခြုံပြလိုက်ပုံများ ရင်သပ်ရှုမော အံ့သြလောက်ပါပေရဲ့။ ထိုအချိန်က ရိုက်ကူးခဲ့သည့် ဤဇာတ်ကားနှင့် ဘက်ပေါင်းစုံလက်ရာကိုမီအောင် ယခုခေတ်မှာ မည်သူများ ရိုက်ကူးချင်ပါသလဲ။

ဆရာညီစေမင်းက ကမ္ဘာ့သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ယောက်အကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားတစ်ခုအကြောင်းကို သူတော်စင်ရဲ့ဘဝကြမ်းဟူ၍ ဆောင်းပါးရေးသားတင်ပြခဲ့သည်။

သူ့ကို အိန္ဒိယပြည်သူများက သူတော်စင်အဖြစ် ကိုးကွယ်ကြသလို ဂုရုကြီးအဖြစ်လည်း ဆည်းကပ်ကြသည်။ အမျိုးသားခေါင်းဆောင်အဖြစ် ကြည်ညိုကြသလို လွတ်လပ်ရေးဖခင်အဖြစ်လေး စားကြသည်။ သို့သော်လည်း သူဟာ ဗြိတိသျှကိုလိုနီ နယ်ချဲ့သမားများအတွက်တော့ ဆူးငြောင့်ခလုတ်ကန်သင်းတစ်ခု၊ သူတို့ရဲ့ ကိုလိုနီကျွန်ပြုအုပ်ချုပ်ရေးကို အန်တုဖက်ပြိုင်နေသူတစ်ယောက်။

တကယ်တော့ သူဟာ အဖျားထစ်များကို ပြေပြစ်စေသူ၊ ကွာဟမှုများကို နီးစပ်စေသူ၊ ခြားနားမှုများကို တူညီစေသူ၊ တစ်ခေတ်မှာ တစ်ယောက် ပေါ်ပေါက်ခဲ့သည့် ညီညွတ်ရေးဗိသုကာတစ်ဦး။ တစ်နည်းဆိုရလျှင် အိန္ဒိယနိုင်ငံလို လူဦးရေကများ၊ အတန်းအစားတွေက အထွေထွေ၊ ဇာတ်တွေကအကွဲကွဲ၊ ဘာသာရေးတွေကလည်း အဖုံဖုံ ကွဲပြားမှုမျိုးစုံနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံးကို လွတ်လပ်ရေးဆိုတဲ့ တူညီသည့် တစ်ခုတည်းသော အခြေခံမှုပေါ်မှာ တစုတစည်းရှိစေခဲ့သူပါ။ သူကတော့ မဟတ္တမဂန္ဒီပါ။

ဘာပဲဖြစ်ဖြစ် မဟတ္တမဂန္ဒီဟာ နိုင်ငံရေးအရရော၊ ကိုယ်ကျင့်တရားအရပါ သန့်စင်ဖြူစင်တဲ့ ရှေ့ဆောင်လမ်းထွင် ပုဂ္ဂိုလ်အကျော်အမော်တစ်ဦးပါ။ အဟိံသလမ်းစဉ်ကို တစ်လျှောက်လုံးကိုင်စွဲခဲ့သည့် သူတော်စင်ကြီးသည် အဟိံသဝါဒကြောင့် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်ကတော့ အိန္ဒိယပြည်သူများအတွက်သာမက ကမ္ဘာ့ပြည်သူများအတွက်ပါ ရင်ထုမနာဖြစ်စရာပါ။

ဤကဲ့သို့ မြင့်မြတ်သည့် နိုင်ငံရေး သူတော်စင် မဟတ္တမဂန္ဒီ၏ အတ္ထုပ္ပတ္တိကို အခြေခံပြီး Gandhi ဆိုသည့် ရုပ်ရှင်ဇာတ်ကား တစ်ကားကို ၁၉၈၂ ခုနှစ်မှာ ရစ်ချတ်အက်တင်ဘာရိုက ရိုက်ကူးထုတ်လုပ်ခဲ့ပါသည်။ ဤဇာတ်ကားထဲတွင် ဂန္ဒီအဖြစ် ဘင်ကင်စလေက သရုပ်ဆောင်ခဲ့ပြီး အထူးပြောင်ပြောင်မြောက်မြောက် သရုပ်ဆောင်နိုင်ခဲ့ပါသည်။ အကောင်းဆုံးဇာတ်ကားဆု၊ အမျိုးသား သရုပ်ဆောင်ဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆုများ အပါအဝင် စုစုပေါင်းအော်စကာဆုပေါင်း ရှစ်ဆုဆွတ်ခူးနိုင်ခဲ့သည်အထိ အထူးအောင်မြင်မှုရရှိခဲ့ပါသည်။ ဂန္ဒီသည် အိန္ဒိယနိုင်ငံ၏ ခေတ်သစ်သမိုင်းမှာ ရှေ့ဆုံးတန်းက ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံ၏ ခေတ်သစ်သမိုင်းနှင့် တစ်သားတည်းကျနေသည်ကို ရုပ်ရှင်ဇာတ်ကားထဲမှာ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

ဇာတ်လမ်းကို သူတော်စင်၏ ရင်ထုမနာဖြစ်စရာဘဝနေဝင်ချိန်နှင့် အစပြုထားပါသည်။ မိုက်ရူးရဲ အစွန်းရောက်ဝါဒီတစ်ဦး၏ လက်တစ်ဖက်သည် သန်းပေါင်းများစွာသော ပြည်သူများ၏ မျက်ရည်စက်များကို ဖန်တီး လိုက်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး အပြီးမှာတော့ ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်ရေး လှုပ်ရှားမှုများနှင့်အတူ တစ်ဆက်တည်း ပေါ်ပေါက်လာသည်က အိန္ဒိယနှင့် ပါကစ္စတန်ပြဿနာ၊ ကက်ရှ်မီးယားအရေးအခင်း၊ အဟိံသတရားကိုသာ ဦးထိပ်ထားသည့် ဂန္ဒီအတွက် ဤဖြစ်ရပ်များသည် စိတ်မချမ်းသာစရာ။ ဂန္ဒီသည် သူသုံးနေကျလက်နက်ကို ကိုင်စွဲပြီး ပြေလည်အောင်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယာယီအခိုက်အတန့်မျှသာ။ ဂန္ဒီသည် လွတ်လပ်ခါစ အိန္ဒိယနိုင်ငံ၏ဘဝကို သူ၏သာဝကတစ်ဦးဖြစ်သူ ဂျဝါဟာလာနေရူးလက်ထဲ အောင်မြင်စွာ အပ်နှံနိုင်ခဲ့သည်။ သူ့အနေနှင့်တော့ အဆောင်ဆောင် အခန်းခန်းနှင့် အချိန်ဖြုန်းဖို့စိတ်မကူး။ နေ့စဉ် ဝတ်တက်ဝတ်ကပ်ပြုရင်း လာရောက်ဂါရဝပြုကြသူ လူအုပ်ကြီးကို တွေ့ဆုံနှုတ်ဆက် မေတ္တာပို့သရင်း အချိန်ကုန်လွန်စေခဲ့သည်။ ရောမအများတကာအများစု ပြည်သူလူထုကြီးက ဂန္ဒီကို ချစ်ခင်ကြည်ညိုကြသော်လည်း အယူသီး ဘာသာရေးဂိုဏ်းအုပ်စု တစ်စုကတော့ ဒီလိုမဟုတ်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ၏ နေ့တစ်နေ့မှာ. . ။

ဆရာညီစေမင်းသည် သမိုင်းရိပ်ထင် ဂန္ထဝင်ရုပ်ရှင်ကားများတွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကို သမိုင်းကြောင်းရော ရုပ်ရှင်ဇာတ်ကားအကြောင်းကိုပါ ပြည့်ပြည့်စုံစုံ ထောင့်စေ့အောင် တင်ပြထားသည်။ ထိုရုပ်ရှင်ကားများသည် ယနေ့ခေတ်တွင် အလွယ်တကူ ရှာဖွေရရှိနိုင်သဖြင့် စိတ်ဝင်စားသူ ရုပ်ရှင်ဝါသနာအိုးများအနေဖြင့် ထိုရုပ်ရှင်ဇာတ်ကားများကို မကြည့်ရှုခင် ဆရာညီစေမင်း၏ ရုပ်ရှင်အညွှန်းကို ဖတ်နိုင်ပြီး ရသအပြည့်ခံစားနိုင်လိမ့်မည်ဖြစ်သည်။ ။

**"ဆရာညီစေမင်းသည် သမိုင်း အရိပ်ထင် ဂန္ထဝင်ရုပ်ရှင်ကားများတွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကို သမိုင်းကြောင်းရော ရုပ်ရှင်ဇာတ်ကားအကြောင်းကိုပါ ပြည့်ပြည့်စုံစုံ ထောင့်စေ့အောင် တင်ပြထားသည်။ ထိုရုပ်ရှင်ကားများသည် ယနေ့ ခေတ်တွင် အလွယ်တကူ ရှာဖွေရရှိနိုင်သဖြင့် စိတ်ဝင်စားသူ ရုပ်ရှင်ဝါသနာအိုးများ အနေဖြင့် ထိုရုပ်ရှင်ဇာတ်ကားများကို မကြည့်ရှုခင် ဆရာညီစေမင်း၏ ရုပ်ရှင် အညွှန်းကို ဖတ်နိုင်ပြီး ရသအပြည့် ခံစားနိုင်လိမ့်မည်ဖြစ် . . ."**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ**
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉။)
၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**
**စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**
**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ (က) ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။
(ဂ) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(၁) **သက်ဆိုင်ရာဥပဒေ**ဆိုသည်မှာနိုင်ငံတော်၏အတည်ဖြစ်လျက်ရှိသောဥပဒေများဖြစ်ပြီး သက်ဆိုင်ရာကိစ္စရပ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိသော ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့် တစ်ရပ်ရပ်ကို ဆိုသည်။
(၂) **တွဲဖက်လုပ်ကိုင်သူ**ဆိုသည်မှာ -
(ကက) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့်အခါတွင်-
(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊
(၂) ဆက်စပ်သည့်အဖွဲ့အစည်း၊
(၃) ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးနှင့်
(၄) ကုမ္ပဏီကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံရသော ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။
(ခခ) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး (ကုမ္ပဏီတစ်ခုအပါအဝင်)နှင့် သက်ဆိုင်သည့်အခါတွင်-
(၁) သက်ဆိုင်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဦး သို့မဟုတ်
(၂) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ အခြားနည်းတစ်ရပ်ရပ်ဖြင့် တရားဝင်သော်လည်းကောင်း၊ တရားမဝင်သော်လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက် ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်
(၃) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့်တစ်ဦးဦးကိုဆိုသည်။
(ဂဂ) သို့သော်အောက်ပါအကြောင်းကြောင့်မျှဖြင့် ပုဒ်မခွဲငယ်စိတ်(ကက)သို့မဟုတ် ပုဒ်မခွဲငယ်စိတ်(ခခ) အရ တွဲဖက်လုပ်ကိုင်သူတစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့်ကိစ္စရပ်တွင်မျှ ထည့်သွင်းခြင်းမပြုရ-
(၁) အတတ်ပညာဆိုင်ရာကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့ အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စားပြုလုပ်ဆောင်ရွက်ခြင်း သို့မဟုတ်
(၂) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီတွင် ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားအဖြစ် ခန့်အပ်ခံရခြင်း။
(၃) **အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ**ဆိုသည်မှာ ဤဥပဒေတွင်ပါရှိသော ကိစ္စရပ်အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန်အလို့ငှာ ပြည်ပကော်ပိုရေးရှင်းတစ်ခုက ခန့်အပ်ထားသော နိုင်ငံတော်အတွင်း အများအားဖြင့်နေထိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။
(၄) **ဘုတ်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့**ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့အဖြစ် အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကိုဆိုသည်။ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါဒါရိုက်တာအဖွဲ့ဆိုသည်မှာ ထိုဒါရိုက်တာတစ်ဦးကိုဆိုသည်။
(၅) **ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီ တစ်ခုခုကို ဆိုသည်။
(၆) **ကြွေးမြီပေးဆပ်ရသူ** ဆိုသည်မှာ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ ငွေကြေးထည့်ဝင်ရန် တာဝန်ရှိသူများ အားလုံးကိုဆိုသည်။ ထို့ပြင် မည်သူများသည် ကြွေးမြီပေးဆပ်ရသူများဖြစ်သည်ဆိုသည်ကို ဆုံးဖြတ်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများနှင့် အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်မီ တရားစွဲဆိုဆောင်ရွက်မှုများတွင် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု စွပ်စွဲဖော်ပြခံရသူများလည်း ပါဝင်သည်။
(၇) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤဥပဒေမှအပ အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အပါအဝင် အခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့ အဖွဲ့အစည်းတစ်ရပ်ကို ဆိုသည်။
(၈) **တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကိုဆိုသည်။
(၉) **ဒီဘင်ချာ** ဆိုသည်မှာ ကုမ္ပဏီမှ ချေးယူထားသော ငွေအတွက် အဆိုပါကုမ္ပဏီမှ ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။ ယင်းတွင် ဒီဘင်ချာစတော့ရှယ်ယာလည်း ပါဝင်သည်။
(၁၀) ဤဥပဒေတွင်ပါရှိသောကိစ္စရပ်များအတွက် **ဒါရိုက်တာ**ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏-
(ကက) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူဖြစ်ပြီး အဆိုပါရာထူးနေရာတွင် ထမ်းဆောင်နေသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်
(ခခ) ဒါရိုက်တာ သို့မဟုတ် အလှည့်ကျဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခြင်းမခံရသော်လည်း အောက်ပါအတိုင်း ဆောင်ရွက်နေသူတစ်ဦးဦးကို ဆိုသည်-
(၁) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခြင်းခံရသကဲ့သို့ ထမ်းဆောင်နေသူ သို့မဟုတ်
(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများကို ၎င်း၏ညွှန်ကြားချက် သို့မဟုတ် ဆန္ဒနှင့်အညီ လိုက်နာဆောင်ရွက်စေရန် သို့မဟုတ် ထိုသို့လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားချက်ပေးသူ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်သူ သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုအား ထိန်းချုပ်သူ။

ပုဂ္ဂိုလ်တစ်ဦး၏ အတတ်ပညာဆိုင်ရာ လုပ်ငန်းတာဝန်များကို လျော်ကန်စွာဆောင်ရွက်၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြံပေးမှုကြောင့် သို့မဟုတ် အဆိုပါပုဂ္ဂိုလ်သည် ဒါရိုက်တာများ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှုရှိခြင်းတို့ကြောင့် ဒါရိုက်တာများက လိုက်နာဆောင်ရွက်သည်ဆိုသော အကြောင်းမျှဖြင့် ဤပုဒ်မခွဲငယ်၏ ပုဒ်မခွဲငယ်စိတ်(ခခ)၊ (၂)ပါ ပြဋ္ဌာန်းချက်အား ကျင့်သုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။
(၁၁) **တည်ဆဲကုမ္ပဏီ** ဆိုသည်မှာ ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုခုကို ဆိုသည်။
(၁၂) **ကျွမ်းကျင်သူ**ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် အင်ဂျင်နီယာ၊ တန်ဖိုးသတ်မှတ်သူ၊ စာရင်းကိုင်နှင့် ရေးသားဖော်ပြချက်တစ်ရပ်ပြုစုရာတွင် အတတ်ပညာဆိုင်ရာ ခွင့်ပြုချက်ပေးရသူတစ်ဦးဦးကို ဆိုသည်။
(၁၃) **ငွေကြေးအထောက်အပံ့** ဆိုသည်တွင် ငွေချေးခြင်း၊ အာမခံလက်မှတ်ပေးခြင်း၊ အာမခံခြင်း၊ တာဝန်တစ်ရပ်ရပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ် အခြားတစ်ခုခုကို စွန့်လွှတ်ခြင်းအားဖြင့် ငွေကြေးအထောက်အပံ့ပေးခြင်းတို့ ပါဝင်သည်။
(၁၄) **နိုင်ငံခြားကုမ္ပဏီ**ဆိုသည်မှာပြည်ပကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့ပေါင်းစည်းလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ပိုင်ဆိုင်မှုပမာဏ ၃၅ ရာခိုင်နှုန်းအထက် ပိုမိုသည့်ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီကိုဆိုသည်။
(၁၅) ကုမ္ပဏီတစ်ခုနှင့်ဆက်နွှယ်နေသည့် **အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ**ဆိုသည်မှာ ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကို ဆိုသည်။
(၁၆) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းကိုဆက်ခံသည့်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။
(၁၇) **အရာရှိ (Officer)** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် အောက်ပါတို့အား ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -
(ကက) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းအားလုံးကိုလည်းကောင်း၊ အဓိကအပိုင်းကိုလည်းကောင်း အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်သူ သို့မဟုတ်
(ခခ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာတောင့်တင်းမှုကိုသိသာစွာ အကျိုးသက်ရောက်စေနိုင်သည့် ရာထူးနေရာအား ရရှိထားသူ။
(၁၈) **အော့ပ်ရှင်(option)**ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း သဘောတူညီထားသည့် ဈေးနှုန်းဖြင့် အစုရှယ်ယာများ သို့မဟုတ် သက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်နိုင်သည့် အခွင့်အရေးကိုဆိုသည်။
(၁၉) **အများအားဖြင့်နေထိုင်သူ** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူ သို့မဟုတ် ၁၂ လတာ ကာလတစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက်နေထိုင်သူကိုဆိုသည်။ ၁၂ လတာကာလ ဆိုသည်-
(ကက) တည်ဆဲကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းဖြစ်ပါက ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်ရမည်။
(ခခ) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းမှတ်ပုံတင်သည့်နေ့မှ စတင်ရမည်။
(၂၀) **သာမန်ဆုံးဖြတ်ချက်** ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင်ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့်ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။
(၂၁) **ပြည်ပကော်ပိုရေးရှင်း** ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဆိုသည်။
(၂၂) **ပိုင်ဆိုင်မှုအကျိုးခံစားခွင့်** ဆိုသည်မှာ ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့်တစ်ရပ်ကိုဆိုသည်။ အောက်ဖော်ပြပါနည်းလမ်းများအပါအဝင် ကုမ္ပဏီတစ်ခုတွင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်များကို ရရှိနိုင်သည် -
(ကက) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း၊သို့မဟုတ်
(ခခ) ဖော်ပြပါ ကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့်အခြားကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း သို့မဟုတ်
(ဂဂ) ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသောသူအဖြစ် သဘောတူညီချက်ရှိခြင်း။
(၂၃) **သတ်မှတ်ဖော်ပြထားသည့်** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ဇယားသို့မဟုတ် ပုံစံအရဖြစ်စေ၊ ယင်းတို့တွင်ဖြစ်စေ သတ်မှတ်ဖော်ပြထားသည့်အကြောင်းအရာသို့မဟုတ် ကိစ္စရပ်များကိုဆိုသည်။
(၂၄) **ယခင်ဥပဒေ** ဆိုသည်မှာ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ဆိုသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ သတင်းထုတ်ပြန်ကြေညာချက်

**(ယမန်နေ့မှ အဆက်)**

၈။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ လက်ထက်တွင် (၅/၂၀၁၆)မှ (၁၁/၂၀၁၇)အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ အသုံးမပြုပိုလျှံ၍လည်းကောင်း၊ မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ရန်လည်းကောင်း၊ အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် လည်းကောင်း ပြန်လည်စွန့်လွှတ်မှုအပေါ် သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီလက်ထက် ပြန်လည်စွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှုအခြေအနေ**

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်းစွန့်လွှတ်မြေ (ဧက) | | စိုက်ပျိုးမြေအဖြစ် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည့် ဧက | စိုက်ပျိုးမြေမဟုတ်သော နိုင်ငံပိုင်မြေအဖြစ် ထိန်းသိမ်းထားရှိမည့် ဧက | အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းရန် စွန့်လွှတ်သည့် ဧက |
|---|---|---|---|---|---|---|
| | | အမှု | ဧက | | | |
| ၁ | နေပြည်တော် | ၆ | ၂၆၂. ၅၂၀၀ | ၆၉. ၆၂၀၀ | ၁၉၂. ၉၀၀၀ | - |
| ၂ | ကချင် | ၁၈၇ | ၂၈၄၃၉. ၄၉ | ၅၇၆၀. ၇၉ | ၂၂၆၇၈. ၇ | - |
| ၃ | ကယား | ၅ | ၂၁၄. ၇၄၈၀ | ၁၅. ၀၀၀၀ | ၁၉၇. ၃၃၈၀ | ၂. ၄၁၀၀ |
| ၄ | ကရင် | ၁၅ | ၂၉၃. ၀၈၈၀ | ၄၁. ၆၃၀၀ | ၂၃၆. ၃၂၀၀ | ၁၅. ၁၃၈၀ |
| ၅ | ချင်း | ၃ | ၁၁. ၆၄၆၀ | ၁၁. ၂၂၀၀ | - | ၀. ၄၂၆၀ |
| ၆ | စစ်ကိုင်း | ၁၄၂ | ၄၈၄၂၀. ၆၂၈၀ | ၂၁၃၆၀. ၉၇၇၀ | ၂၆၉၈၇. ၁၀၆၀ | ၇၂. ၃၄၅၀ |
| ၇ | တနင်္သာရီ | ၁၆ | ၃၃၃. ၀၆၂၀ | ၂၆. ၂၄၀၀ | ၂၇၄. ၇၇၃၀ | ၃၂. ၀၄၉၀ |
| ၈ | ပဲခူး | ၇၅ | ၉၇၄၃. ၇၂၃၅ | ၄၃၄၃. ၁၂၃၅ | ၅၃၉၇. ၆၁၀၀ | ၂. ၉၉၀၀ |
| ၉ | မကွေး | ၃၆ | ၃၅၆၀. ၄၁၃၀ | ၅၀. ၅၄၅၀ | ၃၂၀၇. ၄၇၈၀ | ၃၀၂. ၃၉၀၀ |
| ၁၀ | မန္တလေး | ၃၂ | ၉၅၈၅. ၂၇၃၀ | ၇၅၈. ၈၂၀၀ | ၇၆၀၆. ၂၆၁၀ | ၁၂၂၀. ၁၉၂၀ |
| ၁၁ | မွန် | ၁၀ | ၂၅၄. ၀၄၅၁ | ၁၃. ၀၇၄၀ | ၁၅၄. ၄၈၁၁ | ၈၆. ၄၉၀၀ |
| ၁၂ | ရခိုင် | ၂၀ | ၁၉၇၆. ၃၆၀၀ | ၅၅၉. ၂၆၀၀ | ၁၃၁၅. ၃၈၀၀ | ၁၀၁. ၇၂၀၀ |
| ၁၃ | ရန်ကုန် | ၂၁ | ၅၄၈. ၆၅၇၀ | ၀. ၇၄၇၀ | ၈၂. ၆၆၂၀ | ၄၆၅. ၂၄၈၀ |
| ၁၄ | ရှမ်း | ၁၄၄ | ၂၉၉၂၄. ၃၇၆၀ | ၂၉၅၂. ၂၇၆၀ | ၁၅၇၉၂. ၉၅၀ | ၁၁၁၇၉. ၁၅၀၀ |
| ၁၅ | ဧရာဝတီ | ၈၆ | ၆၇၂၁. ၇၈၈၀ | ၂၀၆၁. ၅၁၉၀ | ၄၆၄၇. ၂၂၁၀ | ၁၃. ၀၄၈၀ |
| | **စုစုပေါင်း** | **၇၉၈** | **၁၄၀၂၈၉. ၈၁၇၆** | **၃၈၀၂၄. ၈၄၁၅** | **၈၈၇၇၁. ၃၈၀၁** | **၁၃၄၉၃. ၅၉၆၀** |

၉။ ၎င်းအပြင် ယခင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပြန်လည် အပ်နှံလာသော စွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှုနှင့် လွှဲပြောင်းပေးအပ်ရန်အတွက် ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ ကျန်မြေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပြီး အဆိုပါမြေများအား သက်ဆိုင်သူများထံသို့ ဆက်လက်လွှဲပြောင်းပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း စွန့်လွှတ်မြေ (ဧက) | | သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း | | | | လွှဲအပ်ရန် ကျန်မြေ ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | | | စိုက်ပျိုးမြေပြန်လည် လွှဲပြောင်းပေးအပ်ခြင်း | | စိုက်ပျိုးမြေမဟုတ်သော အခြားမြေများကို သက်ဆိုင်ရာသို့ လွှဲပြောင်းခြင်း (ဧက) | စုစုပေါင်း လွှဲပြောင်းပြီး မြေဧရိယာ (ဧက) | |
| | | အမှု | ဧက | တောင်သူ | ဧက | | | |
| ၁ | နေပြည်တော် | ၁၆ | ၁၄၉၂. ၁၁၀ | ၁၈၄ | ၅၂၂. ၂၅၀ | ၉၆၉. ၈၆၀ | ၁၄၉၂. ၁၁၀ | - |
| ၂ | ကချင် | ၆၈ | ၄၃၈၈၅. ၁၆၀ | ၁၃၃၄ | ၇၄၁၂. ၆၂၀ | ၃၆၄၃၅. ၃၅၀ | ၄၃၈၄၇. ၉၇၀ | ၃၇. ၁၉၀ |
| ၃ | ကယား | ၁၁ | ၃၈၁၂. ၉၂၀ | ၉၈၃ | ၃၀၁၆. ၈၁၀ | ၇၉၆. ၁၁၀ | ၃၈၁၂. ၉၂၀ | - |
| ၄ | ကရင် | ၅၆ | ၅၃၃၇. ၆၃၄ | ၃၆၄ | ၂၇၂၄. ၇၇၀ | ၈၆၆. ၇၆၄ | ၃၅၉၁. ၅၃၄ | ၁၇၄၆. ၁၀၀ |
| ၅ | ချင်း | ၁၇ | ၁၇၄၅. ၅၀၀ | ၄၄၅ | ၁၅၃၇. ၆၆၀ | ၁၁၀. ၂၀၀ | ၁၆၄၇. ၈၆၀ | ၉၇. ၆၄၀ |
| ၆ | စစ်ကိုင်း | ၁၇၈ | ၅၈၄၈၃. ၂၅၃ | ၃၄၂၇ | ၃၂၆၃၂. ၁၁၀ | ၂၅၁၄၇. ၃၁၃ | ၅၇၇၇၉. ၄၂၃ | ၇၀၃. ၈၃၀ |
| ၇ | တနင်္သာရီ | ၇၁ | ၇၅၆၂. ၀၉၀ | ၂၈၄ | ၁၇၃၀. ၀၈၅ | ၅၅၂၈. ၈၄၆ | ၇၂၅၈. ၉၃၁ | ၃၀၃. ၁၅၉ |
| ၈ | ပဲခူး | ၁၃၃ | ၃၇၉၂၀. ၆၃၈ | ၅၅၆၄ | ၂၈၆၉၈. ၀၄၀ | ၈၉၆၅. ၁၈၀ | ၃၇၆၆၃. ၂၁၀ | ၂၅၇. ၄၂၈ |
| ၉ | မကွေး | ၆၃ | ၂၂၅၇၈. ၆၀၇ | ၂၇၂၅ | ၉၃၃၇. ၆၃၀ | ၁၃၂၄၀. ၉၇၇ | ၂၂၅၇၈. ၆၀၇ | - |
| ၁၀ | မန္တလေး | ၉၄ | ၃၅၃၈၂. ၇၀၉ | ၃၈၀၄ | ၁၅၄၂၅. ၉၀၄ | ၁၉၃၉၇. ၀၈၄ | ၃၄၈၂၂. ၉၈၈ | ၅၅၉. ၇၂၁ |
| ၁၁ | မွန် | ၁၃၈ | ၁၆၈၃၄. ၆၉၅ | ၆၂၈ | ၁၄၂၉၅. ၁၂၀ | ၂၃၇၄. ၈၇၄ | ၁၆၆၆၉. ၉၉၄ | ၁၆၄. ၇၀၁ |
| ၁၂ | ရခိုင် | ၂၉၀ | ၂၈၁၀၃. ၅၁၀ | ၄၁၃၅ | ၁၃၅၄၀. ၁၆၀ | ၁၄၅၆၃. ၃၅၀ | ၂၈၁၀၃. ၅၁၀ | - |
| ၁၃ | ရန်ကုန် | ၁၀၈ | ၈၇၉၁. ၂၀၇ | ၃၅၄ | ၃၂၅၂. ၆၅၁ | ၂၇၇၀. ၀၈၄ | ၆၀၂၂. ၇၃၅ | ၂၇၆၈. ၄၇၂ |
| ၁၄ | ရှမ်း | ၂၄၉ | ၆၄၁၈၅. ၆၇၁ | ၆၀၃၄ | ၂၅၅၇၅. ၃၆၉ | ၃၈၃၀၀. ၀၉၂ | ၆၃၈၇၅. ၄၆၁ | ၃၁၀. ၂၁၀ |
| ၁၅ | ဧရာဝတီ | ၂၅၄ | ၉၃၇၂၉. ၅၈၉ | ၁၀၀၆၄ | ၈၃၆၂၉. ၄၀၄ | ၁၀၁၀၀. ၁၈၅ | ၉၃၇၂၉. ၅၈၉ | - |
| | **စုစုပေါင်း** | **၁၇၄၆** | **၄၂၉၈၄၅. ၂၉၃** | **၄၀၃၂၉** | **၂၄၃၃၃၀. ၅၈၃** | **၁၇၉၅၆၆. ၂၆၉** | **၄၂၂၈၉၆. ၈၄၂** | **၆၉၄၈. ၄၅၁** |

၁၀။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလက်ထက် (၅/၂၀၁၆)မှ (၃၀-၁၁-၂၀၁၇)ထိ စွန့်လွှတ်မြေ စုစုပေါင်းဧရိယာ ၁၄၀၂၈၉ ဒသမ ၈၁၇၆ ဧကနှင့် ယခင်အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သော မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် စွန့်လွှတ်မြေစုစုပေါင်း ဧရိယာ ၄၂၉၈၄၅ ဒသမ ၂၉၃ ဧက၊ ကော်မတီနှစ်ရပ်ပေါင်းစွန့်လွှတ်မြေစုစုပေါင်းဧရိယာ ၅၇၀၁၃၅ ဒသမ ၁၁၀၆ ဧက ဖြစ်ပါသည်။

၁၁။ ယခင်အစိုးရလက်ထက်တွင် သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ရန် ကျန်မြေများနှင့် ယခု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လက်ထက် သက်ဆိုင်သူများသို့ လွှဲပြောင်းပေးရမည့် မြေများအား သက်ဆိုင်သူများထံသို့ အမြန်ဆုံးရောက်ရှိရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ကာယကံရှင်များအား ပြန်လည်ပေးအပ်ပွဲအခမ်းအနားများဖြင့် လွှဲပြောင်းပေးအပ်ဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတကိုယ်တိုင် ပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်ပေးအပ်လျက်ရှိရာ တစ်ဖက်ပါအတိုင်း လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | (၅/၂၀၁၆) မှ (၃၀-၁၁-၂၀၁၇)အတွင်း စွန့်လွှတ်မြေများ အပေါ် သက်ဆိုင်သူများ ထံသို့ လွှဲပြောင်း ပေးအပ်ခဲ့သည့်စာရင်း | | မှတ်ချက် |
|---|---|---|---|---|
| | | တောင်သူ | ဧက | |
| ၁ | နေပြည်တော် | ၆၀ | ၁၈၄. ၉၃ | ပြည်နယ် အစီအစဉ် ဖြင့် ပေးအပ် |
| ၂ | ကချင် | ၅၀ | ၃၂၆. ၉၁၆ | ပြည်နယ် အစီအစဉ်ဖြင့် ပေးအပ် |
| ၃ | ကရင် | ၁၃၇ | ၇၉၀. ၅၆၀ | ဒုတိယသမ္မတ တက်ရောက် လွှဲပြောင်း ပေးအပ်၊ ပြည်နယ် အစီအစဉ်ဖြင့် ပေးအပ် |
| ၄ | စစ်ကိုင်း | ၂၂၀ | ၃၈၈၁. ၀၀၀ | ဒုတိယ သမ္မတ တက်ရောက် လွှဲပြောင်း ပေးအပ် |
| ၅ | တနင်္သာရီ | ၉ | ၃၀. ၄၀၅ | ပြည်နယ် အစီအစဉ် ဖြင့် ပေးအပ် |
| ၆ | ပဲခူး | ၂ | ၃. ၁၆၃ | ပြည်နယ် အစီအစဉ် ဖြင့် ပေးအပ် |
| ၇ | မကွေး | ၂၁၂ | ၈၇၁. ၇၂၀ | ဒုတိယသမ္မတ တက်ရောက် လွှဲပြောင်းပေးအပ်၊ ပြည်နယ် အစီ အစဉ်ဖြင့်ပေးအပ် |
| ၈ | မန္တလေး | ၅၉၁ | ၁၈၃၈. ၁၀၀ | ဒုတိယသမ္မတ တက်ရောက် လွှဲပြောင်းပေးအပ်၊ ပြည်နယ် အစီအစဉ် ဖြင့် ပေးအပ် |
| ၉ | မွန် | ၁၅၁ | ၅၂၆. ၈၉၃ | ဒုတိယသမ္မတ တက်ရောက် လွှဲပြောင်း ပေးအပ်၊ ပြည်နယ် အစီ အစဉ်ဖြင့် ပေးအပ် |
| ၁၀ | ရှမ်း | ၂၀၂ | ၅၉၃. ၈၃၀ | ပြည်နယ် အစီအစဉ်ဖြင့် ပေးအပ် |
| | **စုစုပေါင်း** | ၁၆၃၄ | ၉၀၄၇. ၅၁၇ | |

၁၂။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်သည် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အစီအစဉ်ဖြင့် လုပ်ငန်းများပိုမိုမြန်ဆန်စေရန် သီးခြားရုံးများ ထားရှိဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီဝင်များနှင့် ရုံးအဖွဲ့များအား လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားစေရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သင်တန်းပြုလုပ်မှုအကြိမ်ရေ ၁၃၅ ကြိမ်၊ သင်တန်းသားဦးရေ ၁၉၈၃၈ ဦးနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမှု အကြိမ်ရေ ၈၉ ကြိမ်၊ တက်ရောက်သူဦးရေ ၁၃၁၅၃ ဦးဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သောသင်တန်းများတွင် မြေယာကိစ္စများနှင့် သက်ဆိုင်သောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုသိရှိစေရန်အတွက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင် ထမ်းဆောင်နေသော ဝန်ထမ်းများကို တက်ရောက်စေလျက်ရှိပါသည်။

၁၃။ သို့ပါ၍ မြေသိမ်းဆည်းခံရ၍ အမှန်တကယ် နစ်နာသူပြည်သူများ အနေဖြင့် မိမိတို့သိမ်းဆည်းခံခဲ့ရသည့်မြေများသည် ပြန်လည်စွန့်လွှတ်သော မြေများတွင်ပါဝင်ခြင်း ရှိ၊ မရှိ သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက် သို့မဟုတ်

**စာမျက်နှာ ၉ သို့**

# လေ့လာရေးခရီးစဉ်မှရရှိသည့် အတွေ့အကြုံကောင်းများကို နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချ



**နေပြည်တော် ဒီဇင်ဘာ ၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် နယ်စပ်ဒေသ တိုင်းရင်းသားတိုင်းရင်းသူ လေ့လာရေးအဖွဲ့များဖြစ်ကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုမိန်းဒေသနှင့် နမ့်စန်မြို့နယ်တို့မှ ရှမ်း၊ ယင်းကြားနှင့် ယင်းနက် တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့မှ ကဒူးနှင့် ကနန်းတိုင်းရင်းသားတိုင်းရင်းသူ ၂၅ ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်မှ နာဂတိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဇာဒက်ကြီးကျွန်းနှင့် သရက်ချောင်းမြို့နယ်တို့မှ ဆလုံနှင့် ထားဝယ် တိုင်းရင်းသားတိုင်းရင်းသူ ၂၅ ဦး စုစုပေါင်း ၁၀၀ တို့အား ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များအား နှစ်စဉ်ခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရသည့် အဓိက ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်နှင့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ယုံကြည်မှုတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ပွားများ ခိုင်မာလာစေရန် ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများချမှတ်ပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ နိုင်ငံတော်အနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိစေရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို နှစ်ကြိမ်တိုင် ကျင်းပခဲ့ပြီး မကြာမီကာလတွင် တတိယအကြိမ် ကျင်းပတော့မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယနေ့ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာနှင့် စိန်ခေါ်မှုများ၊ မိမိတို့နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိနားလည်ပြီး ကိုယ်တိုင်ပါဝင်ပတ်သက်မှု မရှိကြရန်လိုအပ်ကာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် အတတ်ပညာနှင့် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့်အတွက် လူငယ်လူရွယ်များအနေဖြင့် အမြဲတမ်းလေ့လာဆည်းပူးနေကြရမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားလူငယ်များ၏ အသိပညာ၊ အတတ်ပညာ ပြည့်စုံမှု၊ ဘက်စုံဖွံ့ဖြိုးမှုတို့အပေါ်တွင် များစွာ တည်မှီနေကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်မှ ကနန်းတိုင်းရင်းသူ မခင်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အေဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဒီဇင်ဘာ ၆**

(၁၃) ကြိမ်မြောက် အေဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအား ဂုဏ်ပြုသည့် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အဖွင့်အမှာစကားပြောကြားပြီး သံအမတ်ကြီး ဦးကျော်ဇေယျက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများသည် ညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

## ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာနှင့် မြိတ်တက္ကသိုလ်တို့တွင် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုဟောပြောပွဲ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာနှင့် မြိတ်မြို့ မြိတ်တက္ကသိုလ်တို့တွင် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်) အစီအစဉ် တေးဂီတဖျော်ဖြေပွဲနှင့် လူထုငြိမ်းချမ်းရေး လှုပ်ရှားမှု ဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပခဲ့သည်။

ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ ရွာလယ်ကွင်းပြင်၌ ဒီဇင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ကျင်းပသည့် အခမ်းအနားတွင် တေးသံရှင် ဘယ်ဝါ၊ နောင်ရိုး၊ ကာကာနှင့် ဘိုဘိုထွဋ်တို့က စစ်ပွဲတွေ 'အခုချက်ချင်းရပ်၊ ငြိမ်းချမ်းသော ငါတို့မြေ' စသည့် ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုတင်ဆက်ကာ ကာတွန်းဆရာ မောင်မောင်ဖောင်တိန်က ဒေသခံကလေးငယ်များဖြင့် ရုပ်ပုံရေးဆွဲခြင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ မေးခွန်းများ ဖြေကြားခြင်းတို့ကို ပြုလုပ်သည်။

ထို့နောက် ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောကြသည်။

ယင်းနောက် ဦးဆောင်သူများနှင့် တက်ရောက်လာကြသူများက ဖယောင်းတိုင်ငယ်များ ထွန်းညှိကာ ထာဝရငြိမ်းချမ်းရေးအတွက် ဆုတောင်းခဲ့ကြသည်။

ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် မြိတ်တက္ကသိုလ် စာသင်ဆောင်(၁)၌ ကျင်းပသည့် အခမ်းအနားတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကား ပြောကြားပြီး မြိတ်မြို့မှ ကဗျာဆရာ မောင်ယုပိုင်က ငြိမ်းချမ်းရေး အထိမ်းအမှတ်ကဗျာကို ရွတ်ဆိုဖွင့်လှစ်သည်။

ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောဆွေးနွေးကြပြီး မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အမှတ်တရလက်ဆောင်များပေးအပ်ကာ မြိတ်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ခရိုင်ပြန်/ဆက်)**



**✳ ကျောင်းသားလူငယ်မှ**

အဆိုပါ သိပ္ပံပြပွဲ၌ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သိပ္ပံ ၊ သင်္ချာ စသည့် ဘာသာကြီး ခြောက်ဘာသာကို အခြေခံပြီး လူနှင့် လူ့ပတ်ဝန်းကျင်တွင် လက်တွေ့ အသုံးပြုနေသော ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ လေယာဉ်ပျံသန်းမှု၊ မြို့ပြတိုက်ခန်းအိမ်ရာများ တည်ဆောက်မှု၊ ရေနေသတ္တဝါများ ပါဝင်သောပြကွက်၊ လျှပ်စစ်ဓာတ်အားပေးဝေရေးစနစ်များ၊ လေအေးပေးစက်များ၏ အခြေခံတည်ဆောက်မှုအဆင့်ဆင့်နှင့် လေအေးထုတ်လုပ်မှု၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှု၊ အောက်ဆီဂျင်ထုတ်လုပ်ပုံနှင့်အသုံးချပုံများ၊ ဂျီဩမေတြီပညာရပ်နှင့်ဆိုင်သောပြကွက်များ၊ မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝ ရှုခင်းများနှင့် အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်ထိစပ်နေသော ပထဝီဝင်ပြခန်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အိုဇုန်းလွှာ ဖြစ်တည်မှုအဆင့်ဆင့်ပြခန်းများအပါအဝင် ပြခန်းပေါင်း ၃၆ ခန်းအား ပါဝင်ပြသထားပြီး အထက(၁)ဒဂုံ၏ (၇/၈/၉/၁၀)တန်းမှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်တို့၏ သိပ္ပံပြခန်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ သိပ္ပံကျောင်းသားပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်ထိ သုံးရက်ကြာကျင်းပခဲ့ပြီး ပြပွဲ၌ ထူးချွန်ပြောင်မြောက်စွာပြသထားသော သိပ္ပံပြခန်းများဖြစ်ခဲ့ကာ ကျောင်းသား ကျောင်းသူများအား ကျောင်းအနေဖြင့် ဂုဏ်ပြုကာ မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း သိရသည်။ အထက(၁)ဒဂုံအနေဖြင့် မကြာမီက ကျင်းပပြီးစီးခဲ့သော ရန်ကုန်တက္ကသိုလ် လူငယ်ကျောင်းသားပွဲတော်တွင် လေယာဉ်တည်ဆောက်မှုဆိုင်ရာ ရူပဗေဒပြကွက်နှင့် ဇီဝဗေဒ သိပ္ပံပြခန်းများအား ဝင်ရောက်ပြသနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

**စာမျက်နှာ ၈ မှ ○**

ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများတွင် စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာ လွှဲပြောင်းရယူကြရန်ဖြစ်ပါသည်။

၁၄။ မြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှုမရှိကြောင်း ထင်မြင်ယူဆမှုရှိ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးနှင့် ဗဟိုကော်မတီသို့ အကြံပြုချက်များ ပေးပို့တင်ပြလာပါက အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်စိစစ်ရရှိလာသော စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ**

# ၂၀၁၈ ခုနှစ်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် လုပ်ငန်းအစီအစဉ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**
မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များအား မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံး (UNODC)မှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ကော်မရှင်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းအစီအစဉ် ရေးဆွဲထားမှုအား ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မန်းရေနံမြေတွင်းဟောင်းမှ ရေနံ၊ ရေနှင့် သဘာဝဓာတ်ငွေ့များ အမြင့် ၂၅ ပေခန့် ပန်းထွက်

**မင်းဘူး ဒီဇင်ဘာ ၆**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေတွင် တွင်းဟောင်းအမှတ်(၂၅)မှ ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက Well Kick သုံးကြိမ် ဖြစ်ပေါ်ခဲ့ပြီး ရေနံ၊ ရေနှင့် သဘာဝဓာတ်ငွေ့များ အမြင့် ၂၅ ပေခန့် ပန်းထွက်ခဲ့ကြောင်း သိရသည်။

"ရေနံတွင်းဟောင်းက ၁၉၇၃ ခုနှစ်ကစပြီး တွင်းတူးဆောင်ရွက်ခဲ့တယ်၊ တွင်းအနက် ပေ ၄၆၀၀ အထိ တူးထားပါတယ်၊ နောက်ဆုံး ငါးလက်မခွဲကေဇင်ချထားတာက ၄၅၉၄ ပေမှာ ချထားပါတယ်၊ ၂၀၁၃ ခုနှစ်မေလက တွင်းကိုပိတ်ခဲ့ပါတယ်၊ ဒါပေမယ့် တွင်းထဲမှာတော့ ရေနံတွေက ရှိနေသေးတယ်၊ ဓာတ်ငွေ့ပါထွက်တာဆိုတော့ ကန်နိုင်တဲ့ဖိအားရောက်လာတော့ ပန်းထွက်တာပါ။ ပုံမှန်ဆိုရင်မဖြစ်ပါဘူး၊ မနေ့ကတိုက်တိုက်ဆိုင်ဆိုင် အပေါ်က အဖုံးဖုံးထားတဲ့အရာက ဆွေးနေတော့ ပန်းထွက်တာဖြစ်ပါတယ်"ဟု မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က ပြောသည်။

"ကျွန်တော်တို့ သတင်းရရချင်း မန်းရေနံမြေကတာဝန်ရှိသူတွေ၊ MPRLက တာဝန်ရှိသူတွေ ရောက်လာပြီး တွင်းကိုထိန်းချုပ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်၊ အရင်ပိတ်ထားတဲ့ ငါးလက်မခွဲ ကော်ပလင်ပလတ်ကို ဖယ်ရှားပြီး ပေါင် ၅၀၀၀ ခံနိုင်ရည်ရှိတဲ့ Well HEAD ကို ပြောင်းလဲတပ်ဆပ်ခဲ့ပါတယ်၊ အခုဖြစ်တဲ့တွင်းအနီးမှာ စိုက်ပျိုးထားတဲ့ သီးနှံပင်တွေမရှိတဲ့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုတော့ မရှိပါဘူး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဖို့အတွက် ရေနံစိမ်းတွေကို သန့်ရှင်းရေးဆောင်ရွက်ရာမှာ ရေနံ ၁၀ စည်၊ ရေ ငါးစည် ပြန်လည်ခပ်ယူပြီး ဒီဇင်ဘာ ၆ ရက်မှာတော့ တွင်းပိတ်ခဲ့ပါတယ်၊ မီးလောင်မှုအန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် မြေကြီးစိုသွားတဲ့မြေတွေကို ကျုံးပေးပါမယ်၊ သီးနှံစိုက်ပျိုးမှုမထိခိုက်စေဖို့အတွက် မြေအစားထိုးဆောင်ရွက်ပေးသွားဖို့ တောင်သူနဲ့လည်း တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဖိုးပြည့်(မင်းဘူး)**



# ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘော မြိတ်ကျွန်းစုရှိ ခက်ရင်းခွကျွန်းသို့ ဆိုက်ရောက်လည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၆**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု Tint Tint Myanmar Group of Companies ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၅၉၂ ဦး ပါဝင်သော Genting Dream Star Cruise အပျော်စီးသင်္ဘောသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကော့သောင်းခရိုင် မြိတ်ကျွန်းစုရှိ ခက်ရင်းခွကျွန်းသို့ ဆိုက်ရောက်ခဲ့သည်။

အဆိုပါ သင်္ဘောဆိုက်ကပ်ရောက်ရှိချိန်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်၊ ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် Tint Tint Myanmar Group of Companies မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သင်္ဘောပေါ်တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကမ္ဘာလှည့် ခရီးသည်များပါဝင်ကာ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ မြန်မာနိုင်ငံ မြိတ်ကျွန်းစုရှိ ခက်ရင်းခွကျွန်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်လည်ပတ် ခြင်းဖြစ်ပြီး အဆိုပါ သင်္ဘောသည် ညနေ ၆ နာရီခွဲတွင် စင်ကာပူနိုင်ငံသို့ ဆက်လက် ထွက်ခွာသွားသည်။

ယခုအခါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ကော့သောင်းခရိုင် မြိတ်ကျွန်းစုဒေသအတွင်းရှိ ကျွန်းများသို့ ကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီး၊ စက်တပ်ရွက်လှေများဖြင့် ညအိပ်ခရီးစဉ်များနှင့် နေ့ချင်းပြန်ကျွန်းပတ်ခရီးစဉ်များအဖြစ် ဝင်ရောက်လည်ပတ်လျက်ရှိပြီး စိတ်ဝင်စားမှုမြင့်မားလာသော ခရီးစဉ်ဒေသတစ်ခု ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**





# ကျောတွင် စက်တပ်ထားသော လင်းယုန်တစ်ကောင် မင်းကင်းမြို့နယ် သာစည်ကျေးရွာတွင် ဖမ်းမိ

**မင်းကင်း ဒီဇင်ဘာ ၆**
ကျောတွင်စက်တပ်ထားသော လင်းယုန်တစ်ကောင်ကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သာစည်ကျေးရွာတွင် ဒီဇင်ဘာ ၆ ရက်နံနက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

"ဒီမနက် ရွာနားက ကောက်ရိုးပုံမှာ လာနားတုန်း ရွာသားတစ်ယောက်က လေးခွနဲ့ပစ်ဖမ်းလိုက်တာပါ၊ ဘာကြောင့်စက်တပ်ထားတယ်၊ ဘာစက်ဆိုတာကိုတော့မသိပါဘူး"ဟု မင်းကင်းဒေသခံ ကိုကျော်မျိုးလင်းက ဆိုသည်။

လင်းယုန်၏ကျောတွင် စက်တပ်ဆင်ထားသည့်အပြင် ခြေထောက်တွင်လည်း အမှတ်စဉ်ပါသည့် သံကွင်းတစ်ခုတပ်ဆင်ထားကြောင်း သိရသည်။

မင်းကင်းမြို့နယ် တောင်တွင်းချောင် ၃၆ ရွာမှ တစ်ရွာအပါအဝင်ဖြစ်သည့် သာစည်ရွာ၏အပြင်ဘက် ကောက်ရိုးပုံပေါ် နားနေသည်ကို ရွာသားတစ်ဦးက လေးခွဖြင့်ပစ်ပြီး အသက်ရှင်လျက်ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## မုန်တိုင်းငယ် အခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၆၃၀ ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ၆၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။ **ကြေးမုံ**

# ရခိုင်ပြည်နယ်သတင်း

## အမေရိကန်သံရုံးမှ ပထမအတွင်းဝန်နှင့်အဖွဲ့ မောင်တောဒေသ ပြည်သူများနှင့်တွေ့ဆုံ



အမေရိကန်သံရုံးမှ ပထမအတွင်းဝန်နှင့်အဖွဲ့ မောင်တောဒေသသို့ လိုက်လံကြည့်ရှုစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၆**

အမေရိကန်သံရုံးမှ ပထမအတွင်းဝန် Mr. David Galbraith ဦးဆောင်သော သံရုံးဝန်ထမ်းများနှင့် ဗြိတိန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် ECHO ရုံးတို့မှ သံတမန်များသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောဒေသသို့ ရောက်ရှိလာပြီး ဒေသခံများနှင့် တွေ့ဆုံသည်။

ပထမအတွင်းဝန်နှင့်အဖွဲ့သည် ယင်းသို့ ဒေသခံများနှင့် တွေ့ဆုံရာတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်မှစွန့်ခွာကာ ကျေးရွာများသို့ ပြန်လည်ရောက်ရှိလာသူများ၏ လိုအပ်မှုများနှင့် လတ်တလော နိုင်ငံတော်က စားနပ်ရိက္ခာများ လိုက်လံဖြည့်ဆည်းပေးနေမှု၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ယခုကဲ့သို့ မြေပြင်ကွင်းဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့အဖွဲ့သည် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ကျေးရွာ၊ မောင်တောမြို့နယ်ရှိ အင်းဒင်ကျေးရွာများသို့ သွားရောက်ကာ ကျေးရွာများ၌ ပြည်သူများအတွက် UEHRD လုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်သူ့အတွက် ရက် ၂၀ လူငယ်အဖွဲ့နှင့် လည်းကောင်း၊ ဒေသခံတိုင်းရင်းသားများနှင့်လည်းကောင်း တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မောင်တော-အလယ်သံကျော်-အင္ဂူမော်လမ်းပိုင်းရှိ ကိုင်းကြီး(မြို) ကျေးရွာသစ်တည်ဆောက်နေမှု၊ မိုးစပါးရိတ်သိမ်း ခြွေလှေ့နေမှုများနှင့် အခြောက်လှန်း သိမ်းဆည်းနေသည်များကို သွားရောက်ကြည့်ရှုကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအပိုင်းများကို လိုက်လံကြည့်ရှုသည်။ ယင်းအဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောခရီးစဉ်၌ သုံးရက်ကြာမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန တာဝန်ရှိသူများ၊ ဒေသတာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ICRC အဖွဲ့နှင့် ၎င်းတို့၏ မြေပြင်လှုပ်ရှားနေမှုအခြေအနေများကိုလည်း လိုက်လံကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

## စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္တု၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၅၅၄၉ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကွိတဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၃၇၈ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ဧက ၄၇၀ ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ပေုကွ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၂၃၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ဧက ၃၃၀ ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၂၇၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွာသာယာ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင်(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်သုံးကောင်တို့ကို ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၁၉ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၈၃ ကောင်တို့ကို ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ မောင်တောမှ**

ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သော မောင်တောမြောက်ပိုင်း ခုံတိုင်(မြို) ကျေးရွာသစ်ကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လတ်တလော တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။

ခုံတိုင်(မြို) ကျေးရွာသစ်ကို မေယုတောင်ကြောမှ တစ်မိုင်ခွဲခန့်ဝေးကွာသော ယခင်ခုံတိုင်(မြို) ကျေးရွာဟောင်းအား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မောင်တော-ကျီးကန်းပြင်-တောင်ပြို ကားလမ်းဘေးသို့ ရွှေ့ပြောင်းတည်ဆောက်ပေးခြင်းဖြစ်သည်။ အိမ်ခြေ စုစုပေါင်း ၄၈ လုံး တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အုတ်စီတစ်ထပ်တိုက် အမျိုးအစားဖြစ်ကာ ရေချိုးခန်း၊ အိမ်သာမှအစ ပါဝင်မည်ဖြစ်သည်။ အဆိုပါ အိမ်သစ်တစ်လုံးအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၇၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခုံတိုင်(မြို)ကျေးရွာသစ်ကို အောက်တိုဘာ ၁၆ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက်တင်ပေးခဲ့သည်။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ စုပေါင်းခန်းမ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေးဆေးပေးခန်း၊ ရေတွင်း၊ ရေကန်၊ ဈေး စသည်ဖြင့် ကဏ္ဍစုံပါဝင်မည်ဖြစ်ပြီး မြိုလူမျိုးတို့၏ ရိုးရာမပျက် ယဉ်ကျေးမှုပြကွက်တစ်ခုအဖြစ် ဝါးများဖြင့် ပြုလုပ်နေထိုင်သော မြိုတိုင်းရင်းသားအိမ်တစ်လုံးကိုလည်း ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နတလက တာဝန်ယူထားတဲ့ ကျေးရွာသစ် အဆောက်အအုံတွေက စနေပါပြီ၊ အကွက်ရိုက်၊ ဖောင်ဒေးရှင်းတည်တာကအစ တစ်ပြိုင်တည်းလုပ်နေတာပါ၊ ခုံတိုင်ကျေးရွာသစ်ကိုတော့ လောလောဆယ် နတလ ကွပ်ကဲမှုနဲ့ Family Ayechan ကုမ္ပဏီက တည်ဆောက်နေတယ်၊ လုပ်ငန်းစဉ်တွေအားလုံးကို ဒီဘတ်ဂျက်အကုန် နောက်ဆုံး အပြီးတည်ဆောက်သွားဖို့လျာထားတာပါ၊ ဒါပေမယ့် လတ်တလောမှာတော့ တာဝန်ယူတဲ့ ကုမ္ပဏီအားလုံးမှာ အလုပ်သမား အခက်အခဲဖြစ်နေတယ်၊ တချို့ပြည်မဘက်ကပါ အလုပ်သမားတွေခေါ်ယူလုပ်ကိုင်နေရတယ်"ဟု ဦးစိုးလွင်က ထပ်မံရှင်းပြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လတ်တလော တည်ဆောက်ပေးနေသော ခုံတိုင်(မြို) ကျေးရွာသစ်နှင့်အတူ ကျောက်ပန္တု၊ နံ့ရာကိုင်းကျေးရွာသစ်သုံးရွာအပြင် ဘူးသီးတောင်မြို့နယ် ဇီးတုန်ကျေးရွာသစ်ကိုလည်း ယခုဘဏ္ဍာနှစ်တွင် ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ပြီး ကျေးရွာသစ်တစ်ရွာ တည်ဆောက်ရာတွင် တန်ဖိုးငွေကျပ် ၃၂၅ သိန်းစီ လျာထားကာ နေရာဒေသပေါ်မူတည်၍ အိမ်ရာများကို တည်ဆောက်ပေးလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် တည်ဆောက်ပေးသော ကျေးရွာသစ် ၃၉ ရွာ ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

## စစ်တွေမြို့၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) ဖွဲ့စည်းဆောင်ရွက်

**စစ်တွေ ဒီဇင်ဘာ ၆**

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေဝါသနာပါသူများ ပူးပေါင်းဆောင်ရွက်သည့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ရခိုင်စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်သူများ၊ စာပေဝါသနာပါသူများနှင့် မြို့မိမြို့ဖများက အသီးသီးဆွေးနွေးကြသည်။

ထို့နောက် စာရေးဆရာမ ခိုင်နန်းစံက (Book Club) ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က စာပေချစ်မြတ်နိုးသူလူငယ်များလည်း (Book Club)တွင် ထပ်မံဝင်ရောက်မှုကို ကြိုဆိုကြောင်း ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ကားပစ်စတင် အခွံ ၉၇ လုံးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူ(စေတီ) ကျေးရွာတွင် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော ယမ်းမထည့်ရသေးသည့် ကားပစ်စတင် ၉၇ လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ကျောက်ပန္နူ(စေတီ) ကျေးရွာရှိ မီးလောင်ထားသော နေအိမ်များအနီး လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော ပစ်စတင်အိုးများ ထည့်ထားသည့် ပလတ်စတစ်ပုံးတစ်လုံးအား မြေကြီးအတွင်း၌ မြှုပ်နှံထားသည်ကို တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေပိုင်းက တူးဖော်ခဲ့ရာ ပလတ်စတစ်ပုံးထဲတွင် ယမ်းမထည့်ရသေးသည့် ကားပစ်စတင် ၉၇ လုံးအား တွေ့ရှိခဲ့ပြီး တာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မောင်တောမြို့နယ် မကျည်းချောင်း ဒုညောင်ပင်ကြီးတောင်ကျေးရွာတာဝန်ခံ အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၆**

မောင်တောမြို့နယ် မကျည်းချောင်း ဒုညောင်ပင်ကြီးတောင် ကျေးရွာတာဝန်ခံတစ်ဦး ယမန်နေ့ညက အသတ်ခံရကြောင်း သိရသည်။

ဒုညောင်ပင်ကြီးတောင် ကျေးရွာတာဝန်ခံ ရှော်ဖိတ်အာမန်၏ နေအိမ်သို့ ယမန်နေ့ ည ၉ နာရီခွဲခန့်တွင် လူနှစ်ဦးဝင်လာပြီး သေနတ်ဖြင့်ပစ်၍ ဓားဖြင့်ခုတ်ခဲ့ရာ ရှော်ဖိတ်အာမန်တွင် ဝမ်းဗိုက်ပေါက်ထွက်၊ လည်ကုပ်၊ ညာလက်ဖျံ၊ ဘယ်ပခုံး ပြတ်ရှဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ၇ ဒသမ ၆၂ ကျည်ခွံတစ်ခုနှင့် အိမ်နံရံအတွင်းမှ ကျည်ထိပ်ဖူးတစ်ခု တွေ့ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မောင်တောမြို့နယ် မကျီးချောင်း ဒုညောင်ပင်ကြီး (တောင်ရွာ) ကျေးရွာတာဝန်ခံ အသတ်ခံရသည့် နေရာပြမြေပုံ




## အေးရွာကျေးရွာတွင် တရားမဝင် ကျောက်စုပ်နေသော လှေများကြောင့် ကမ်းပြိုမှုများဖြစ်ပေါ်မည်ကို ဒေသခံများစိုးရိမ်

**တိုက်ကြီး ဒီဇင်ဘာ ၆**

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာကျေးရွာတွင် တရားမဝင် ကျောက်စုပ်နေသော လှေများကြောင့် ကမ်းပြိုမှုများဖြစ်ပေါ်မည်ကို ဒေသခံများ စိုးရိမ်နေကြကြောင်း အေးရွာကျေးရွာ ရပ်မိ ရပ်ဖ ဦးသိန်းမြင့်က ပြောသည်။

အဖျောက်မြို့တွင် ဧရာဝတီမြစ် ကမ်းပြိုမှုများကြောင့် မြစ်အတွင်း ကျောက်စုပ်လုပ်ငန်းများ မပြုလုပ်ရန် ဒေသန္တရအမိန့် အမှတ်စဉ် ၄/ ၂၀၁၇ အောက်တိုဘာ ၁၉ ရက်တွင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော်လည်း လိုက်နာခြင်းမရှိသည့် ကျောက်စုပ်မော်တော်ခုနစ်စင်းအား နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီတွင် အဖျောက်မြို့ အုပ်ချုပ်ရေးမှူးနှင့် မြို့မိ မြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဖမ်းဆီးထားကြောင်း အဖျောက်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ပေးရန် ဒေသခံများက ဆန္ဒရှိကြသည်။

"ကျောက်စုပ်လှေတွေက တစ်နေ့ကို အစင်း ၄၀ ကျော် ကျောက်စုပ်နေကြတာ ကျေးရွာအုပ်ချုပ်ရေးမှူးကတစ်ဆင့် အဖျောက်မြို့ အုပ်ချုပ်ရေးမှူးထံ တင်ပြထားပါတယ်၊ သီးခြားတားမြစ်စာတော့ မရသေးဘူး၊ အေးရွာကျေးရွာကတော့ တရားမဝင်ကျောက်စုပ်သူတွေကြောင့် မြစ်ကမ်းပြိုတာ တစ်ရွာလုံး ကုန်ပြီ၊ အခုလည်း ထပ်ပြီး တရားမဝင် ကျောက်စုပ်နေတော့ ဒေသခံတွေ ကမ်းပြိုမှာ စိုးရိမ်နေရတယ်"ဟု ရပ်မိရပ်ဖများက ပြောသည်။

အုပ်ချုပ်ရေးပိုင်းအနေနဲ့ တားမြစ်စာတွေ ထုတ်ပြန်ထားပြီး တရားမဝင် ကျောက်စုပ်လုပ်ငန်းရှင် ၂၀ ကို နောက်နောင် မပြုလုပ်ရန် ဝန်ခံလက်မှတ်ထိုးထားကြောင်း၊ တားမြစ်စာကိုလည်း ရှင်းပြထားကြောင်း အုန်းပင်ကွင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟိန်းဇော်လတ်က ပြောသည်။

အဖျောက်မြို့ ပန်းတုန်းပိတ်နှင့် အေးရွာကျေးရွာတို့တွင် ၂၀၁၅ ခုနှစ်မှ စတင်ကာ ဧရာဝတီအတွင်း တရားမဝင်ကျောက်စုပ်မှုများကြောင့် ကမ်းပါးများ ရေတိုက်စားပြီး ကမ်းပြိုကျသဖြင့် ကျေးရွာများမှ အိမ်ထောင်စုများနှင့် ဘုန်းကြီးကျောင်းများပြောင်းရွှေ့ရပြီး နီးစပ်ရာ နေအိမ်များနှင့် ရေကာတာပေါင်များတွင် ယာယီတဲများဖြင့် နေထိုင်ရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟိန်းဇော်လတ်က ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

## ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်တွင် ငါးဖမ်းရေယာဉ်တစ်စင်း နစ်မြုပ် ၁၅ ဦးဆယ်ယူရရှိ ငါးဦးပျောက်ဆုံးနေ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်ရှိ ရတနာရေနံစင်၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ငွေပင်လယ်(၁၅၇) ကမ်းဝေးငါးဖမ်းရေယာဉ် တစ်စင်း နစ်မြုပ်ခဲ့သည်။ အဆိုပါငါးဖမ်းရေယာဉ်တွင် ရေလုပ်သား ၂၀ လိုက်ပါပြီး ၁၅ ဦးကို ဆယ်ယူရရှိထားကြောင်း၊ ငါးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ဆယ်ယူရရှိထားသူများအနက် တစ်ဦးမှာ ကျန်းမာရေးအခြေအနေ စိုးရိမ်ရကြောင်း သိရသည်။

နစ်မြုပ်ငါးဖမ်းရေယာဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဦးရဲလင်းထွန်းပိုင်သည့် ရွှေဇင်ယော်ဟိန်းကုမ္ပဏီမှ ငါးဖမ်းရေယာဉ်ဖြစ်ပြီး လှေဦးစီး(ပဲ့နင်း)မှာ ဦးတင်စိုးဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်တွင် နစ်မြုပ်လျက်ရှိသော ငါးဖမ်းရေယာဉ်ကိစ္စအား ဒေသခံ ငါးဖမ်းရေယာဉ်တစ်စင်း၏ သတင်းပေးပို့ချက်အရ တပ်မတော် စစ်ရေယာဉ် (၅၅၉) က ယင်းနေ့တွင် သတင်းရရချင်း အခင်းဖြစ်နေရာသို့ မောင်းနှင်လာခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးပြုလုပ်နေသော ရွှေဇင်ယော်ဟိန်းကုမ္ပဏီပိုင် ငါးဖမ်းရေယာဉ်များနှင့် ဆက်သွယ်မိကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နစ်မြုပ်ငါးဖမ်းရေယာဉ်မှ ကယ်ဆယ်ထားသော ရေလုပ်သား ၂၀ တွင် တစ်ဦးမှာ ကျန်းမာရေးအခြေအနေ စိုးရိမ်ရသဖြင့် ၎င်းတို့ ကုမ္ပဏီပိုင် စန်းဝေဝေလွင်(၃)အမည်ရှိ ငါးဖမ်းရေယာဉ်ဖြင့် ရေလုပ်သားများကို တင်ဆောင်၍ ဖျာပုံမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

ယခုအချိန်တွင် တပ်မတော်စစ်ရေယာဉ် (၅၅၉)နှင့်အတူ ရွှေဇင်ယော်ဟိန်းကုမ္ပဏီပိုင် ငါးဖမ်းရေယာဉ်ငါးစင်းတို့မှ ပျောက်ဆုံးရေလုပ်သားများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

## စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

တရားမဝင် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ စစ်ဆေးလျက်ရှိရာ ဒီဇင်ဘာ ၅ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အမဲသားခြောက်များ တင်သွင်းလာမှုအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဒီဇင်ဘာ ၅ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အမဲသားခြောက် ပိဿာ ၁၆၅၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၅ သန်းအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့က ပြီးခဲ့သည့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်စစ်ဆေးခဲ့သည်။ ဒီဇင်ဘာ ၅ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃ ဒသမ ០၉၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၉၀၃ သန်းခန့်) စုစုပေါင်း တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁ ဒသမ ၉၉၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဒီဇင်ဘာ ၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၉၇ စီး၊ သွင်းကုန် အစီး ၉၅၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝဝ၁**

## တာချီလိတ်၌ ငွေကျပ်သိန်းပေါင်း ၂၈၀ ခန့်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိ

**တာချီလိတ် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၅ ရက်ည ၁၁ နာရီခွဲအချိန် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် ဝမ်လုံးအုပ်စု လွယ်စီတုံ(အပေါ်)ရွာအဝင် ပြည်သူ့စစ်စခန်းရှေ့၊ တာချီလိတ်-မိုင်းဆတ်သွားလမ်းမပေါ်တွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ လော်ဆော့မောင်းနှင်လာသည့် ၄၃ယ/---- နံပါတ်ပါ Wave-i နက်ပြာရောင် ဆိုင်ကယ်အား ရပ်တန့်၍ စစ်ဆေးရှာဖွေခဲ့ရာ လော်ဆော့မှာ ဆိုင်ကယ်အား လှဲချ၍ ထွက်ပြေးမည်ပြုသဖြင့် လုံးထွေးဖမ်းဆီးခဲ့ပြီး စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ မိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသည့် ဘိန်းဖြူဘလောက်တုံး ငါးတုံး အလေးချိန် ၁ ဒသမ ၇၅ ကီလိုခန့် ဒေသတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၈၀ ခန့်၊ ထိုင်းဘတ်ငွေ ၁၀၀၀ တန် တစ်ရွက်နှင့် vivo လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသဖြင့် ၎င်းစီးလာသည့် ဆိုင်ကယ်နှင့်အတူ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ လော်ဆော့ (၃၀) နှစ် အားဆော်ပေါ်မိုးရွာ မိုင်းတွမ်းအုပ်စု မိုင်းဆတ်မြို့နယ်နေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၁၁**



# စီအက်စ်ကေအေကို အနိုင်ရရှိပြီးနောက် မန်ယူ အိမ်ကွင်းပွဲ ၄၀ ရှုံးပွဲမရှိ စံချိန်ရရှိ



မန်ယူအသင်းသည် ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်တွင် စီအက်စ်ကေအေအသင်းကို အိမ်ကွင်းမှာ အနိုင်ရရှိခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ် ၅၀ ကျော်က ရရှိခဲ့သည့် အိမ်ကွင်းပွဲ ၄၀ ရှုံးပွဲမရှိ စံချိန်တစ်ရပ်ကို ရယူနိုင်ခဲ့ပြီဖြစ်သည်။ မန်ယူသည် လူကာကူနှင့် ရက်ရှ်ဖို့ဒ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် စီအက်စ်ကေအေကို အနိုင်ကစားနိုင်ခဲ့ပြီး အုပ်စု(A)ပထမနေရာကို ရယူနိုင်ခဲ့သည်။

မန်ယူသည် ပြီးခဲ့သည့် ၂၀၁၆ စက်တင်ဘာလအတွင်း မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် အရေးနိမ့်ပြီးနောက် အိမ်ကွင်းတွင် ပွဲ ၄၀ အထိ ရှုံးပွဲ လုံး၀ မရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့သော မှတ်တမ်းကောင်းက လာမည့် တနင်္ဂနွေနေ့ အိမ်ကွင်းတွင် ယှဉ်ပြိုင်မည့် မန်စီးတီးနှင့် မန်ချက်စတာဒါဘီပွဲအတွက် ခွန်းအားဖြစ်စေလိမ့်မည်ဖြစ်သည်။ မန်စီးတီးမှာလည်း ၀က်စ်ဟမ်းအသင်းကို အနိုင်ကစားနိုင်ခဲ့ပြီးနောက် လိဂ် ၁၄ ပွဲဆက် အနိုင်ရရှိခဲ့ရာ အာဆင်နယ်၊ ချယ်လ်ဆီးတို့ ၂၀၀၁-၂၀၀၂ နှင့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတို့တွင် ရရှိခဲ့သည့် နိုင်ပွဲဆက်မှတ်တမ်းကို ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။ သို့သော် မော်ရင်ဟိုက "ကျွန်တော်က မှတ်တမ်းတွေအတွက် မကစားပါဘူး၊ မန်ယူမှာ ကျွန်တော်ရှိနေတာက ဆုဖလားတွေ ရယူဖို့ပါ၊ ဒါက မကောင်းဘူးလားဗျာ"ဟု ပြောကြားခဲ့သည်။

| | | |
|---|---|---|
| ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၆) အနိုင်/အရှုံး ရလဒ်များ | | |
| မန်ယူ | ၂ - ၁ | စီအက်စ်ကေအေ |
| ဘင်ဖီကာ | ၀ - ၂ | ဘေဆယ်လ် |
| ဆဲလ်တစ် | ၀ - ၁ | အန်ဒါလက်ချ် |
| ဘိုင်ယန်မြူးနစ် | ၃ - ၁ | ပီအက်စ်ဂျီ |
| ရိုးမား | ၁ - ၀ | ကာရာဘတ် |
| ချယ်လ်ဆီး | ၁ - ၁ | အက်သလက်တီကို |
| ဘာစီလိုနာ | ၂ - ၀ | စပို့တင်းလစ္စဘွန်း |
| အိုလံပီယာကို့စ် | ၀ - ၂ | ဂျူဗင်တပ် |

ခိုင်ဝင်း

## ပက်ဒရိုရွေးချယ်သည့် ချယ်လ်ဆီး၏ အကောင်းဆုံးနှင့် အဆိုးဆုံးများ

စပိန်တိုက်စစ်မှူး ပက်ဒရိုက ချယ်လ်ဆီးရဲ့ အကောင်းဆုံးနဲ့ အဆိုးဆုံးသူတွေကို ရွေးချယ်ပေးခဲ့ပါတယ်။ ပက်ဒရိုရဲ့ ရွေးချယ်မှုအရ အကောင်းဆုံးကစားသမားက ဟာဇက်ဖြစ်ပြီး ၀တ်စုံ၀တ်တာ အဆိုးဆုံးကတော့ ဖာဘရီဂတ်စ်လို့ဆိုလိုက်ပါတယ်။ အက အကောင်းဆုံးက ရူဒီဂါ၊ ဆဲလ်ဖီအရိုက်ဆုံးက ဘက်ရှူအာရီ၊ အလျင်မြန်ဆုံးက မူဆွန်ဒါ၊ ဇာပါကော်စတာ၊ ကန်တီနဲ့ ဝီလီယံတို့လို့ ဆိုပါတယ်။ ပက်ဒရိုက ဒေးဗစ်လုဇ်လည်း အကကောင်းသူဖြစ်ပေမယ့် ရူဒီဂါကတော့ အကောင်းဆုံးလို့ ဆိုခဲ့တာပါ။

ပက်ဒရိုကို ဘယ်သူက ချယ်လ်ဆီးရဲ့ အကောင်းဆုံး ကစားသမားလဲဆိုတာကို မေးမြန်းခဲ့ရာမှာ ဟာဇက်လို့ တိုက်ရိုက်ဖြေကြားခဲ့တာမဟုတ်ဘဲ ပက်ဒရိုက "ကြယ်ပွင့်တစ်ပွင့်၊ အသင်းရဲ့အကောင်းဆုံးကစားသမား၊ အလိမ်အခေါက်၊ ဂိုးသွင်းယူနိုင်မှု၊ ဂိုးဖန်တီးမှု လုပ်ဆောင်နိုင်တယ်၊ အင်မတန်ကောင်းတဲ့ ကစားသမားပါ"လို့သာ သွယ်ဝိုက်ဆိုခဲ့သော်လည်း ယင်းမှာ ဟာဇက်ကိုသာ ရည်ရွယ်ခြင်းဖြစ်တယ်လို့ အဖြေထုတ်လိုက်ကြတာ ဖြစ်ပါတယ်။

မေလှသင်း - ရေးသားသည်

## ဘာစီလိုနာ၊ ပီအက်စ်ဂျီတို့နှင့် တွေ့ဆုံမည်ကို ကြောက်ရွံ့ခြင်း မရှိဟု ဟာဇက် ဝင့်ကြွား

ချယ်လ်ဆီးစူပါစတား အေဒင်ဟာဇက်က မိမိတို့အသင်းမှာလည်း ချယ်လ်ဆီးဖြစ်သဖြင့် ၁၆ သင်းအဆင့်တွင် ဘာစီလိုနာ၊ ပီအက်စ်ဂျီတို့လို အသင်းများနှင့် တွေ့ဆုံရပါကလည်း ကြောက်ရွံ့နေမည်မဟုတ်ကြောင်း အက်သလက်တီကိုနှင့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။ ချယ်လ်ဆီးသည် အက်သလက်တီကိုအသင်းကို အိမ်ကွင်း စတန်းဖို့ဒ်ဘရစ်ချ်တွင် ရင်ဆိုင်ခဲ့ရသော်လည်း အနိုင်မကစားနိုင်ဘဲ တစ်ဂိုးစီ သရေသာထွက်ပေါ်ခဲ့တာကြောင့် ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာသာရရှိခဲ့ရာ အုပ်စုပိုလ်အင်အားကြီး အသင်းများဖြစ်သည့် ပီအက်စ်ဂျီ၊ ဘာစီလိုနာတို့နှင့်တွေ့ဆုံရန် ရှိနေခြင်းဖြစ်သည်။

သို့သော် ဟာဇက်က "ဒါက ပြဿနာတစ်ရပ်မဟုတ်ပါဘူး၊ ကျွန်တော်တို့ကလည်း ချယ်လ်ဆီးပါ၊ ဘယ်လိုအသင်းကိုမဆို ရင်ဆိုင်နိုင်ပါတယ်၊ ပီအက်စ်ဂျီနဲ့ ဘာစီလိုနာတို့ ကောင်းတယ်ဆိုတာလည်း ကျွန်တော်တို့ သိထားပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကလည်း ချယ်လ်ဆီးဖြစ်ပြီး အရာအားလုံးကို ရင်ဆိုင်နိုင်ဖို့အသင့်ပါပဲ"ဟု တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးမှာ ပွဲကို လွှမ်းမိုးနိုင်ခဲ့ပြီး တိုက်စစ်မှူး မိုရာတာ ဂိုးရရှိရန် နီးစပ်ခဲ့သေးသော်လည်း အက်သလက်တီကို၏ ကျစ်လျစ်သည့် ခံစစ်ကြောင်းကြောင့် ဂိုးရရှိရန် ခက်ခဲခဲ့သည်။ ကွန်တီက ချယ်လ်ဆီးသာ အနိုင်ရလဒ်နှင့် ထိုက်တန်ကြောင်း ဆိုခဲ့သော်လည်း ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ကြောင်း ဆိုခဲ့သည်။

## လုခ်ရှော၏ နေထိုင်မှုပုံစံအပေါ် ပေါလ်စခိုးလ် ပြစ်တင်



မန်ယူဂန္ထဝင်ကစားသမားဟောင်း ပေါလ်စခိုးလ်က လုခ်ရှော၏နေထိုင်မှုပုံစံအပေါ် ဝိန်းရွန်းနီနှင့် နိုင်းယှဉ်ကာ ဝေဖန်ပြစ်တင်လိုက်သည်။ အသက် ၂၂ နှစ်အရွယ် လုခ်ရှောမှာ စီအက်စ်ကေအေနှင့် ချန်ပီယံလိဂ်တွင် မန်ယူအတွက် ရှားရှားပါးပါး ပွဲထွက်ခွင့်ရလာခဲ့ပြီးနောက် စခိုးလ်က ပြစ်တင်ဝေဖန်ခဲ့သည်။

လုခ်ရှောမှာ မန်ယူအသင်းအတွက် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသူဖြစ်ပြီး လာမည့်ဇန်နဝါရီဈေးကွက်အတွင်း အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည်ဟု သတင်းထွက်နေသူ ဖြစ်သည်။ လုခ်ရှောမှာ မိမိကိုယ်မိမိ စောင့်ရှောက်မှုအားနည်းသည်ဟု ပြစ်တင်ခဲ့သော်လည်း ပေါလ်စခိုးလ်က "နောက်ကွယ်က အဖြစ်အပျက်တွေက ဘာတွေလဲဆိုတာတော့ ကျွန်တော်တို့လည်း မသိနိုင်ပါဘူး၊ သူက ဘ၀ကို လုပ်ဆောင်နိုင်သမျှ သန့်သန့်ရှင်းရှင်းအနေအထားနဲ့ နေတယ်လို့တော့ ကျွန်တော်မထင်ပါဘူး" ဟူ၍ ပြစ်တင်စကားဆိုခဲ့ခြင်းဖြစ်သည်။ စခိုးလ်က ၂၀၁၄ ခုနှစ် လုခ်ရှောကို မန်ယူမှခေါ်ယူစဉ် ကမ္ဘာ့အကောင်းဆုံး ဘယ်နောက်ခံလူ တစ်ဦးကို ခေါ်ယူနိုင်ခဲ့ပြီဟု ယူဆခဲ့သော်လည်း လက်တွေ့တွင် ထင်သလိုမဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

## ရီးယဲလ် ကို အခက်တွေ့စေဦးမယ့် ဆီဗီလာ ရဲ့ စိန်ခေါ်မှု

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၁၅

၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၁၅ ကို လာမယ့် ဒီဇင်ဘာ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ ရီးယဲလ်အနေနဲ့ အိမ်ကွင်းမှာ ဆီဗီလာကို လက်ခံကစားရမှာဖြစ်တာကြောင့် ပွဲစဉ် ၁၄ မှာ နိုင်ပွဲပျောက်ဆုံးခဲ့မှုကို ကုစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမယ်။

### အလာဗက်စ် - လက်စ်ပါးမက်စ် နံနက် ၂း၃၀ (၉-၁၂-၁၇)

အမှတ်ပေးဇယားအောက်ခြေက နှစ်သင်းဆုံတဲ့ပွဲဖြစ်တာကြောင့် တစ်မျိုးစိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ခြေစွမ်းပိုင်းအရ ကွာဟမှုမရှိဘူးဆိုပေမယ့်လည်း အလာဗက်စ်က အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် လက်စ်ပါးမက်စ်ရဲ့ခံစစ်ပိုင်းကလည်း အားနည်းနေလို့ အလာဗက်စ်တို့ အနိမ့်ဆုံးသရေလောက်ရမယ်။

### ဂီတာဖေး - အီဘား ည ၆း၃၀ (၉-၁၂-၁၇)

အီဘားရဲ့ခြေစွမ်းပိုင်းက အခုနောက်ပိုင်းမှာ အနည်းငယ်ပြန်လည်တည်ငြိမ်လာတယ်ဆိုပေမယ့် ဂီတာဖေးက အိမ်ကွင်းကစားပုံ ကောင်းမွန်မှုရှိပြီး အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း အီဘားအနေနဲ့ ဂီတာဖေးရဲ့ အိမ်ကွင်းခြေစွမ်းကို ထိန်းချုပ်နိုင်ဖို့ခက်ပြီး ဂီတာဖေးကသာ အိမ်ကွင်းနိုင်ပွဲကပ်ရမယ်။

### ရီးယဲလ် - ဆီဗီလာ ည ၉း၄၅ (၉-၁၂-၁၇)

ဘီဘာအိုနဲ့ သရေကျခဲ့ရတာကြောင့် ရီးယဲလ်တို့ ဘာစီလိုနာနဲ့ အမှတ်ကွာဟမှုကို မချုံ့နိုင်ခဲ့တဲ့အတွက် နစ်နာခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆီဗီလာကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ယူရိုပါလိဂ်မှာ အားစိုက်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ရီးယဲလ်တို့ အိမ်ကွင်းလည်းဖြစ်တဲ့ နိုင်ပွဲကပ်ရသွားနိုင်ဖို့ရှိနေပါတယ်။

### ဒီပို့တီဗို - လီဂါနက်စ် နံနက် ၀၀း၀၀ (၁၀-၁၂-၁၇)

ဒီပို့တီဗိုရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ပိုင်း အားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့် လီဂါနက်စ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေကာ တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှု ထင်သလောက်မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပို့တီဗိုသရေလောက်ကစားနိုင်မယ်။

### ဗလင်စီယာ - ဆယ်လ်တာဗီဂို နံနက် ၂း၁၅ (၁၀-၁၂-၁၇)

ဗလင်စီယာခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာဆိုရင် ဗလင်စီယာရဲ့ အသင်းလိုက်ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဆယ်လ်တာဗီဂိုက နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဘာစီလိုနာကို သရေကစားနိုင်ခဲ့ပြီး ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့တာမှန်ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုအချို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဗလင်စီယာကသာ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဆိုစီဒက် - မာလာဂါ ညနေ ၅း၃၀ (၁၀-၁၂-၁၇)

အက်သလက်တီကိုနဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရတာကြောင့် ဆိုစီဒက်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ယူရိုပါလိဂ် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိလာနိုင်ပါတယ်။ မာလာဂါကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း သိသိသာသာအားနည်းတတ်ပြီး ကစားပြီးသမျှ အဝေးကွင်းပွဲတိုင်း အရေးနိမ့်ခဲ့ရတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆိုစီဒက်တို့ အခွင့်အရေးရနိုင်ပြီး နိုင်ပွဲလည်း ရယူသွားနိုင်မှာပါ။

### ဘက်တစ် - အက်သလက်တီကို ည ၉း၄၅ (၁၀-၁၂-၁၇)

ဘက်တစ်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်တယ်လို့ဆိုရမယ်။ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်းပွဲတွေမှာ ရှုံးပွဲတစ်ပွဲသာ ရှိထားတာကို တွေ့ရပါတယ်။ အက်သလက်တီကိုရဲ့ ခြေစွမ်းကတော့ ကောင်းမွန်မှုရှိတယ်ဆိုနိုင်ပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှု ရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အက်သလက်တီကို ကပ်ပြီးသာ နိုင်ခြေရှိတယ်။

### လီဗန်တေး - ဘီဘာအို နံနက် ၀၀း၀၀ (၁၁-၁၂-၁၇)

ဘီဘာအိုအနေနဲ့ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ခြေစွမ်းပိုင်းအရ ရီးယဲလ်ကို သရေကစားနိုင်ခဲ့တာမှန်ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ဘီဘာအိုခြေစွမ်းက ကျဆင်းတတ်တာကို တွေ့ရပါတယ်။ လီဗန်တေးကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ခံကစားလာမှာဖြစ်ပါတယ်။ ဘီဘာအိုတို့ ကစားရခက်ခဲနိုင်ပြီး သရေလောက်ပဲရမယ်။

### ဗီလာရီးယဲလ် - ဘာစီလိုနာ နံနက် ၂း၁၅ (၁၁-၁၂-၁၇)

ဗီလာရီးယဲလ်က ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာမှာဖြစ်ပြီး ဘာစီလိုနာကတော့ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် အဆိုပါပွဲက အရေးမပါတော့လို့ ခြေချန်ကစားလာနိုင်ပါတယ်။ ဘာစီလိုနာအနေနဲ့ ဆယ်လ်တာဗီဂိုနဲ့ သရေကျခဲ့တာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဗီလာရီးယဲလ်တို့ အိမ်ကွင်းဖြစ်ပေမယ့် ဘာစီလိုနာပဲ အနိုင်ရမယ်။

### အက်စ်ပန်ညို - ဂျီရိုနာ နံနက် ၂း၃၀ (၁၂-၁၂-၁၇)

အက်စ်ပန်ညိုရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းက အတော်လေးတည်ငြိမ်မှုရှိပါတယ်။ အိမ်ကွင်းပွဲတွေမှာ ခံစစ်ပိုင်းကစားပုံလည်း ကောင်းမွန်မှုရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုရဲ့တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ မတည်ငြိမ်ပဲ တန်းတက်အသင်းဖြစ်တဲ့ ဂျီရိုနာကလည်း ခြေစွမ်းပိုင်းအရ မဆိုးဘူးလို့ဆိုနိုင်သလို အဝေးကွင်းပွဲတွေမှာ ခံကစားပုံကောင်းမွန်မှုရှိတတ်ပါတယ်။ အဝေးကွင်းမှာ စုစုပေါင်း ခြောက်ပွဲကစားခဲ့ရာမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ရတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ အက်စ်ပန်ညိုတို့ အနိုင်ရယူနိုင်မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်မယ်လို့ ယူဆမိပါတယ်။

# ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် ဆင်လေး နှစ်ကောင်ပေါက်

**ရခိုင် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် ရခိုင်ရိုးမဆင်ဘေးမဲ့တောရှိ ကျားချောင်းဆင်စခန်းတွင် ဆင်လေးနှစ်ကောင် ပေါက်ကြောင်း သိရသည်။

ရခိုင်ရိုးမဆင်ဘေးမဲ့တောအတွင်းရှိ ကျားချောင်းဆင်စခန်းတွင် အရွယ်ရောက်ဆင်မနှစ်ကောင်၊ ဆင်ထီးငယ်နှစ်ကောင်ကို မွေးမြူထိန်းသိမ်းစောင့်ရှောက်ထားရာ နိုဝင်ဘာ ၂၁ ရက်တွင် ဆင်မမွန်ဖိုးလေးက ဆင်မလေးတစ်ကောင် ပေါက်ဖွားခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တစ်ကောင်မှာ အောက်တိုဘာ ၂၃ ရက်က ကျားချောင်းဆင်စခန်းတွင် ဆင်မကြီးချောစုမက ဆင်ထီးလေးတစ်ကောင်ပေါက်ဖွားခဲ့ခြင်းဖြစ်ပြီး ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ရခိုင်ရိုးမဆင်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက ပြောသည်။

အဆိုပါဆင်များကို ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် ကင်းလှည့်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိပြီး ယခုအချိန်တွင် ဆင်ထီးနှစ်ကောင်၊ ဆင်မနှစ်ကောင်နှင့် ဆင်ပေါက်လေးနှစ်ကောင် စုစုပေါင်းခြောက်ကောင်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ နိုဝင်ဘာ ၂၁ ရက်က ဆင်မမွန်ဖိုးလေးမှ ပေါက်သောဆင်မလေးမှာ တောဆင်ရိုင်းဖြင့် မိတ်လိုက်၍ ရရှိသောဆင်ပေါက်လေးဖြစ်ပြီး မိခင်ဆင်မကြီး နှစ်ကောင်နှင့် ဆင်ပေါက်လေးနှစ်ကောင်မှာလည်း ကျန်းကျန်းမာမာရှိကြောင်း သိရသည်။

ရခိုင်ရိုးမဆင်ဘေးမဲ့တောသည် ဂွမြို့နယ်နှင့် သံတွဲမြို့နယ်တို့အတွင်းတည်ရှိပြီး ၆၇၇ ဒသမ ၈၈ စတုရန်းမိုင်ကျယ်ဝန်းကာ အဖိုးတန်မြန်မာတောဆင်ရိုင်းကြီးများ မှီခိုကျက်စားရာဆင်ဘေးမဲ့တောတစ်ခုဖြစ်သည်။ အဆိုပါ တောဆင်ရိုင်းများ အပါအဝင် သားငှက်တိရစ္ဆာန်များကို သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**ညီတူး**





## မြန်မာ ယူ-၂၁ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်း သရေကျ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာယူ-၂၁ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တစ်ဂိုးစီ သရေကျခဲ့သည်။

**မြန်မာ ယူ-၂၁ -တစ်ဂိုး**
**MNL ညွှန့်ပေါင်း -တစ်ဂိုး**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းများနှင့် MNL ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲနှစ်ပွဲစလုံးက တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ MNL ညွှန့်ပေါင်းအသင်းသည် ယူ-၂၃ အသင်း၊ ယူ-၂၁ အသင်းတို့နှင့် ခြေစမ်းကစားခဲ့ပြီး ယင်းအသင်းများ ကြိုတင်ပြင်ဆင်မှု ရစေရန် ကစားစေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အဆုံးသတ် အားနည်းခဲ့၍ နိုင်ပွဲပျောက်ခဲ့ခြင်း ဖြစ်သည်။

MNL ညွှန့်ပေါင်းအသင်းသည် နိုင်ငံခြားသား အများစုဖြင့် ပွဲထွက်လာခဲ့ပြီး ဇော်မင်းထွန်း၊ ကျော်ဇင်ထက်(ဂိုး)၊ ဇင်မင်းထွန်း၊ မင်းမင်းသူတို့ကို တွဲဖက်အသုံးပြုခဲ့သည်။ ခြေစွမ်းပိုင်းအရ MNL ညွှန့်ပေါင်းအသင်းက ပထမပိုင်းတွင် ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်းမှာမူ ပွဲအစတွင် ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ မြန်မာယူ-၂၁ အသင်း တိုက်စစ်အတွဲဖြစ်သည့် ဇင်မင်းထွန်းနှင့် အီစိုးအတွဲမှာ MNL ညွှန့်ပေါင်း နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၃၂ မိနစ်တွင် MNL ညွှန့်ပေါင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး အီမန်နျူရယ်က သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် မြန်မာယူ-၂၁ အသင်း တိုက်စစ်အား မြှင့်ခဲ့ပြီး ၃၉ မိနစ်တွင် တိုက်စစ်မှူး ဇင်မင်းထွန်းက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ကျော်ကိုကို၊ ကြည်လင်း၊ ခရစ္စတိုဖာ၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်တို့ ဝင်လာပြီး နောက်ပိုင်းတွင် MNL ညွှန့်ပေါင်းအသင်း ပိုဖိကစားနိုင်ခဲ့သည်။ သို့သော် တိုက်စစ်မှူးများဖြစ်သည့် ခရစ္စတိုဖာ၊ ကျော်ကိုကိုတို့ ခြေစွမ်းမပြနိုင်၍ ထင်တိုင်းမပေါက်ခဲ့ပေ။ မြန်မာယူ-၂၁ အသင်းသည် တန်ပြန်တိုက်စစ်ဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး ၇၉၊ ၈၇ မိနစ်တွင် တိုက်စစ်မှူး ဇင်မင်းထွန်း အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့သလို ၈၄ မိနစ်တွင် ခရစ္စတိုဖာ၏ ကန်သွင်းမှုမှာလည်း ဘားထိထွက်ခဲ့၍ MNL ညွှန့်ပေါင်းအသင်း ဒုတိယဂိုးနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

သီတာဂူ ရွှေပြည်ဟိန်း ဆေးရုံ ဒီဇင်ဘာလ ၂၃၊ ၂၄၊ ၂၅ (၈၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်
ဒီဇင်ဘာလ ၂ ရက်တွင် စောင့်ရောက်ခဲ့၍ ဒီဇင်ဘာလ ၂၃၊ ၂၄၊ ၂၅ ရက်များတွင် ၈၆-ကြိမ်မြောက် ဦးရေ (၁၀၀၂)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို ... (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို ... လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - ... ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၅၁၀၂၈၇၇၊ ၀၉-၄၄၃၀၅၆၅၆၉
... (Account No. 007-50100701690301) ... ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ထာဝရ ဘုရားဖူးခရီးသွားလုပ်ငန်း
09-260360066, 09-260360006, 09-250570004

ASIA KING TRAVELS
09-77 85 85 911, 09-77 85 85 912, 09-4311 4301

ဖခင်အမည်မှန်
မြောင်းမြမြို့၊ ကွယ်လွယ် အထက (၇)မှ နဝမတန်း(က)တွင် ပညာသင်ကြားနေသော မချစ်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဆန်း [၁၄/မမန(နိုင်)၁၁၈၅၆၁] ဖြစ်ပါသည်။
ဦးအောင်ကျော်ဆန်း

ဦးရဲမင်းပိုင်(သင်္ချာ)
ဆယ်တန်း ဘာသာစုံ ပိုင်း

POST ရာထူးဝင်ခွင့်သင်တန်း
ထွေအုပ်

တွေ့ရှိကအကြောင်းကြားပေးပါရန်
တာချီလိတ်မြို့နေ ကျွန်မ ဒေါ်နန်းအွေ့ [၁၃/တခလ(နိုင်)၀၆၀၅၄၃]၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဆက်သွယ်ရန်
ဖုန်း-၀၉-၄၅၉၉၀၄၄၅၈

အမည်မှန်
နောင်ချိုမြို့နယ်၊ (သုံးဆယ်) သတ္တမတန်းမှ မနူးမာယား၏ ဖခင်အမည်မှန်မှာ ဦးဂျကတ်ဗဟာဒူး [၉/မမန(နိုင်)၀၂၃၉၆၀] ဖြစ်ပါကြောင်း။
ဦးဂျကတ်ဗဟာဒူး

အမည်ပြောင်း
ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့၊ ရွာမ ရပ်နေ (ဘ) ဦးအုန်းမောင်၏ သား ကိုတင်ထက်အောင် [၁၄/ကခန(နိုင်)၀၇၃၉၄၀]အား ကိုထက်အောင်ဟု ခေါ်ပါရန်။
ကိုထက်အောင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ




ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

# တရားမျှတမှုကို သန့်ရှင်းသောလက်ဖြင့် တောင်းခံပါ

ဂျူနီယာတုတ်ကလေး



တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်နိုင်ရန်အတွက် အမှုသည်များ၊ သက်သေများ၊ တရားရုံးနှင့်တစ်နည်းနည်း သက်ဆိုင်နေသူများကလည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

တရားမျှတမှုကို သန့်ရှင်းသောလက်ဖြင့် တောင်းခံရန်လိုအပ်ပေသည်။ သန့်ရှင်းသောလက်ဖြင့် မတောင်းခံခြင်းကြောင့် ဥပဒေနှင့်ညီသော်လည်း တရားမျှတမှုနှင့်အလှမ်းဝေးနေရသည့် အမှုတစ်ခုကို သာဓကအဖြစ် တင်ပြလိုပါသည်။ တရားရုံးများတွင် တရားမမှုများ၌ အများဆုံးတွေ့ရှိရသည့်အမှုများမှာ အတိုးဖြင့် ငွေချေးမှုများဖြစ်သည်။ ဥပဒေအရ ငွေတိုးချစားသည့် လိုင်စင်မရှိသူများသည် အတိုးဖြင့်ငွေချေးငှားပေးနိုင်ခြင်း မရှိပေ။ ထိုအချက်ကို ငွေချေးပေးသူများက သိရှိကြပြီး ငွေချေးယူသူ အချို့ကလည်း သိရှိကြသည်။

**အရပ်စာချုပ်ချုပ်**

သို့ရာတွင် ငွေချေးယူသူများက ငွေချေးပေးသူအလိုကျ အရပ်စာချုပ်များ ချုပ်ဆိုပေးခြင်း၊ စာချုပ်အလွတ်များပေါ်တွင် လက်မှတ်ရေးထိုးပေးခြင်းတို့ ပြုလုပ်ကြသည်။ ယခုအမှုတွင် ငွေချေးစဉ်က ငွေကျပ်သိန်း ၂၀ ချေးယူခဲ့ခြင်းဖြစ်သည်။ သုံးနှစ်ခန့်အထိ မပေးဆပ်နိုင်သောကြောင့် အတိုးအရင်းပေါင်း၍ ငွေကျပ်သိန်း ၈၀ ကို မေတ္တာဖြင့် အတိုးမဲ့ချေးယူခဲ့သည်ဟု စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပေးခဲ့သည်။ ငွေရှင်က ၎င်းနှင့် မကင်းရာမကင်းကြောင်းဖြစ်သူနှစ်ဦးအား သက်သေအဖြစ်လက်မှတ်ရေးထိုးစေခဲ့သည်။ ထို့နောက် ငွေရှင်က ထိုစာချုပ်ကိုအခြေပြု၍ ငွေရလိုမှုဖြင့် တရားစွဲဆိုသည်။ သက်သေနှစ်ဦးကလည်း စာချုပ်ပါအတိုင်း ထောက်ခံထွက်ဆိုကြသည်။ သက်သေခံဥပဒေအရ စာရွက်စာတမ်း သက်သေခံချက်ခိုင်လုံလျှင် နှုတ်သက်သေခံချက်ကို ထည့်သွင်းစဉ်းစား၍မရကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် ငွေယူသူက ငွေများကိုအတိုးနှင့် ချေးယူခဲ့ခြင်းဖြစ်ပြီး အတိုးအရင်းပေါင်း၍ စာချုပ်ချုပ်ဆိုထားခြင်းဖြစ်ကြောင်း ထုချေသော်လည်း စာချုပ်ပါလက်မှတ်မှာ ၎င်း၏လက်မှတ်ဖြစ်ကြောင်း ပေါ်ပေါက်ပြီး ထိုစာချုပ်ကို ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်းနှင့် ခြိမ်းခြောက်ခြင်းကြောင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သက်သေမတင်ပြနိုင်လျှင် အမှုတွင် ငွေရှင်ကိုသာ အနိုင်ပေးရမည်ဖြစ်သည်။ ထိုသို့ အနိုင်ရပြီးနောက် ငွေချေးယူသူက ငွေမပေးနိုင်သောအခါ ငွေရှင်က တရားမဇာရီမှုဖွင့်၍ တောင်းခံသည်။ သို့သော်လည်းမပေးဆပ်နိုင်သောကြောင့် ငွေချေးယူသူပိုင်ဆိုင်သည့် ငွေကျပ် သိန်း ၂၅၀ ခန့်တန်ဖိုးရှိသည့် အိမ်နှင့်မြေကို လေလံတင်ရောင်းချပေးရန် လျှောက်ထားရာ တရားရုံးက ဥပဒေနှင့်အညီ ငွေကျပ်သိန်း ၂၅၀နှင့်လေလံတင်ရောင်းချရန်စီစဉ်ခဲ့သည်။ မြန်မာတို့၏ဓလေ့အရ အမှုဖြစ်နေသောပစ္စည်းကို မဝယ်ယူလိုကြပေ။ ဝယ်ယူမည့်သူမရှိ၍ လေလံဈေးကို တဖြည်းဖြည်းလျှော့ချခဲ့ရာ နောက်ဆုံးတွင် ငွေကျပ်သိန်း ၇၀အထိ လျှော့ချခဲ့ပြီး ငွေရှင်က ငွေကျပ် ၇၁ သိန်းကျပ်ဖြင့် အကြွေးဖြင့်ခုနှိမ်ကာ ဝယ်ယူ ခဲ့သည်။

ထို့နောက် အိမ်ကိုလက်ရောက်ပေးအပ်ရန် အမိန့်ထုတ်ဆင့်ခဲ့သော်လည်း မပေးအပ်သဖြင့် အင်အားသုံးဖယ်ရှားစေခဲ့ရာ ချေးယူသူက ပြန်လည်ခုခံခဲ့သဖြင့် နောက်ဆက်တွဲအမှုများ ထပ်မံဖြစ်ပွားခဲ့ရသည်။ ထိုကဲ့သို့သောအမှုမျိုးတွင် ရှုံးနိမ့်သူက တရားရုံးအားဆန္ဒပြခြင်းနှင့်အိမ်ကို လက်ရောက်ပေးအပ်ရန်ဆောင်ရွက်ရသူ ဘီလစ်စာရေးအား ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်းတို့ မကြာခဏဖြစ်ပွားကြသည်ကို အများအသိပင်ဖြစ်သည်။

အထက်ပါအမှုကို သာမန်အားဖြင့်ကြည့်ပါက ငွေကျပ်သိန်း ၂၀ ချေးယူခဲ့သည်ကို တရားရုံးက မျှတမှုမရှိဘဲ ငွေကျပ်သိန်း ၂၅၀ခန့်တန်သည့်အိမ်ကို ငွေရှင်အား မတရားပေးအပ်သည်ဟု ဆိုနိုင်ပေမည်။ သို့ရာတွင် ဥပဒေကိုနားလည်သူက တရားရုံးသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်ကို သိရှိနိုင်ပါသည်။ သို့ဆိုလျှင် ဥပဒေက မတရား၍လားဟု မေးရန်အကြောင်း ရှိပေသည်။

**လိမ်လည်ဖန်တီး**

စာရွက်စာတမ်းသက်သေခံချက်များကို နှုတ်သက်သေခံချက်ဖြင့် ပယ်ဖျက်၍ရမည်ဆိုပါက အမှုများတွင်များစွာရှုပ်ထွေးပြီး အလွယ်တကူဖန်တီး၍ရသော နှုတ်သက်သေခံချက်များကို လိမ်လည်ဖန်တီးလာနိုင်ကာ အမှုဆုံးဖြတ်ရန် ခက်ခဲသွားမည်ဖြစ်သည်။ လူတို့၏ သဘောသဘာဝအရ မိမိအပြစ်ကိုမမြင်ဘဲ အခြားသူ၏အပြစ်ကိုသာ မြင်တတ်ကြသည်။ အထက်ပါအမှုတွင် အတိုးမဲ့မေတ္တာဖြင့် ချေးပေးခဲ့ခြင်းမရှိကြောင်း ငွေချေးယူသူကသိရှိသော်လည်း ၎င်းကိုယ်တိုင် သဘောတူ၍ စာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်သည်။ ငွေချေးပေးသူကလည်း စာချုပ်မှာ အဖြစ်မှန်ကို ဖုံးကွယ်၍ ချုပ်ဆိုထားခြင်းဖြစ်ကြောင်း သိရှိသော်လည်းလိမ်ညာ၍ တရားစွဲသည်။ သက်သေနှစ်ဦးကလည်း မဟုတ်မမှန် ထွက်ဆိုကြသည်။ ထို့ကြောင့် အမှုတွင် ပေါ်ပေါက်ချက်များအရ ဆုံးဖြတ်ခြင်းဖြစ်၍ ဥပဒေနှင့်ညီသော်လည်း အမှန်တရားနှင့်ကင်းကွာနေသည်၊ တရားမျှတမှုမရှိဟု ဆိုနိုင်ပေသည်။ ထိုအခြေအနေတွင် တရားစီရင်ရေး၏ သဘောသဘာဝနှင့် ဥပဒေ၏ သဘောသဘာဝကို တတ်သိကျွမ်းကျင်မှုမရှိသော မီဒီယာများသည် သဘောရိုးဖြင့် တရားရုံးကမမှန်မကန်ပြုလုပ်နေသည်ဟု သတင်းရေးသားမည်ဆိုပါက ပြည်သူများက တရားရုံးများအပေါ် အမြင်စောင်းလာပေမည်။

အထက်ပါဖြစ်ရပ်မျိုးကို တရားမမှုဖြင့် မစွဲဆိုဘဲ တရားခံသည် ငွေများကို လိမ်လည်၍ ရယူသည်၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်သည်ဟု ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားလေ့ရှိသည်။ ရဲက ၎င်းတို့ တင်ပြသည့်အတိုင်းလက်ခံကာ အမှုကို တည်ဆောက်သည်။ ဥပဒေအရာရှိကလည်း ထိုတင်ပြချက်အတိုင်း အကြံပေး၍ တရားစွဲဆိုသည့်အမှုများ ရှိတတ်ပါသည်။ တရားရုံးကလည်း ၎င်းတို့၏တင်ပြသည့်အတိုင်း လက်ခံကာ တရားခံကို အပြစ်ပေးမည်ဆိုပါက တရားခံတွင် များစွာနစ်နာရမည်ဖြစ်ပါသည်။ တိုင်ကြားသူတင်ပြသည်ကို သေချာစွာမစစ်ဆေးဘဲ သဘောရိုးနှင့်ဆောင်ရွက်ခြင်းမျိုးရှိသကဲ့သို့ အဂတိတရားတစ်ပါးပါးအရ ဆောင်ရွက်ခြင်းမျိုးလည်း ရှိတတ်ပါသည်။

**အမှန်ကိုထွက်ဆိုရန် လိုအပ်**

ထို့ကြောင့် နှစ်ဖက်သက်သေများကလည်း အမှန်ကို ထွက်ဆိုကြရန် လိုအပ်ပေသည်။ မြန်မာတို့၏ ဓလေ့အရလည်း အမှန်တရားကိုသိရှိသည့် မျက်မြင်သက်သေများသည် တရားရုံးရှေ့တွင် သက်သေခံရန် ဝန်လေးတတ်ကြသည်။ မြန်မာတို့သည် ရုံးရောက်၊ ဂတ်ရောက်သည်ကို ကြောက်ရွံ့ကြသည်၊ ရှက်ရွံ့ကြသည်။ အဖြစ်မှန်ကို သိလျက်နှင့် ရုံးရှေ့တွင်သက်သေမခံလိုကြပေ။ အမှုမှန်ပေါ်ပေါက်ရေးအတွက် မျက်မြင်သက်သေများကလည်း အမှန်အတိုင်းထွက်ဆိုရန် လိုအပ်ပေမည်။

မြန်မာတို့သည် ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာရန်အားနည်းတတ်ကြသည်။ သာမန်အားဖြင့် တိုက်တာ၊ မြေယာကဲ့သို့သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ လွှဲပြောင်း ပေးအပ်ခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်းတို့ကို မှတ်ပုံတင်စာချုပ်ဖြင့်ဆောင်ရွက်မှသာ တရားဝင်အတည်ဖြစ်ကြောင်း ဥပဒေအရ သတ်မှတ်ထားသည်။ မှတ်ပုံတင်စာချုပ်ချုပ်ဆိုလျှင် သတ်မှတ်ထားသည့် အခွန်အခများကို နိုင်ငံတော်သို့ ပေးသွင်းရမည်ဖြစ်သည်။ အချို့က ထိုကဲ့သို့မှတ်ပုံတင်စာချုပ် ချုပ်ဆိုရမည်ကို မသိရှိ၍လည်းကောင်း၊ အချို့က သိရှိသော်လည်း အခွန်မထမ်းဆောင်လို၍လည်းကောင်း မှတ်ပုံတင်စာချုပ်မချုပ်ဆိုဘဲ ဆောင်ရွက်ကြသည်။

အမှုဖြစ်လာသောအခါ ဥပဒေအရ မှတ်ပုံတင်စာချုပ် မချုပ်ဆိုခဲ့သဖြင့် တရားမဝင်ကြောင်း ဆုံးဖြတ်သည့်အခါ တရားရုံးက မတရားဆုံးဖြတ်သည်ဟု ထင်မြင်ကြလေသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံမှ ဥပဒေပညာရှင်တစ်ဦးနှင့် ဆွေးနွေးခဲ့ဖူးသည်။ ၎င်းတို့နိုင်ငံတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းရောင်းချရာတွင် မှတ်ပုံတင်ရန်မလိုကြောင်း၊ သို့ရာတွင် ၉၀ ရာခိုင်နှုန်းကျော်သည် မှတ်ပုံတင်ကြကြောင်း၊ ပိုင်ဆိုင်မှု အငြင်းပွားခြင်းကို ကာကွယ်ရန်အတွက် နိုင်ငံတော်သို့ အခွန်အခပေးကာ မှတ်ပုံတင်ကြခြင်းဖြစ်ကြောင်း၊ အခွန်မဆောင်လိုသူများကသာ မှတ်ပုံမတင်ကြကြောင်း ဖြေကြားပါသည်။ မိမိတို့နိုင်ငံတွင် ဥပဒေအရ မှတ်ပုံတင်ရမည်ဖြစ်သော်လည်း မသိနားမလည်၍လည်းကောင်း၊ အခွန်မပေးဆောင်လို၍လည်းကောင်း မှတ်ပုံမတင်ကြပေ။ လွှဲပြောင်းရောင်းချသူ၏ ၉၀ ရာခိုင်နှုန်းကျော်သည် မှတ်ပုံမတင်ကြသည်ကိုတွေ့ရှိရသည်။ အမှန်တကယ် ရောင်းဝယ်သည့်တိုင်အောင် အထူးကိုယ်စားလှယ်လွှဲစာ (SP) များဖြင့် အဆင့်ဆင့် ရောင်းချကြသည်။ ခြောက်ဦး၊ ခုနစ်ဦးအထိ (SP) ဖြင့် အရောင်းအဝယ် ပြုလုပ်ထားသည်ကို တွေ့မြင်ဖူးပါသည်။

လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများတွင် မြေယာပြဿနာများသည် ရှေ့တန်းမှ ပါဝင်နေပါသည်။ မိဘဘိုးဘွားလက်ထက်ကတည်းက နေထိုင်လုပ်ကိုင် စားသောက်လာသူများသည် အဆိုပါမြေယာများကို ၎င်းတို့အမည်ပေါက်မှတ်ပုံတင်၍ သတ်မှတ်ထားသည့် အခွန်အခများကို နိုင်ငံတော်သို့ပေးသွင်းရမည်ဖြစ်ပါသည်။ ထိုသို့မဆောင်ရွက်ခဲ့သဖြင့် ဥပဒေကိုနားလည်သောမသမာသူများက အဆိုပါမြေယာများကို ၎င်းတို့အမည်ပေါက် ဂရန်အမည်ပေါက်ခြင်းနှင့် မှတ်ပုံတင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာဌာနများကလည်း သေချာစွာမစစ်ဆေးခြင်း၊ အဂတိတရားတစ်ပါးပါးကို လိုက်စားခြင်းဖြင့် ခွင့်ပြုခဲ့ကြသည်။ ဥပဒေအရ ဂရန်အမည်ပေါက်သူနှင့် မှတ်ပုံတင်ထားသူကိုသာ သာမန်အားဖြင့် ပိုင်ရှင်အဖြစ်သတ်မှတ်ပေသည်။

**မသိနားမလည်**

အမည်ပေါက်ရန်လျှောက်ထားစဉ်က အများပြည်သူဆိုင်ရာနေရာများနှင့်သတင်းစာတို့တွင် ကန့်ကွက်ရန် ကြေညာခဲ့သော်လည်း လက်ရှိဖြစ်သူက မသိနားမလည်၍ ကန့်ကွက်ခြင်းမပြုခဲ့ပေ။ ထိုသို့ ကြေညာရာတွင်လည်း မြို့နယ်၊ ကွင်းအမှတ်၊ အကွက် အမှတ်၊ ဦးပိုင်အမှတ်စသည်ဖြင့် မြေစာရင်းမြေပုံပါအချက်များကို ကြေညာခြင်းဖြစ်၍ ဗဟုသုတ နည်းပါးသည့် လက်ရှိဖြစ်သူကိုယ်တိုင် အဆိုပါကြော်ငြာစာကို ဖတ်ရှုရသည့်တိုင်အောင် ၎င်း၏ မြေကွက်ကို ကြေညာနေသည်ဟု သိရှိမည်မဟုတ်ပေ။ ထို့ကြောင့် အမည်ပေါက်ပြီး နောက်ပိုင်းတွင် လက်ရှိဖြစ်သူများကို ဖယ်ရှားစေသည့်အခါ ၎င်းတို့က သက်ဆိုင်ရာဌာနများတွင် ကန့်ကွက်ခဲ့ကြသည်။ ဌာနများက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်၍ ၎င်းတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ငြင်းဆိုကြသည်။

ထို့ကြောင့် အမည်ပေါက်သူက တရားရုံးများတွင် လက်ရှိနေထိုင်သူများ ကို ဖယ်ရှားပေးရန် လျှောက်ထားကြသည်။ တရားရုံးများကလည်း သာမန်အားဖြင့် နိုင်ငံတော်ကထုတ်ပေးထားသည့်ဂရန်ကို မူတည်၍သာ အဆုံးအဖြတ်ပြုနိုင်မည်ဖြစ်သည်။ လက်ရှိဖြစ်သူများက အဆိုပါဂရန်အမည်ပေါက်သူသည် လိမ်လည်၍ မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ကြောင်း သက်သေထင်ရှား ပြသနိုင်မှသာလျှင် အနိုင်ရမည်ဖြစ်ပေသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း အဆိုပါမြေနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် ရှိ၊ မရှိကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြေညာခဲ့ပြီးဖြစ်၍ လက်ရှိဖြစ်သူအနေဖြင့် သက်သေပြရန် ခဲယဉ်းလှသည်။

ဥပဒေကိုနားမလည်သူများအပေါ် လက်တစ်လုံးခြားဆောင်ရွက်ခဲ့သည့်အပေါ် တရားရုံးများက ကုစားရန်ခဲယဉ်းလှသည်။ နောက်ဆုံးတွင် တရားရုံးက အင်အားသုံးဖယ်ရှားသည့်အခါ မတရားလုပ်သည်ဟုဆိုကာ တရားရုံးများအပေါ် အမြင်စောင်းကြသည်။ လက်ရှိဖြစ်သူက ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သည်ကို အခွင့်ကောင်းယူ၍ အခြားသူက ဂရန်လျှောက်ထားသည်၊ သက်ဆိုင်ရာဌာနက သေချာစွာစစ်ဆေးခြင်းမပြုဘဲ ဂရန်ထုတ်ပေးသည်။ အများသိရန်ကြေညာစဉ်တွင်လည်း လက်ရှိဖြစ်သူက ကန့် ကွက်ရန်ပျက်ကွက်ခဲ့သည်။

တရားသူကြီးများသည် နတ်မဟုတ်၊ တန်ခိုးရှင်မဟုတ်၊ အကြားမြင်ဆရာများမဟုတ်ကြ။ သာမန်လူသားများသာဖြစ်၍ အမှုတွဲတွင်ပေါ်ပေါက်သောအချက်အလက်များကို ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆုံးဖြတ်ကြရသည်။ အမှုတွဲပါအချက်အလက်နှင့် ဖြစ်ရပ်မှန်တို့ဆန့်ကျင်နေပါက ဥပဒေနှင့်ညီသော်လည်း ဖြစ်ရပ်မှန်နှင့်ကွဲလွဲမည်သာဖြစ်သည်။ ထို့ကြောင့် တရားရုံးများက မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် ပြည်သူများသာမက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း မိမိတို့၏ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်သည်။ သို့မှသာ တရားရုံးများက မှန်ကန်စွာဆုံးဖြတ်နိုင်ပေမည်။

ထို့ကြောင့် တရားမျှတမှုကို သန့်ရှင်းသောလက်ဖြင့် တောင်းခံကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

## ဒေသန္တရစီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခွန်အကောက်ဆိုင်ရာများ ရှင်းလင်း



**မကွေး ဒီဇင်ဘာ ၆**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ဒေသန္တရစီမံကိန်း ရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အထောက်အကူပြု ကော်မတီဝင်များသို့ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက မကွေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီး အစိုးရအနေနှင့် ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူ မှု၊ တာဝန်ခံမှုရှိစေရန်၊ ထိရောက်စွာ အသုံးပြုစေရန် ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ္ဍာနှစ်ကိုလည်း ယခင်ဧပြီလ ၁ ရက်မှ မတ် ၃၀ ရက်အထိ ရေးဆွဲရာမှ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲသတ်မှတ် ပြီးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် အခွန်အကောက်များနှင့် အခြား သာမန်ရငွေများ အပြည့်အဝကောက်ခံရရှိစေရေး ဖိဖိစီးစီးဆောင်ရွက်ကြရန်နှင့်အသုံးစရိတ်များကို ကြပ်မတ်ရန်၊ မလိုအပ်သော အသုံးစရိတ်များကို စိစစ်၍ သတ်မှတ်ရန်ပုံငွေများအား စီမံကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရီရီ မြင့်က ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်က ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပတ်သက်သည့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးမှုအပေါ် သိရှိလိုသော မေးခွန်းများမေးမြန်းခဲ့ကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က စီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းထွေးက အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသော မေးခွန်းများမေးမြန်းမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မိတ္ထီလာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု အခြေအနေ တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ ဒီဇင်ဘာ ၆**
မိတ္ထီလာတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ(TCRC )နှင့်ကျောက်ပန်းတောင်း၊ မိတ္ထီလာ ကလေးအခွင့်အရေး ပူးပေါင်းဆောင်ရွက်သောအဖွဲ့ ( Upper KMN )တို့ တွေ့ဆုံ၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre ) ခန်းမ၌ ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ( TCRC ) ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းငွေက မြို့ နယ်အတွင်းကလေးသူငယ်များ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကလေးသူငယ်အခွင့်အရေးများဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Upper KMN မှ ဧရိယာမန်နေဂျာ ဦးထွန်းထွန်းဝင်းက ကျောက်ပန်းတောင်း၊ မိတ္ထီလာ ကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သော အဖွဲ့ (Upper KMN )က ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် တွေ့ဆုံဆွေးနွေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာနှင့် ကျောက်ပန်းတောင်း မြို့ နယ်များမှ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Upper KMN မှ နာယက ဦးမောင်ကိုက ကလေးသူငယ်များ၏ အခွင့်အရေးများကို ရရှိခံစားနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသူများအားကျေးဇူးတင်ကြောင်းနှင့် ဆက်လက်၍ ကလေးသူငယ်များ၏အခွင့်အရေးဆိုင်ရာလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် တိုက်တွန်းပြောကြားသည်။

ကျောက်ပန်းတောင်း၊ မိတ္ထီလာ ကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သောအဖွဲ့ (Upper KMN) အနေဖြင့် စီမံချက်ဝင်ကျေးရွာများနှင့် အခြားကလေးများအားလုံး ကလေးအခွင့်အရေးများရရှိပြီး ၎င်းတို့၏ဘဝတွင် လတ်တလော နှင့် ရေရှည်အပြောင်းအလဲများဖြစ်ပေါ်လာစေရန်၊ ချိတ်ဆက်မှုအားကောင်းပြီး ကလေးအခွင့်အရေးနှင့်သက်ဆိုင်သောလုပ်ငန်းရပ်များကို ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊ ကလေးများအပေါ် ပိုမိုကောင်းမွန်သောဆက်ဆံရေး အားပေးမြှင့်တင်ဆောင်ရွက်သွားစေရန်၊ ကလေးများအပေါ် တာဝန်ခံမှုနှင့်ကလေးများ အသံတိုးမြှင့်လာမှုကြောင့် နိုင်ငံတော်အဆင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာစနစ် အားကောင်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကလေးအခွင့်အရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## လမ်း၊ တံတား၊ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၆**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား၊ အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက နေပြည်တော်လမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် (ဆောက်လုပ်ရေး၊ စီမံ၊ ဘဏ္ဍာ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုကဏ္ဍများ တာဝန်ခံ) ဦးတင်ထွဋ်က ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆောက်လုပ်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေမှုများနှင့်ပတ်သက်၍ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အချိန်နှင့်တစ်ပြေးညီ အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာဌာနများအား ကူညီပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးကြပါရန်နှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း နယ်မြေဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ပြုံးပြုံးခိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆောက်လုပ်ရေးဆိုင်ရာ လမ်း၊ တံတား၊ အဆောက်အအုံလုပ်ငန်းများ၏ တိုးတက်မှု၊ ပြီးစီးမှုများအား ရှင်းလင်းပြောကြားပြီး လုပ်ငန်းများအားလုံး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အဆောက်အအုံဦးစီးဌာန ၊ အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၄)၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ နေပြည်တော်လမ်းဦးစီးဌာန ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်တို့၏ တာဝန်ခံအင်ဂျင်နီယာများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် လျာထားဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းဆွေးနွေးကြရာ ယင်းရှင်းလင်းဆွေးနွေးချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြန်လည်အကြံပြုဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် (ဆောက်လုပ်ရေး၊ စီမံ၊ ဘဏ္ဍာ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုကဏ္ဍများတာဝန်ခံ) ဦးတင်ထွဋ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်လမ်းဦးစီးဌာန၊ နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ တံတားဦးစီးဌာန၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)တို့မှ အင်ဂျင်နီယာချုပ်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်တို့မှ ခရိုင်တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြကြောင်း သိရသည်။

**(ရွှေကုက္ကို)**

## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ပြိုင်ပွဲတွင်ဆုရရှိကြသည့် နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ပညာပေးပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်သည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြသထားသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆုရကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

**စိုးမိုး(ပြန်/ဆက်)**

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ညောင်ဦး၌ကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၆**
ညောင်ဦးတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်း၊ ဒုတိယခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နီနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဒုတိယခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နီက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်းသိကောင်းစရာများ၊ ဆောင်ရန်ရှောင်ရန်များ၊ ကူးစက်ပုံများ၊ ကူးစက်ခံရပါက ကုသနည်းများကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးမှူးဦးဖြိုးဇင်အောင်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကို အဆိုပါရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်၍ အဓိကကျသော မေးခွန်းများကို မေးမြန်းဆွေးနွေးခဲ့ပြီး အဖြေမှန်ဖြေဆိုနိုင်သည့် ကျောင်းသားကျောင်းသူများကို အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ပဲခူးစာအုပ်လမ်း(Bago Book Street)ဖွင့်ပွဲကျင်းပ



**ပဲခူး ဒီဇင်ဘာ ၆**
စာပေချစ်မြတ်နိုးသူများအတွက် ပဲခူးစာအုပ်လမ်း(Bago Book Street)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း ဗုဒ္ဓအသံမေ့ဗိမာန်ရှေ့၌ ကျင်းပသည်။

ပဲခူးစာအုပ်လမ်းကို ဒီဇင်ဘာ ၅ ရက်မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အပတ်စဉ်အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း ညနေ ၄ နာရီမှည ၁၀ နာရီအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်သည့်အပြင် စာပေချစ်မြတ်နိုးသူများအတွက် ဘာသာရပ် မျိုးစုံစာအုပ်များ၊ သုတ၊ ရသ၊ အတွေးအမြင် တိုးတက်ရေး၊ ဘာသာပြန်၊ ကလေးစာပေ၊ ပုံပြင်စာအုပ်မျိုးစုံ၊ စာအုပ် အသစ်၊ အဟောင်းများစွာကို စာပေတိုက်ပေါင်းစုံမှ လာရောက်ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပြီး ရေးသူ၊ ဖတ်သူဆွေးနွေးပွဲများ၊ စာပေချစ်မြတ်နိုးသူများ၏ စကားဝိုင်းများကိုလည်းအပတ်စဉ်ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာအုပ်လမ်းပွဲတော်ကို ပဲခူးမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ရွှေမော်ဓောဘုရားလမ်းအနောက်ဘက်မုခ် ပလက်ဖောင်းပေါ်တွင် ဖွင့်လှစ်ရောင်းချရာဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုဝယ်ယူအားပေးကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ပြည်တွင်း ပဲစားသုံးမှုမြှင့်တင်ရေးအရောင်းဆိုင် တွံတေးမြို့၌ဖွင့်လှစ်

**တွံတေး ဒီဇင်ဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိပြည်သူလူထုစားသုံးသူပြည်သူများလက်ဝယ်သို့အသင့်စားပဲများလွယ်ကူစွာ ရောက်ရှိစားသုံးနိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်မှူးရုံးမှ တွံတေးမြို့ စည်ပင်သာယာမြို့မဈေးတွင် ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ရေးအရောင်းဆိုင်ကို ဒီဇင်ဘာ ၅ ရက် နံနက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါအရောင်းမြှင့်တင်ရေးအရောင်းဆိုင်ဖွင့်ပွဲတွင် တွံတေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေအောင်က ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်မှူးရုံးမှ တွံတေးမြို့ စည်ပင်သာယာဈေးတွင် စားသုံးသူများ လက်ဝယ်သို့အသင့်စားသုံးနိုင်သောမတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အခွံချွတ်ပဲများ လွယ်ကူစွာရောက်ရှိစားသုံးနိုင်ရေး၊ ပဲစားသုံးမှုမှရရှိမည့်ကျန်းမာရေးအကျိုးကျေးဇူးများ၊ ပဲတွင်ပါဝင်သော အာဟာရဓာတ်ဗီတာမင်များအကြောင်းစားသုံးသူများအား ရှင်းလင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များအခမဲ့ဝေငှပေးခြင်း၊ စားသုံးသူပြည်သူများ လတ်ဆတ်သောပဲများ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရန် ဒီဇင်ဘာ ၁ ရက် နံနက်က စတင်ရောင်းချခဲ့ပြီး ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ရေး အရောင်းဆိုင်အားနေ့စဉ်ဖွင့်လှစ်လျက်ရှိကြောင်းသိရသည်။

စားသုံးသူတစ်ဦးကလည်း "အခုလိုလတ်ဆတ်တဲ့ပဲတွေရောင်းပေးတဲ့အတွက် စားသုံးတဲ့ကျွန်မတို့အတွက် များစွာအကျိုးရှိပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့အတွက်ဝမ်းသာပါတယ်။ ရေရှည်ဖွင့်လှစ်ပေးရင် ပိုကောင်းပါတယ်ဟု" ဈေးဝယ်သူ ဒေါ်တင်ဦးကပြောသည်။

**မျိုးလှိုင် (တွံတေး)**

# နိုင်ငံတကာ အဆင့်မီ အခြေခံ ကင်းထောက်ခေါင်းဆောင် သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**
အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်က မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်ခဲ့သော အခြေခံ ကင်းထောက်ခေါင်းဆောင် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၄ ရက် ညနေပိုင်းက နေပြည်တော် Gold Camp အားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ နည်းပြဆရာ Mr.Ivan Tan တို့က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကိုယ်စား ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ဆရာဦးစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ဆရာမ ဒေါ်ရီရီမြင့်တို့က သင်တန်းအတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးဦးအေးကြူတို့က ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ သင်တန်းနည်းပြ ဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကာ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ Adult Resource & Admin Director Mr.Thian Hiong Boon က သင်တန်းတက်ရောက်ခဲ့သည့် ကင်းထောက်ကြီးများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ဟောင်ကောင်မှ ကင်းထောက် ကိုယ်စားလှယ်များက ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဖွဲ့စည်းပုံများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ ကင်းထောက်ဂျမ်ဘူရီပွဲများနှင့် ညီလာခံများ၊ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ မီးပုံပွဲများ ကျင်းပရာတွင် လိုက်နာလုပ်ဆောင်ရမည့် အချက်အလက်များ၊ တေးသီချင်းများ၊ စုပေါင်းကစားနည်းများ၊ တောတွင်း စခန်းချ လေ့ကျင့်သင်ကြားမှု ပညာရပ်များ၊ ကင်းစိတ်၊ ကင်းစု လှုပ်ရှားမှုများ၊ ကင်းထောက်လူငယ်များအား စည်းရုံးလေ့ကျင့်သင်ကြားပို့ချနည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။

နိုင်ငံတကာအဆင့်မီ အခြေခံကင်းထောက် ခေါင်းဆောင်သင်တန်းသို့ ကင်းထောက်ကြီးများ၊ အခြေခံပညာ ဦးစီးဌာနမှ ကင်းထောက် ဆရာ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများမှ ကင်းထောက် ကိုယ်စားလှယ်များ၊ တက္ကသိုလ် ကောလိပ်များမှ ကင်းထောက်ခေါင်းဆောင်များ စုစုပေါင်း ၉၆ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ Adult Resource & Admin Director Mr.Thian Hiong Boon ခေါင်းဆောင်သော ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ဟောင်ကောင်တို့မှ ကင်းထောက် နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ကြေးမုံ**

# မသန်စွမ်းသက်ကြီး သင်တန်းကျောင်းအခမဲ့ သက်မွေး သင်တန်း များဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံရိုက်သင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာ သင်တန်းများကို ဇန်နဝါရီ ၂ ရက်မှစ၍ သုံးလကြာသင်ကြားပေးမည်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းအခမဲ့သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းဖြစ်ရမည်ဖြစ်ကာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ် ၆၅ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နေသစ်ဦး**

# ဒလ–ပန်းဆိုးတန်းသင်္ဘောပေါ်ရှိ နံရံကပ်စာပေ ရေချမ်းစင်စာစဉ်များကို စည်းကမ်းရှိစွာဖတ်ရှုပေးခြင်းဖြင့် ကူညီပေးစေလို

**ဒလ ဒီဇင်ဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စာပေဗဟုသုတများတိုးပွားစေနိုင်ရေးအတွက် လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်စေရန် ဒလ-ပန်းဆိုးတန်းကူးတို့ ရေယာဉ်ချယ်ရီ(၁)နှင့် ချယ်ရီ(၂) တို့၌ အသိပညာပေး နံရံကပ်စာပေရေချမ်းစင်ကို ထားရှိပြီး ဝန်ထမ်းများက လစဉ်ပုံမှန်သွားရောက် လဲလှယ် ဆောင်ရွက်ပေးလျက်ရှိသည်။

သင်္ဘောဖြင့် ခရီးသွားလာကြသော မိဘပြည်သူများအနေဖြင့် စာပေရေချမ်းစင်၌ ဖတ်ရှုပြီးသော စာစဉ်များကို စနစ်တကျ ပြန်လည်ထားရှိပေးခြင်းနှင့် စည်းကမ်းရှိရှိ ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း စာပေချစ်မြတ်နိုးသူ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးသိန်းဝင်းက ပြောကြားခဲ့သည်။

"ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းကို ပြေးဆွဲပေးလျက်ရှိတဲ့ ချယ်ရီသင်္ဘောများပေါ်တွင် နံရံကပ်စာပေရေချမ်းစင်များ ဆောင်ရွက်ထားတာကို တွေ့ရပါတယ်၊ စာစဉ်တွေကို အလွယ်တကူဖတ်ရှုလေ့လာနိုင်အောင် ထားရှိပေးထားသော်လည်း စည်းကမ်းမဲ့ ပြည်သူတချို့ကြောင့် စာစဉ်အိတ်နဲ့ စာစောင်များကို ဖတ်ရှုပြီးရင် နေရာတကျမထားရှိခြင်း၊ ဟောင်းနွမ်းလွယ်ခြင်းတို့ဖြစ်ပြီး အများအမြင်မှာ မတင့်မတယ်ဖြစ်ရတာပါ၊ ခုလို ဝန်ထမ်းများ အနေနဲ့ စာစဉ်အိတ်နဲ့ စာစောင်များ အသစ်လဲလှယ်ထားရှိပေးခြင်းကြောင့် ခရီးသွား မိဘပြည်သူများအနေဖြင့် စာစောင်များ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် ထိန်းသိမ်းကူညီပေးစေလိုပါတယ်၊ နံရံကပ်စာပေရေချမ်းစင်မှာထားရှိတဲ့ စာစဉ်များကို ဖတ်ရှုပြီးရင် စည်းကမ်းတကျ ပြန်လည်ထားရှိခြင်းဖြင့် ကူညီဆောင်ရွက် ပေးစေလိုပါတယ်" ဟု ချယ်ရီ(၂)သင်္ဘောမှ ဦးသူရမင်းက ပြောကြားခဲ့သည်။

အဆိုပါ နံရံကပ်စာပေရေချမ်းစင်အိတ်များ၌ ဒေသခံပြည်သူများနှင့် ခရီးသွားမိဘပြည်သူများ အသိပညာ ဗဟုသုတများ တိုးပွားစေနိုင်မည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကလေးသူငယ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ ဘာသာရပ် ၁၃ မျိုးပါ စာစဉ်အသစ်များထွက်ရှိတိုင်း ပြည်သူများ လေ့လာဖတ်ရှုနိုင်စေရန် ဆောင်ရွက်ပေးထားကြောင်းသိရသည်။

**နိုင်လင်းကျော်(ဒလ)**

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေး

**မြောက်ဥက္ကလာပ ဒီဇင်ဘာ ၆**
သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ရက်မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်(ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ပြုလုပ်ရာ မြောက်ဥက္ကလာမြို့နယ်ရဲစခန်းမှူး ဒုရဲမှူးညီမျိုးလွင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် အသိပညာပေးဆွေးနွေးခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲသို့ (ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူ ၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ကြေးမုံ**

# ကုန်ထုတ်လမ်းဖောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**တွံတေး ဒီဇင်ဘာ ၆**
တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်ပါဒကျေးရွာ အတွင်းရှိ ကန်ကြီးကုန်း ကုန်ထုတ်လမ်းဖောက်လုပ်မည့်နေရာအား ဒီဇင်ဘာ ၄ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက မြေပြင်အခြေအနေကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်မှူး**

# လမ်းလျှောက်ခြင်း၏အကျိုးတရားများ

ကျော်ကျော် (စက်မှုတက္ကသိုလ်)

ကိုယ်လက်လှုပ်ရှား အားကစားခြင်းသည် ကျန်းမာရေးအတွက် အလွန်အရေးပါသည်။ ယခုအခါ တစ်မျိုးသားလုံး ကျန်းမာစေရေးအတွက် နိုင်ငံတော်က အားကစားကို ဘက်စုံအားပေးလျက်ရှိသည်။

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် အကြီးမြတ်ဆုံးသော လာဘ်ကြီးတစ်ပါးပင် ဖြစ်သည်။ ကျန်းမာခြင်းဟူသည် ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံပြီး အနာရောဂါနှင့်ကူးစက်ရောဂါများ ကင်းရှင်းခြင်းပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား အားကစားနည်းအမျိုးမျိုးရှိသည့်အနက် အားကစားရုံ၊ အားကစားခန်းမများ မလိုဘဲ ကုန်ကျစရိတ် အနည်းဆုံးသော အားကစားနည်းတစ်ရပ်မှာ လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်းသည် အကောင်းဆုံးသော လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။

## အကျိုးထူးများရရှိ

လမ်းလျှောက်ခြင်းဖြင့် လမ်းဘေးတစ်လျှောက်ရှိ စိမ်းလန်းသော သစ်ပင်ဝါးပင်များ၊ လေပြည်လေညင်းကလေးများ၊ သစ်ပင်ပန်းပင်တို့မှ သင်းပျံ့သောရနံ့များကြောင့် လမ်းလျှောက်သူတို့၏ စိတ်မှာ ပို၍ကြည်နူးရွှင်မြူးလာရသည်ကို ကိုယ်တိုင်ခံစားနိုင်သည်။

လမ်းလျှောက်ခြင်းဖြင့် လောကီအကျိုးများသာမက လောကုတ္တရာအကျိုးများလည်း ရနိုင်သည်။ မိမိလျှောက်ရမည့်လမ်းနှင့် မိမိခန္ဓာကိုယ်အနေအထားကို သတိမူပြီး လျှောက်ရသည့်အတွက် ကာယာနုပဿနာ သတိပဋ္ဌာန်တရားကို ပွားများရာလည်း ရောက်ပေသည်။ မိမိလျှောက်လှမ်းသည့် လမ်းတစ်လျှောက်ရှိ ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါများအား ဘေးအန္တရာယ်ကင်းစေလိုသော စိတ်စေတနာဖြင့် မေတ္တာတရားပွားများခြင်းဖြင့် အတ္တ၊ ပရနှစ်ဖြာသော အကျိုးထူးများ ရရှိမည်မှာ မလွဲဧကန်ဖြစ်သည်။

မိမိတို့၏ တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်ရေးကို အခြေခံ၍ မိမိတို့မိသားစုမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တို့မှ နိုင်ငံအတွက် မြင့်မားသော ရည်ရွယ်ချက်များဖြင့် နေ့စဉ်ခြေကျင်လမ်းလျှောက်၍ အမျိုးသားကျန်းမာရေးကို တည်ဆောက်ကြရန် စည်းရုံးလှုံ့ဆော်ရမည်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့၌ လမ်းလျှောက်ခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း သာဓကများတွေ့ရှိရသည်။ ဗြိတိသျှ နယ်ချဲ့တို့ အုပ်စိုးစဉ်ကာလ ၁၉၃၅ ခုနှစ်တွင် မြန်မာပြည်ခြေကျင်နှင့် ကာယဗလအဖွဲ့ကြီးက ကြီးမှူး၍ပြည်လုံးကျွတ်အမျိုးသားကျန်းမာသန်စွမ်းရေးလုပ်ငန်းတစ်ရပ်အဖြစ် နိုင်ငံနှင့်အဝန်း ခြေကျင်လမ်းလျှောက်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပခဲ့ရာ ပြည်သူများကလည်း တစ်ခဲနက် ပါဝင်အားပေးခဲ့ကြသည်။

## အောင်မြင်စွာကျင်းပနိုင်

မြန်မာတစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးလုပ်ငန်းတွင် တစ်နိုင်ငံလုံးအုံကြွပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလးမပြိုင်ပွဲကြီး၌ အိန္ဒိယအင်ပါယာချန်ပီယံဘွဲ့နှင့် ကာယဗလမောင်ဘွဲ့ ရရှိခဲ့သည့် မြန်မာပြည်မှ ဇော်ဝိတ်ကြီးယှဉ်ပြိုင်အနိုင်ရမည့်နေ့နှင့် ချိန်ကိုက်တိုက်ဆိုင်၍ ပြည်လုံးကျွတ် ၁၄ မိုင် လူထုလမ်းလျှောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။

ကျန်းမာရေးအမြင်မကျယ်မှု၊ ခေတ်နောက်ကျမှုများနှင့် နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် ရောက်ရှိနေကြရသည့် ပြည်သူများကို အမျိုးသားကျန်းမာရေးလှုပ်ရှားမှုတွင် ပါဝင်လာအောင် မြန်မာပြည်ခြေကျင်နှင့်ကာယဗလအဖွဲ့ကြီးမှ လှုံ့ဆော်စည်းရုံးနိုင်ခဲ့သည်။ ပြည်လုံးကျွတ်လမ်းလျှောက်ပွဲကြီးအကြောင်း ပြည်သူသို့ အစီရင်ခံစာကို သတင်းများကတစ်ဆင့် ရေးသားတင်ပြခဲ့ကြသည်။

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့၊

ကိုယ်ခန္ဓာသန်စွမ်းစေဖို့ စိတ်နှလုံးရွှင်လန်းစေဖို့၊

သူငယ်ချင်းအပေါင်းသင်းတစ်စုတို့ ပျော်ဖို့ရွှင်ဖို့ ကျန်းမာစေဖို့. . ."

စသည့် ဂီတပညာရှင်များ၏ အမျိုးသား ကျန်းမာကြံ့ခိုင်ရေး တေးသံသာများ လေဝယ်ပျံ့လွင့်ခဲ့ကြသည်။

ဤသို့အားဖြင့် အမျိုးသားကျန်းမာသန်စွမ်းရေးလုပ်ငန်းကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြသည့် ခြေကျင်လုပ်ငန်းများ၌ စာပေနှင့် ဂီတပညာရှင်များကပါ ဝိုင်းဝန်းအားပေးကူညီခဲ့ကြသည်။

## အရေးပါထက်မြက်

၁၉၃၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင်လည်း ချောက်ရေနံမြေ အလုပ်သမားတို့သည် ထောင်ပေါင်းများစွာသော လယ်သမားများနှင့် ကျောင်းသားပြည်သူများပါဝင်လျက် မိုင် ၄၀၀ ကျော်ကွာဝေးသည့် ရန်ကုန်မြို့သို့ ခြေကျင်ခရီးဖြင့် ချီတက်ကြပြီး မြန်မာ့လွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရားကို ရိုက်ချိုးရေးတို့တွင် အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေး၍ တစ်ခဲနက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဗြိတိသျှကိုလိုနီကျွန်ခေတ်တွင် လမ်းလျှောက်ခြင်းသည် နိုင်ငံရေး၊ ဘာသာရေး၊ အမျိုးသားကျန်းမာသန်စွမ်းရေးတို့တွင် အရေးပါထက်မြက်သော လက်နက်အင်အားတစ်ရပ်ဖြစ်ကြောင်း တွေ့ရပေသည်။

လမ်းလျှောက်ခြင်းအလေ့ကို လူကြီး၊ လူငယ် အသက်အရွယ်မရွေးပြုမူသင့်သည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကား များပြားလှသည်။ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ရောဂါဘယပျောက်ကင်း ချမ်းသာခြင်း၊ ကာကွယ်တားဆီးနိုင်ခြင်း၊ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်လှပ၍ အသားအရေကို စိုပြည်စေနိုင်ခြင်း၊ စိတ်ဓာတ်အားကောင်းမွန်ခြင်း၊ သွေးသားညီညွတ်၍ နုပျိုလန်းဆန်းစေနိုင်ခြင်း၊ သက်လုံကောင်း၍ အညောင်းအညာပြေစေနိုင်ခြင်း၊ အပေါင်းအသင်းမိတ်ဆွေများ တိုးပွားလာနိုင်ခြင်းစသည်တို့ကား လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်သည်။

> "လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ရောဂါဘယ ပျောက်ကင်း ချမ်းသာခြင်း၊ ကာကွယ်တားဆီးနိုင်ခြင်း၊ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်လှပ၍ အသားအရေကို စိုပြည်စေနိုင်ခြင်း၊ စိတ်ဓာတ်အားကောင်းမွန်ခြင်း၊ သွေးသားညီညွတ်၍ နုပျိုလန်းဆန်းစေနိုင်ခြင်း၊ သက်လုံကောင်း၍ အညောင်းအညာပြေစေနိုင်ခြင်း၊ အပေါင်းအသင်း မိတ်ဆွေများ တိုးပွားလာနိုင်ခြင်း. . ."

## အားရပါးရရှူရှိုက်သင့်

ကိုယ်လက်လှုပ်ရှားမှုမရှိလျှင် ကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများမှာ ထိုင်းမှိုင်းလေးလံနေပေမည်။ မလှုပ်မရှားနေပါက အထွေထွေရောဂါများ ကပ်ငြိစေနိုင်သည့်အတွက် အိုလွယ်၊ နာလွယ်စေသော အကြောင်းတစ်ရပ်လည်း ဖြစ်သည်။ အများအားဖြင့် ကျန်းမာခြင်း၏ တန်ဖိုးကို မကျန်းမာသည့်အခါမှ သိလေ့ရှိပါသည်။

လမ်းလျှောက်ခြင်းဖြင့် နေမကောင်းသူများ ကျန်းမာလာစေနိုင်ပြီး နေထိုင်ကောင်းသူများလည်း အမြဲကျန်းမာကြံ့ခိုင်စေရန် ပြုပြင်ပေး၏။ ထို့ကြောင့် လမ်းမှန်မှန်လျှောက်ရန် မမေ့သင့်ပေ။ လမ်းလျှောက်ခြင်းကို အစပထမတွင် မဝေးကွာလွန်းလှသော ခရီးဖြင့် စတင်သင့်သည်။ ထိုမှတစ်နေ့ထက်တစ်နေ့ တဖြည်းဖြည်းတိုး၍ ခရီးဝေးဝေး လျှောက်သင့်သည်။ အသက်ရှူရာ၌လည်း အားရပါးရရှူရှိုက်သင့်သည်။ နေ့စဉ် မှန်မှန်လမ်းလျှောက်ခြင်းအားဖြင့် အညောင်းအညာ အကိုက်အခဲပြေစေ၏။ ပါးပြင်ရှိ သွေးကြောများ စိုပြည်နီမြန်းကာ ချောမွေ့လှပလာစေနိုင်၏။ အစာကိုလည်း ကြေလွယ်စေ၏။ ပေါ့ပါးလျင်မြန်လာစေ၏။ ညဘက်တွင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်၏။ ဝလွန်းသူများ အသားအရေ စစ်လာနိုင်ကာ ပိန်သူများလည်း ကျန်းမာပြည့်ဖြိုးအလှတိုးနိုင်၏။

လမ်းလျှောက်ခြင်းဖြင့် အပန်းကိုပြေစေသည်။ လူသစ်စိတ်သစ်ဖြစ်စေနိုင်သည်။ အတွေးသစ်၊ အမြင်သစ်ဖြစ်စေသည်။ ခေါင်းထဲမှ မူးနောက်နောက်ဖြစ်နေလျှင်ဖြစ်စေ၊ စိတ်ရှုပ်ထွေးနေလျှင်ဖြစ်စေ၊ လူရှင်းသော ကွင်းပြင် သို့မဟုတ် တောလမ်းတွင် ခပ်သွက်သွက် လမ်းလျှောက်လိုက်ပါက ဦးနှောက်ကြည်လင်၍ စိတ်ရွှင်လန်းလာစေနိုင်ပါသည်။ လမ်းလျှောက်သောအခါ မိမိ၏ မူလပတ်ဝန်းကျင်မှထွက်ပြီး အခြားပတ်ဝန်းကျင်သို့ ရောက်ရှိသည့်အတွက် ကိုယ်ခန္ဓာအနေဖြင့် အကျိုးခံစားခွင့်ရသကဲ့သို့ ဦးနှောက်ကိုလည်း ကြည်လင်စေပါသည်။

## သတိထားရန်

လမ်းလျှောက်ရန် အကောင်းဆုံးအချိန်မှာ နံနက်စောစောပင်ဖြစ်သည်။ စောစောအိပ်ရာဝင်၍ စောစောထကာ စောစောလမ်းလျှောက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ သို့သော် မိမိအခြေအနေအရ များစွာနေမမြင့်သေးမီဖြစ်စေ၊ ညနေစောင်း နေအေးချိန်ဖြစ်စေ လမ်းလျှောက်နိုင်ကြပေသည်။ လမ်းလျှောက်ရာ၌ တစ်ယောက်တည်းလည်း လျှောက်နိုင်သလို အဖော်နှင့်လည်းလျှောက်နိုင်ပါသည်။ အများစုပေါင်း၍လည်း လျှောက်နိုင်ကြပါသည်။ သတိထားရန်မှာကား နံနက်ဝေလီဝေလင်းအချိန် သို့မဟုတ် မှောင်ရီဖျိုးဖျအချိန်၌ တစ်ယောက်တည်း လမ်းလျှောက်ရာတွင် လမ်းအန္တရာယ်ကင်းရှင်းဖို့၊ ရေမြောင်းများ၊ ချိုင့်များအတွင်း လိမ့်မကျစေဖို့ လူဆိုးလူမိုက်များ၏ အစော်ကားအနိုင်ကျင့်မခံရစေဖို့ စသည်တို့ ဖြစ်ပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို လက်တွေ့လမ်းလျှောက်ကြည့်မှပို၍ သိနိုင်ပေမည်။ အသက်ရှူမဝခြင်း၊ ကိုယ်အလေးချိန် လွန်ကဲခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ရောဂါ ဖြစ်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်ပေသည်။ သွေးတိုးရောဂါရှိသူများလည်း သွေးတိုးလျော့စေနိုင်သည်။ နာတာရှည် ရောဂါများ၊ ဆီးရောဂါနှင့် ညောင်းညာကိုက်ခဲ ထုံကျဉ်ရောဂါများ ပျောက်ကင်းနိုင်ကြောင်း ဆရာဝန်များက ထောက်ခံကြပေသည်။

## အထူးသင့်လျော်သောအားကစားနည်း

လမ်းလျှောက်ခြင်းသည် ကိုယ်လက်အညောင်းအညာပြေစေရုံသာမက ပင်ပန်းနွမ်းနယ်ခြင်းများကို အများဆုံးပြေလျော့စေနိုင်သော ကိုယ်လက်လှုပ်ရှားမှု တစ်ခုဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းက လမ်းလျှောက်ရန် လှိုက်လှိုက်လှဲလှဲ ထောက်ခံထားကြလေသည်။

ခြေလှမ်းကျဲကျဲနှင့် သွက်သွက်လက်လက် လျှောက်နိုင်သလောက် လျှောက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင် ခြေလှမ်းကျဲကျဲလှမ်း၍ လမ်းလျှောက်ခြင်းသည် အလွယ်ဆုံးနှင့် အကောင်းမွန်ဆုံး ဖြစ်ပေသည်။ မည်သည့် အားကစားပစ္စည်းမျှမလို၊ မည်သည့်နေရာ၊ မည်သည့်ရာသီဥတု၊ မည်သည့် အသက်အရွယ်မဆို ပါဝင်ကစားနိုင်သဖြင့် အထူးသင့်လျော်သော အားကစားနည်းတစ်ရပ်လည်း ဖြစ်ပေသည်။

## တန်ဆေးလွန်ဘေး

လမ်းလျှောက်သောအခါတွင် မိမိတို့၏ အသက်နှင့် ကျန်းမာရေးအပေါ် မူတည်ပြီး အကွာအဝေး သတ်မှတ်လျှောက်သင့်ပေသည်။ တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံမဖြစ်ဖို့ သတိပြုရန် လိုအပ်ပေသည်။ ကိုယ်အနေအထားဟန်ပန်နှင့်လျှောက်ရန် အရေးကြီးပေသည်။ အသက်မှန်မှန်ရှူပြီး လက်လွှဲလမ်းလျှောက်ရမည့်အပြင် ခြေထောက်ကိုလည်းလွှဲပြီး လျှောက်ရန်လိုသည်။

လမ်းလျှောက်သည့်အခါ အောက်ပါအချက်များနှင့်အညီ ကြိုးစားလျှောက်သင့်ပေသည်။

(၁) ခါးနှင့်ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပါ။

(၂) ရင်ကို တန်ရုံမြှင့်ပါ။

(၃) လက်ချောင်းများ ပူးကပ်ထားသင့်သည်။ တင်းကျပ်စွာ လက်သီးဆုပ်မထားသင့်။

(၄) ခြေများကို ရှေ့တည့်တည့်သို့သာလှမ်း၍ လျှောက်ရမည်။

(၅) ကိုယ်ကို နောက်သို့ မယိမ်းယိုင်စေရ။

(၆) လမ်းမြန်မြန်လျှောက်တတ်အောင် လေ့ကျင့်ရမည်။ ယင်းသို့ မြန်မြန်လျှောက်ရာတွင် မောကြီးပန်း ကြီး မဖြစ်စေရန် သတိပြုပါ။

(၇) ဖနောင့်ကို ပထမချပြီးမှ ခြေဖျားချရမည်။

(၈) လက်ကိုလည်း သွက်သွက်ခပ်မြင့်မြင့် လွှဲပေးရမည်။

(၉) အသက်ရှူရာတွင်လည်း အားပါးတရ ရှူရှိုက်ပါ။

(၁၀) ရာသီဥတုနှင့် ညီညွတ်စေမည့် အဝတ်အစားကိုဝတ်ပါ။ ချမ်းသည့်အခါ အအေးလုံသော အဝတ်ထူထူကို ဝတ်ရန်လိုသော်လည်း ကျပ်တည်း လေးပင်သောအဝတ်ကို အထူးရှောင်ကြဉ်ပါ။

## ခန္ဓာကိုယ်အညစ်အကြေးများကင်းစင်

လမ်းလျှောက်ပြီးလျှင် ၁၀ မိနစ်ခန့် အသက်ရှူလေ့ကျင့်ခန်းကို ပြုလုပ်ပေးသင့်ပေသည်။ ရေကိုလည်း အဝသောက်ရမည်။ လမ်းလျှောက်ပြီး ရေနှစ်ခွက်ခန့် အဝသောက်ခြင်းဖြင့် ဆီးမှန်၊ ဝမ်းမှန်စေကာ ခန္ဓာကိုယ်အညစ်အကြေးများ ကင်းစင်စေနိုင်ပါသည်။ ထို့ပြင် တစ်နေ့တာ လုပ်ငန်းဆောင်ရွက်မှုများကို တက်တက်ကြွကြွနှင့် စိတ်ပါဝင်စားစွာ လုပ်ကိုင်လာနိုင်ကြောင်း လက်တွေ့ သုတေသနပြုချက်များအရ တွေ့ရှိရပေသည်။

အကျိုးကျေးဇူးများ အမှန်တကယ် ပေးစွမ်းနိုင်သည့် လမ်းလျှောက်အားကစားကို လက်တွေ့ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပေသည်။ ယခုအချိန်ကဲ့သို့ လူတစ်စုအားကစားမှ လူထုအားကစားအဖြစ် နိုင်ငံတော်က ဘက်စုံအားပေးနေချိန်တွင် နိုင်ငံသားတိုင်းသည် မိမိတို့၏ အသိစိတ်ဓာတ်နှင့်အညီ ပါဝင်လှုပ်ရှား ဆောင်ရွက်သင့်ပေသည်။ သို့ဖြစ်ပါ၍-

"ကျန်းမာပြည့်စုံ
အရေးကြုံက
သက်လုံလည်းကောင်း
အားသစ်လောင်း၍
အညောင်းလည်းပြေ
အပန်းဖြေရင်း
မိတ်ဆွေလည်းရ
လမ်းလျှောက်ကြ" ဟူသော ကဗျာလေးဖြင့် လမ်းလျှောက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# တာတေကြီးက ပေးတဲ့ ခံစားမှုများ

ဆွေဇင်နေမင်း







လတ်တလောနာမည်ကြီး ရုပ်ရှင်ဇာတ်ကားများထဲမှ တစ်ကားဖြစ်သည့် တာတေကြီး ရုပ်ရှင်ဇာတ်ကားကို သွားကြည့်ဖြစ်ခဲ့သည်။ ယခုနောက်ပိုင်း မြန်မာ့ရုပ်ရှင်များတွင် တွေ့ရသည်က မိန်းမလျာဇာတ်ကားဆိုလျှင် ဟာသဇာတ်လမ်းများသာ ဖြစ်တတ်သည်။ ဖျော်ဖြေရေးဆန်သည့် အပျော်ဇာတ်လမ်း၊ ဇာတ်အိမ်များနှင့်သာ တွေ့ရလေ့ရှိပါသည်။ သို့သော် တာတေကြီးဇာတ်ကားအတွင်းမှ မောင်မောင်တာတေ(ခေါ်) တာတာ ဇာတ်ရုပ်သည် အပျော်ဇာတ်ရုပ်သက်သက်မဟုတ်ဘဲ ခိုင်မာသည့်ဇာတ်လမ်းနှင့် ဇာတ်ကောင်စရိုက်များ ရှိနေသော မိန်းမလျာဇာတ်ရုပ်တစ်ခု ဖြစ်နေသည်။ တစ်နည်းအားဖြင့်ဆိုရသော် မြန်မာ့ရုပ်ရှင်၏ မိန်းမလျာ ဇာတ်လမ်းများကြားတွင် တာတေကြီးဇာတ်ကားသည် ဣန္ဒြေရှိသော မိန်းမလျာဇာတ်ရုပ်ဖြင့် ပွဲထွက်လာသည့် ဇာတ်ကားတစ်ကားဟု ဆိုရပေမည်။

ဇာတ်လမ်းအရ နေတိုး၏ ဇာတ်ကောင်စရိုက်များကို အပိုင်းခွဲကြည့်သည့်အခါ အပိုင်းသုံးပိုင်းဖြစ်သည်ကို တွေ့ရသည်။ ပထမပိုင်းသည် နေတိုး၏ မူလဇာတ်ကောင်ဖြစ်သော ရဲခေါင်ဖြစ်ပြီး ဒုတိယပိုင်းသည် ရဲခေါင်နှင့် မမတာတို့၏ ပေါင်းစည်းဇာတ်ကောင်စရိုက်ဖြစ်သည်။ တတိယပိုင်းဇာတ်ကောင်မှသာလျှင် မောင်မောင်တာတေ (ခေါ်) တာတာ၏ ဇာတ်ကောင်စစ်စစ်ကို တွေ့မြင်ရခြင်း ဖြစ်သည်။

ပထမပိုင်းဇာတ်ကောင်စရိုက်ဖြစ်သော ရဲခေါင်ဇာတ်ရုပ်တွင် သရုပ်ဆောင် နေတိုး၏ ပုံမှန်သရုပ်ဆောင်မှုများကိုသာ ပရိသတ်က ခံစားကြရသည်။ လူငယ်ပီပီ လွတ်လပ်စွာနေထိုင်ပြောဆိုတတ်သူရဲခေါင်အဖြစ် မြင်ရသည်။ သို့သော် သရဲအကြောက်လွန်တတ်သည့် ရဲခေါင်၏ စရိုက်အလွဲများသည် ပရိသတ်ကို ရယ်မောစရာ ဖြစ်စေပါသည်။

သို့သော် ဒုတိယဇာတ်ကောင်စရိုက်မှစတင်၍ နေတိုး၏ ဇာတ်ကောင်စရိုက်အပြောင်းအလဲနှင့်အတူ ဇာတ်လမ်း၏ဇာတ်ရှိန်က မြင့်ပြီးရင်း မြင့်တက်လာခဲ့သည်။ ဤနေရာတွင် နေတိုး၏ သရုပ်ဆောင်မှုတိုင်းသည် ဇာတ်လမ်း၏အသက်ဖြစ်လာပြီး အဓိကဇာတ်ဆောင်တစ်ဦးအနေဖြင့် ကြည့်ရှုသူပရိသတ်ကို ဇာတ်လမ်း အထွတ်အထိပ်များဆီ ဆက်တိုက်ခေါ်ဆောင်ရမည့်တာဝန်လည်း ရှိနေသည်။ သရုပ်ဆောင် နေတိုးသည် ဇာတ်ကောင်စရိုက်များကိုပုံဖော်ရာတွင် သာမန်သရုပ်ဆောင်မှုများလောက်သာ လုပ်ပြနိုင်ပြီး အံဝင်ခွင်ကျ သရုပ်ဆောင်မှုများကို တိုးမြှင့်မလုပ်ဆောင်နိုင်ခဲ့လျှင် ဇာတ်လမ်း၏အရှိန်ကို လျော့ကျသွားစေမည့် အနေအထားဖြစ်ပါသည်။ ဇာတ်လမ်းက ပရိသတ်များထံပေးချင်နေသည့် ရသခံစားမှုများလည်း ပျက်စီးသွားနိုင်သည်။

သို့သော် သရုပ်ဆောင် နေတိုးသည် ဝါရင့်သရုပ်ဆောင်ပီသစွာဖြင့် ဇာတ်လမ်းနှင့် ဇာတ်ကောင်စရိုက်များအပေါ် တာဝန်ကျေရုံမက ကြည့်ရှုသူပရိသတ်များကိုလည်း ခံစားမှုရသ ကောင်းစွာပေးစွမ်းနိုင်ခဲ့သည်။ ပထမဇာတ်ကောင်နှင့် ဒုတိယဇာတ်ကောင်ကြားတွင် တိုးတက်လာသည့် ဇာတ်ကောင်စရိုက် အပြောင်းအလဲများအတွက် သရုပ်ဆောင်မှုအတတ်ပညာများစွာကို ချပြနိုင်ခဲ့ပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အသေးစိတ် ပုံဖော်ပြခဲ့သည်။ ရုတ်တရက်ပြောင်းလဲသွားသော ဇာတ်ကောင်စရိုက်များနှင့်အတူ အပြောင်းအလဲမြန်ဆန်သည့် နေတိုး၏ မျက်လုံးသရုပ်ဆောင်မှုများ၊ ခန္ဓာကိုယ်လှုပ်ရှားမှု (Body language) များ၊ အသံပိုင်းသရုပ်ဆောင်ချက်များသည် သရုပ်ဆောင်ပညာရှင်ဖြစ်ကြောင်း သက်သေခံနိုင်သော အချက်အလက်များ ဖြစ်ခဲ့သည်။

ဤဇာတ်ကားထဲတွင်တွေ့ရသည့် အကြိုက်ဆုံးအချက်များထဲမှ တစ်ခုကို ထပ်မံပြောပြရလျှင် သရဲဇာတ်ရုပ်များကို ရုပ်ပျက်ဆင်းပျက်မျက်နှာအနေအထားများနှင့် မတွေ့ရခြင်းပင် ဖြစ်သည်။ ထို့အပြင် အချို့သော မြန်မာသရဲဇာတ်ကားများကဲ့သို့ ကွန်ပျူတာအထူးပြုလုပ်ချက်များ၊ အလင်းအမှောင် ချိန်ဆမှုများ၊ အလိုအလျောက်ရွေ့လျားမှုပုံစံများနှင့် လွန်ကဲစွာဖော်ပြထားခြင်းများမပါရှိဘဲ သရုပ်ဆောင်များ၏ သရုပ်ဆောင်ချက်များကတစ်ဆင့် သရဲကားခံစားမှုကိုပေးနိုင်ခြင်းပင် ဖြစ်သည်။ သဘာဝလွန်ဖြစ်ရပ်များ (supernatural) နဲ့ အလွန်အကျူးပုံဖော်ထားခြင်းမရှိသော ဇာတ်ကားတစ်ခုလည်း ဖြစ်သည်။ ထို့အပြင် ဒါရိုက်တာဝိုင်း၏ အနီးကပ်ရိုက်ချက် (close-up)များသည် ဇာတ်လမ်းအရှိန်နှင့် ဇာတ်ကောင်စရိုက်များကို ပံ့ပိုးမှုကောင်းစွာပေးနိုင်ခဲ့ပြီး ဇာတ်ကား၏ အသံပိုင်းအရည်အသွေး အထူးကောင်းမွန်နေခြင်းကလည်း ဇာတ်ကောင်စရိုက် ပြောင်းလဲမှုတိုင်းတွင် အရေးပါသောအချက်များ ဖြစ်ခဲ့သည်။

တာတေကြီးဇာတ်ကားနှင့်ပတ်သက်၍ ဆက်လက်ရေးရလျှင် ဤဇာတ်ကားကို ပုံဖော်သူ ဒါရိုက်တာဝိုင်းကို ချီးကျူးသည့်အကြောင်း ထည့်သွင်းရေးပြချင်သည်။

မူရင်းဇာတ်ကားတစ်ခုကိုမှီငြမ်း၍ ကော်ပီဇာတ်ကားတစ်ခုအဖြစ် ပြန်လည်အသက်သွင်းသောအခါ ဒါရိုက်တာတစ်ဦးအနေဖြင့် မူရင်းဇာတ်လမ်းမှ လမ်းကြောင်းမသွေဖည်သွားရန် ဂရုပြုရသကဲ့သို့ ကိုယ်ပိုင်ဖန်တီးမှုများကိုလည်း ပေါင်းစပ်ထည့်သွင်းတတ်ရန် လိုအပ်ပါသည်။ မူရင်း အိန္ဒိယဇာတ်လမ်း၏ ဇာတ်အိမ်တစ်ခုကို မှီငြမ်းပြီးနောက် မြန်မာဇာတ်ကားအငွေ့အသက်များနှင့် ပရိသတ်ကြိုက် ဇာတ်လမ်းတစ်ခုကို ဖန်တီးနိုင်ရန် ကြိုးပမ်းရသည်။ ထို့ပြင် နိုင်ငံနှင့် လူမျိုးများ ကွဲပြားသည့်အလျောက် ယဉ်ကျေးမှု မတူညီခြင်းများ၊ အတွေးအမြင် မတူညီခြင်းများ၊ အကြောင်းအရာနောက်ခံ မတူညီနိုင်ခြင်းများကို သိရှိနားလည်ပြီး ဖန်တီးသူ ဒါရိုက်တာတစ်ဦးအနေဖြင့် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်တတ်ရန်လည်း လိုအပ်ပေသည်။ ကော်ပီဇာတ်ကားဟုဆိုသည်နှင့် အလုံးစုံကူးယူရိုက်ကူး၍ ရသည်မဟုတ်ပေ။ ကိုယ်ပိုင်ဖန်တီးမှုများ ပါဝင်တတ်ပေသည်။

ထို့အတူ ဤဇာတ်လမ်းထဲတွင် ဒါရိုက်တာ ဝိုင်းက ဖော်ပြပေးချင်သော ဇာတ်လမ်း၊ ဇာတ်ကွက်တချို့နှင့် အတွေးအမြင်စကားလုံးများကို သီးသန့်တွေ့ရှိရပါသည်။ ထိုအထဲမှ အကြိုက်ဆုံးအချက်ကို ဆွဲထုတ်ဖော်ပြရလျှင် မိန်းမလျာများ၏ ဘဝရပ်တည်မှုအနေအထားကို ကောင်းသောရှုမြင်ခြင်းများနှင့် ဖော်ပြသွားခြင်း ဖြစ်ပါသည်။ မူရင်းဇာတ်လမ်းကျောရိုးတွင် မိန်းမလျာများနှင့်ပတ်သက်၍ မည်ကဲ့သို့ဖော်ပြထားသည်ကို မသိရှိသော်လည်း ဤဇာတ်ကားထဲတွင် တွေ့ရသည်က မိန်းမလျာတစ်ဦး၏ ဘဝနှင့် ခံစားမှုကို အလေးပေးဖော်ပြခြင်းများ ပါဝင်သည်။ ဘဝပေးကုသိုလ်အရ ဖြစ်လာရသော မိန်းမလျာတစ်ယောက်၏ ဘဝတွင် လူသားတစ်ယောက်အနေဖြင့် ကောင်းမွန်စွာရပ်တည်နိုင်ရေးအတွက် ရုန်းကန်ရပုံများ၊ လူ့အသိုင်းအဝိုင်းကြားမှ မဖြစ်သင့်သည့် ခွဲခြားဆက်ဆံမှုများအကြောင်းကို မီးမောင်းထိုးပြခဲ့သည့် ဇာတ်ကားတစ်ကား ဖြစ်သည်။ ထို့အပြင် မိန်းမလျာတစ်ယောက်တွင် ရှိတတ်သည့် မိခင်စိတ်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

နိဂုံးချုပ်အနေဖြင့် ဆက်လက်ရေးရလျှင် တာတေကြီးဇာတ်ကားသည် ကော်ပီဇာတ်ကားဟုဆိုသော်လည်း ပြန်လည်ဖန်တီးမှုအပိုင်းတွင် ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်းကြောင့် အောင်မြင်မှုများရရှိခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ အဓိက သရုပ်ဆောင် နေတိုးသည်သာမက ပါဝင်သူ အခြားသရုပ်ဆောင်များ၊ ဒါရိုက်တာ ဝိုင်းနှင့် ဇာတ်ညွှန်းရေးသားသူ စသဖြင့် ပါဝင်ဖန်တီးသူအားလုံး၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုအပ်ပေသည်။

## ချစ်သူတွေဖြစ်ကြောင်း စိုးအင်ဂွတ်ခ်နဲ့ ပါ့ခ်ဘိုရမ် ဖွင့်ဟ

တောင်ကိုရီးယားရဲ့ အနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ စိုးအင်ဂွတ်ခ်နဲ့ ပါ့ခ်ဘိုရမ်တို့ဟာ နှစ်ဦးသား ချစ်သူတွေအဖြစ် လက်တွဲနေကြောင်း လတ်တလောမှာ စိုးအင်ဂွတ်ခ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ယခင်ကလည်း သူတို့နှစ်ဦး လျှို့ဝှက်ချိန်းဆိုတွေ့ဆုံနေကြကြောင်း သတင်းတွေ အကြိမ်ကြိမ်ပေါ်ထွက်ခဲ့ဖူးတာဖြစ်ပြီး လတ်တလောမှာမှ တရားဝင် အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလို ထုတ်ဖော်ပြောကြားချိန်မှာလည်း သူတို့နှစ်ဦး လက်တွဲလာခဲ့တာ တစ်နှစ်ခွဲခန့်ကြာခဲ့ပြီဖြစ်ကြောင်းလည်း တစ်ဆက်တည်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၆ ရက်မှာတော့ လတ်တလောမှာ အသက်(၃၀)အရွယ်ရှိပြီဖြစ်တဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ စိုးအင်ဂွတ်ခ်နဲ့ (၂၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေးသံရှင် ပါ့ခ်ဘိုရမ်တို့ ချစ်သူတွေ ဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီး စိုးအင်ဂွတ်ခ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘီအက်ကုမ္ပဏီက ဟုတ်မှန်ကြောင်း အတည်ပြုပေးခဲ့တာဖြစ်ပါတယ်။ ပါ့ခ်ဘိုရမ်ရဲ့ အေဂျင်စီကတော့ လတ်တလော ပေါ်ထွက်လာတဲ့ ကောလာဟလနဲ့ပတ်သက်ပြီး အဖြေရှာနေဆဲဖြစ်ကြောင်း တုံ့ပြန်ခဲ့ပါတယ်။

သူတို့နှစ်ဦးစလုံးနဲ့ ရင်းနှီးသူတစ်ဦးရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ လျှို့ဝှက်ချိန်းဆိုတွေ့ဆုံမှုတွေရှိခဲ့ကြောင်း၊ ပါ့ခ်ဘိုရမ်ရဲ့ ခက်ခဲတဲ့နေ့ရက်တွေမှာလည်း စိုးအင်ဂွတ်ခ်က အတူရှိပေးခဲ့ကာ အားပေးနှစ်သိမ့်ပေးခဲ့ကြောင်းနဲ့ ပါ့ခ်ဘိုရမ် ဖုန်းဆက်တိုင်းလည်း စိုးအင်ဂွတ်ခ်က အမြဲလက်ခံဖြေကြားလေ့ရှိကာ လူအများနဲ့ဝေးရာမှာ ဖုန်းသွားပြောလေ့ရှိကြောင်းလည်း ပြောကြားခဲ့ပါတယ်။ လတ်တလောမှာတော့ ပါ့ခ်ဘိုရမ်အတွက် ခက်ခဲတဲ့နေ့ရက်တွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ သူ့ရဲ့မိခင်ဖြစ်သူဆုံးပါးခဲ့တာဖြစ်ပြီး ဖခင်ဖြစ်သူကလည်း ၂၀၁၀ ခုနှစ်အတွင်း ဆုံးပါးခဲ့တာကြောင့် သူဟာ လက်ရှိမှာတော့ မိဘနှစ်ပါးစလုံး ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။ **ခင်ခင်သက်**







## ထီးချိုင့်မြို့နယ်တွင် ကျေးရွာအုပ်စုနှစ်ခုကို ဆက်သွယ်ပေးမည့် သံကူကွန်ကရစ်တံတားကြီးအတွက် ငွေကြေးအကူအညီ လိုအပ်နေ

**ထီးချိုင့် ဒီဇင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်းကျေးရွာအုပ်စုနှင့် အင်ဒေါင်းကျေးရွာအုပ်စုကို အဓိကပေါင်းကူးဆက်သွယ်မည့် ကိုယ့်အားကိုကိုး သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သော်လည်း ငွေကြေးမလုံလောက်မှုကြောင့် ကျန်သည့်အပိုင်းကို ဆက်လက်ဆောင်ရွက်ရန် ကူညီထောက်ပံ့ငွေများ အရေးတကြီးလိုအပ်လျက်ရှိကြောင်း ဦးစီးဆောင်ရွက်သူ ကြက်တကောင်းဆရာတော် ဘဒ္ဒန္တဇာဂရက မိန့်ကြားသည်။

"ဒီတံတားကြီးတည်ဆောက်တာ အချိန်အားဖြင့် ရှစ်လရှိသွားပြီ၊ ဒေသခံပြည်သူတွေရဲ့ လုပ်အား၊ ငွေအား တို့နဲ့ တည်ဆောက်ခဲ့တာပါ၊ တံတားဆောက်လုပ်ပြီး ရှစ်လအတွင်းမှာ၃၀ ရာခိုင်နှုန်းလောက်ပြီးစီးချိန်မှာ ငွေကျပ်သိန်းပေါင်း ၁၈၀၀ လောက်ကုန်ကျခဲ့တယ်၊ နောက်ထပ်ကျန်ရှိနေတဲ့ ၇၀ ရာခိုင်နှုန်းကို ပြီးစီးအောင်လုပ်ဖို့ဆိုရင် ငွေကျပ် သိန်းပေါင်း ၃၅၀၀ လောက်လိုအပ်နေသေးပါတယ်၊ ဒီအတွက် ဘုန်းဘုန်းတို့အနေနဲ့ လုပ်ငန်း ဆက်လက်လုပ်ဆောင်ဖို့အတွက် အခက်အခဲဖြစ်နေပါတယ်၊ ဒါကြောင့် အလှူရှင်တွေလိုအပ်နေသလို နိုင်ငံတော်ကနေ ကူညီပံ့ပိုးပေးဖို့ ဘုန်းဘုန်းအနေနဲ့ မျှော်လင့်ပါတယ်"ဟု ကြက်တကောင်း ဆရာတော်က မိန့်ကြားသည်။

ယခင်က သွားလာရေးခက်ခဲသဖြင့် ကြက်တကောင်းကျေးရွာအုပ်စုနှင့် အင်ဒေါင်းကျေးရွာ အုပ်စုနှစ်ခုအတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် များစွာဆုံးရှုံးနစ်နာမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အလွယ်တကူ သွားလာနိုင်ရန် ဒေသခံကျောင်းဆရာတော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများ စုပေါင်းတိုင်ပင်ကာ ကြက်တကောင်းကျေးရွာနှင့် အင်ဒေါင်းကျေးရွာကြားရှိ တလုတ်ဒေါင့်အင်းကို ဖြတ်၍ အရှည်ပေ ၅၇၀၀၊ အကျယ် ၁၁ ပေရှိ ကိုယ့်အားကိုယ်ကိုး သစ်သားတံတားတစ်စင်းကို ၂၀၀၄ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ကြောင်း၊ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ယင်းသစ်သားတံတားကြီးမှာ ရာသီဥတုသဘာဝဘေးဒဏ်များနှင့် ဖြတ်သန်းသွားလာအသုံးပြုမှုများခြင်းကြောင့် နှစ်စဉ်အစားထိုးပြုပြင်ခဲ့သော်လည်း ယိုယွင်းပျက်စီးမှု တစ်စထက်တစ်စ များပြားလာသဖြင့် ကျေးရွာတာဝန်ရှိသူများ၊ တောင်သူများ လုပ်ငန်းရှင်များနှင့် ဆက်လက်တိုင်ပင်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် အဆိုပါသစ်သားတံတားနေရာတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက RC သံကူကွန်ကရစ်တံတားကို စတင်ဆောက်လုပ်ခဲ့ရခြင်းဖြစ်ကြောင်း ကြက်တကောင်းဆရာတော်က တံတားကြီးတည်ဆောက်ဖြစ်ပုံကို မိန့်ကြားသည်။

"ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးက အရေးကြီးပါတယ်၊ လမ်းပန်းဆက်သွယ်ရေး မကောင်းရင် ဒေသဖွံ့ဖြိုးတိုးတက်ဖို့လည်း ခက်ခဲပါတယ်။ ဒါကြောင့် ဒီတံတားကြီးက ကျွန်တော်တို့ဒေသမှာ အဓိက အရေးပါတဲ့ တံတားတစ်စင်းဖြစ်တဲ့အတွက် ဆရာတော် ဦးဆောင်ပြီး ဆောင်ရွက်နေပါတယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး တာဝန်ရှိသူတွေကိုလည်း တင်ပြထားတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်နေပါတယ်၊ တံတားကြီးအမြန်ပြီးစီးအောင် ကျေးရွာလူထုအနေနဲ့ မတတ်နိုင်တော့ နိုင်ငံတော်ပိုင်းအနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် ပိုအဆင်ပြေမှာပါ"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးဇော်ဝင်းအောင်က ပြောသည်။

ယခုဆောက်လုပ်လျက်ရှိသော သံကူကွန်ကရစ်တံတားကြီး တည်ဆောက်မှုပြီးစီးသွားပါက ယင်းဒေသရှိအင်ဒေါင်းကျေးရွာ၊ ကျောင်းလမ်းကျေးရွာ၊ လှည်းကူးကျေးရွာ၊ ကြို့ကုန်းကျေးရွာ၊ ရွှေပြည်သာကျေးရွာ (ဆိုင်နို) ကျေးရွာ၊ အေးချမ်းလွင်ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများအတွက် ကူးလူးသွားလာရေးတွင် အဓိက အသက်သွေးကြောသဖွယ် အရေးပါလာမည်ဖြစ်သလို ၎င်းတို့၏ လူမှုစီးပွားဘဝများသည်လည်း များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**မောင်မွှေး**

## ဖလမ်းလေယာဉ်ကွင်း(ဆူရိဘုန်) တည်ဆောက်ရေးစီမံကိန်း ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဟားခါး ဒီဇင်ဘာ ၆**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီအိုး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီးဦးမန်ဟင်းဒါလ်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ဖလမ်းလေယာဉ်ကွင်း(ဆူရိဘုန်)တည်ဆောက်ရေး စီမံကိန်းအား ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လေယာဉ်ကွင်း ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်စိုးနှင့်တာဝန်ရှိသူများက လေယာဉ်ကွင်းတည်ဆောက်နေမှုအခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြပြီး လေယာဉ်ကွင်းတည်ဆောက်မှုတွင် လိုအပ်သောရေ၊ လျှပ်စစ်မီးရရှိရေးနှင့် လေယာဉ်ကွင်းတွင်စိုက်ပျိုးမည့် ပျိုးပင်များရရှိရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေယာဉ်ကွင်းတည်ဆောက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ဖလမ်း(ဆူရိဘုန်)လေယာဉ်ကွင်းသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၀၀၀ တွင် တည်ရှိပြီး ပြေးလမ်းအရှည်ပေ ၆၀၀၀ နှင့် အကျယ်ပေ ၁၀၀ ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




## ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် စက်ဘီးစီးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**
မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် စက်ဘီးစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပွဲစဉ်များကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ပြင်ပပတ်လမ်း Gate(A) ၌ ကျင်းပသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီးနောက် အမျိုးသမီး မီတာ ၅၀၀ စက်ဘီးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အသင်းကိုးသင်း၊ အားကစားသမား စုစုပေါင်း ၆၈ ဦးတို့သည် ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Gate(A)တွင်နေ့စဉ် နံနက် ၇ နာရီမှ စတင်ပြီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အခမဲ့လာရောက် ကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။

**မောင်မောင်ဇော်**

## မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အသက် ၂၂ နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ချမ်းအေးသာစံ ဒီဇင်ဘာ ၆**
၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အသက် ၂၂ နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် မိတ္ထီလာခရိုင်အသင်းနှင့် ညောင်ဦးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မိတ္ထီလာခရိုင်အသင်းက ညောင်ဦးခရိုင် အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါ ဘောလုံးပွဲကို ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင် ကိုယ်စားပြုအသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

ဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်နှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)နှင့် မန္တလေးပညာရေးကောလိပ်တို့မှ သင်တန်းသား၊ သင်တန်းသူများ၊ အခြားဖိတ်ကြားထားသူများနှင့် အားကစားချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

**၀၀၂**

## World AIDS Day အထိမ်းအမှတ် အခမ်းအနား သထုံတွင်ပြုလုပ်

**သထုံ ဒီဇင်ဘာ ၆**
HIV ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိနားလည်လာစေရေးအတွက် ပြည်ကြီးခင် လူမှုရေးအသင်းနှင့် ခိုင်မြဲသောတွဲလက်များအဖွဲ့တို့ပူးပေါင်းကာ World AIDS Day အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက်က မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပခဲ့သည်။

ပြည်ကြီးခင် လူမှုရေးအသင်းမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ဧရိယာတာဝန်ခံ ဦးမျိုးသန်းအောင်က "HIV ရောဂါကြောင့် ခုနောက်ပိုင်းမှာ သေဆုံးမှုတွေနည်းလာတယ်၊ ဒါကလည်း ဆေးကုသမှုတွေက နေရာတိုင်းနီးပါးလောက်ကို လက်လှမ်းမီလာတာကြောင့်လို့ပြောရမယ်၊ ဒါ့ကြောင့် လူထုက HIV က အရေးမကြီးတော့ဘူးလို့ ထင်နေကြတာရှိသလို တစ်ဖက်ကလည်း မိမိမှာ ရောဂါပိုးရှိတယ်ဆိုတာမသိကြတာတွေများနေသေးတယ်။ အဓိကကတော့ ဒီရောဂါရှိ၊ မရှိဆိုတာ သိအောင် သွေးစစ်ဖို့လိုအပ်တယ်။ သိပြီး ကာကွယ်ကုသမှုတွေလုပ်ရင် သေဆုံးမှုတွေ လျော့ကျပြီး အခြားသူတွေကို ကူးစက်တာမျိုးလျော့လာမယ်" ဟု ဦးမျိုးသန်းအောင်က ပြောသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပြည်ကြီးခင် လူမှုကူညီရေးအသင်းခွဲ ငါးခုရှိပြီး HIV ရောဂါပိုးရှိ၊ မရှိ သွေးစစ်ဆေးခြင်းကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ပုသိမ်မြို့နယ်တွင် မိုးစပါး စံပြ စံကွက် ရိတ်သိမ်း

**ပုသိမ် ဒီဇင်ဘာ ၆**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စု မနောသုခ စံပြစပါးစိုက်ခင်း ဧရိယာ ၇ ဒသမ ၃၁ ဧကတွင် ဒီဇင်ဘာ ၂ ရက်က ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းသို့ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုသိမ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုသိမ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများအပါအဝင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**ပုသိမ်လှကြည်**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (armfie)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပဋ္ဌာန်းအဓိဋ္ဌာန်ကျင့်စဉ်




ပဋ္ဌာန်းဒေသနာတော်ကိုပွားများခြင်းဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြောင်း ဓမ္မာစရိယ ဦးအောင်ကျော်မိုးစီစဉ်သည့် ပဋ္ဌာန်းအဓိဋ္ဌာန်ကျင့်စဉ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်ငါးရာသည်ကဿပဘုရား၏ လက်ထက်တော်အခါက ကျောက်လိုဏ်ဂူကြီးအတွင်း အမိုး၌တွယ်ကပ်နေသောလင်းနို့များဖြစ်ခဲ့သည်။ ကဿပဘုရားရှင်၏ တပည့်ရဟန်းတော်တစ်ပါးသည် အလွန်စိတ်ငြိမ်သော ကျောက်လိုဏ်ဂူကြီးအတွင်း၌ တစ်ပါးတည်းသော အသံနေအသံထားဖြင့် ပဋ္ဌာန်းဒေသနာတော်ကိုရွတ်ဖတ်ပူဇော်ရာ အဆိုပါ ပဋ္ဌာန်းရွတ်ဖတ်သံကြောင့် ကျောက်လိုဏ်ဂူကြီးအတွင်း အမိုးပေါ်၌တွယ်ကပ်နေသော လင်းနို့များသည် ပဋ္ဌာန်းသံကိုကြားရသော်အဓိပ္ပာယ်မသိ၊ နားမလည်သော်လည်း ထိုပဋ္ဌာန်းသံကြောင့် အောက်သို့ပြုတ်ကျကာသေဆုံးသွားပြီး နတ်ပြည်၌ပဋိသန္ဓေစိတ်ဖြစ်ကာ နတ်သားငါးရာဖြစ်ခဲ့ကြောင်းရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၇၇၃၇၇၄၇၃၃နှင့် ၀၉ ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

.............................................

## မြန်မာ့ရိုးရာ ဆေးနည်းတို ကုထုံးများ





ဆေးနည်းတိုဟူသည်မိမိတို့၏ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သော၊ ရောဂါဝေဒနာကိုလွယ်လွယ်ကူကူဖြင့် ပျောက်ကင်းနိုင်စေရန် စာရေးဆရာကြည်လွင်မြင့်(မုဒြာ) စီစဉ်ရေးသားထားသော မြန်မာ့ရိုးရာဆေးနည်းတို ကုထုံးများ စာအုပ်ထွက်ရှိလာသည်။

ရှေးမြန်မာလူကြီးသူမများလက်ထက်မှပင် ယနေ့ဆေးသိပ္ပံထွန်းကားလာသည့်ခေတ်အထိ ရိုးရာနည်းဖြစ်သည့် ဆေးနည်းတိုများဖြင့် ကုသ၍ ရောဂါများပျောက်ကင်းသည်ကို တစ်ဦးကအခြားတစ်ဦးကိုပြောပြပြီး လက်ဆင့်ကမ်းခဲ့ကြသည်။ ဆေးနည်းတိုဆိုသည်မှာ ခဲရာခဲဆစ်မဟုတ်ဘဲ မိမိတို့၏မီးဖိုချောင်နှင့် အနီးအနားပတ်ဝန်းကျင်တွင်အလွယ်တကူရရှိနိုင်သော အပင်၊ အရွက်၊ အသီး၊ အမြစ်၊ အခေါက်တစ်ခုခုဖြင့်သော်လည်းကောင်း၊ ဆား၊ နနွင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ချင်းစသည့် မီးဖိုချောင်သုံးပစ္စည်းများဖြင့်သော်လည်းကောင်း ဆေးသောက်စရာမလိုဘဲ ဆေးလိမ်း၊ ဆားပွတ်၊ ကွမ်းရွက်ကပ်ခြင်းစသော ကုထုံးတစ်ခုခုဖြင့် လတ်တလောခံစားနေရသောရောဂါများကို ပျောက်ကင်းစေနိုင်သည့်နည်းလမ်းများကို ရေးသားထားသည်။

စာအုပ်ကို အလင်းသစ်စာပေ၊ အခန်း - ၆၀၁၊ အမှတ် ၁၇/၁၉၊ ၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၈၇၀၃၈၄၈နှင့် ၀၉ - ၅၄၀၀၃၀၂တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

.............................................

## ကြီးပွားရေးလက်စွဲကျမ်း





လူတိုင်းလူတိုင်း ဘဝအတွက် လက်ကိုင်ထားသင့်သော ဆရာဥက္ကါစံ စီစဉ်သော ကြီးပွားရေးလက်စွဲကျမ်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မျက်မှောက်ဘဝ ကြီးပွားကြောင်း လမ်းညွှန်တရားလေးပါး၊ လက်တွေ့အောင်ကြောင်းတရား ငါးပါး၊ မျက်မှောက်ဘဝ စည်းစိမ်ပျက်စီးကြောင်းတရားလေးပါး၊ တမလွန်ဘဝ စည်းစိမ်ပျက်စီးကြောင်း တရားလေးပါး၊ ကြီးပွားရေးလမ်းညွှန်အဆိုအမိန့်များ၊ လူမသေငွေမရှား၊ ကြီးပွားရေးအတွက်စံထားချက်များ၊ ကြီးပွားရေးအတွက် နှစ်သက်ဖွယ်ကျောက်ကြီးကိုးလုံးဆုံးမစာ၊ ကြီးပွားရေးအတွက်ဆောင်ရွက်ဖွယ်ရာ ဆုံးမစာ၊ ခရီးသွားရာ၌မေတ္တာပွားနည်း၊ ကြီးပွားရေးဖြစ်မိတ်ဆွေစစ်၊ သင်ကြီးပွားအောင်ဒါတွေရှောင်၊ ပီမိုးနင်းရဲ့ကြီးပွားရေးစာစုများ စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ဇော်မင်းဦးစာပေ၊ အမှတ် - ၃၃၊ ၉၆ - လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၁၈၀၉၈၁နှင့် ၀၉ - ၅၀၄၅၀၅၆တို့မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိသည်။

.............................................

## ဆယ်ကျော်သက်အရွယ် ဖွံ့ဖြိုးချိန်မယ်




ဆယ်ကျော်သက်အရွယ်ကို ရောက်ရှိလာပြီဆိုပါက ခန္ဓာကိုယ်နှင့် စိတ်ခံစားမှုများသည်လည်း ကလေးဘဝနှင့်မတူဘဲ တဖြည်းဖြည်းပြောင်းလဲလာကြောင်းကို မနောဖြူစာတည်းအဖွဲ့က စီစဉ်ထားသော ဆယ်ကျော်သက်အရွယ် ဖွံ့ဖြိုးချိန်မယ် စာအုပ်ထွက်ရှိလာသည်။

ဆယ်ကျော်သက်အရွယ်မှာ ခန္ဓာကိုယ်၏ အတွင်းအပြင်ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပြောင်းလဲပုံ၊ အာဟာလိုအပ်ပုံ စသည့်အချက်များသည် သာမန်အားဖြင့် အရေးမကြီးဟု ထင်ထားသော်လည်း ယင်းတို့ကိုမသိထားလျှင် မိမိ၏ဘဝတွင် ပြဿနာ၊ အခက်အခဲများကြုံတွေ့လာနိုင်သည်။ ဆိုပါစာအုပ်တွင် ထိုအခက်အခဲများကို ကျော်လွှားနိုင်စေရန် စိတ်လှုပ်ရှားမှုများကို ထိန်းချုပ်ပြီး ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို နေ့စဉ် ကိုယ်တိုင်လုပ်ဆောင်ခြင်း၊ မိမိကိုယ်တိုင်နှင့် သူတစ်ပါးအပေါ် ထိခိုက်နာကျင်စေသော အပြုအမူများကို ရှောင်ကြဉ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး စရိုက်လက္ခဏာ၊ အကြိုက်ချင်းမတူ၊ အစွမ်းအစ အရည်အချင်းမတူသည်ကို နားလည်လက်ခံခြင်း၊ မူးယစ်ဆေးဝါးကို မသုံးစွဲမိအောင်ရှောင်ကြဉ်ခြင်း၊ မိမိရှိအစွမ်းအစများကို သူ့နေရာနှင့်သူ အကျိုးရှိအောင်သုံးတတ်ခြင်း စသည့်တို့ကို ဖော်ပြထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် - ၂၃၅၊ မြေညီထပ်၊ ၃၇ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၀၄၃၈၇၃နှင့် ၀၉ - ၇၃၂၄၆၉၈၀တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

.............................................

## တောက်လျှောက်အတက်သို့ ရခိုင်လား





စာရေးဆရာ ဇာနီအောင်(ရမ္မာဝတီ)စီစဉ်ရေးသားသော တောက်လျှောက်အတက်သို့ ရခိုင်လား စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရခိုင်ပြည်နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ နယ်နိမိတ်၊ မြေမျက်နှာပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ နေထိုင်ကြသောလူမျိုးများအကြောင်းနှင့် စစ်တွေမြို့သား ပြည်သူ့ဦးသျှောင် လွတ်လပ်ရေး၏မီးရှူးတန်ဆောင် ဆရာတော်ဦးဥတ္တမသည် နယ်ချဲ့တို့၏ ဒိုင်အာခီအုပ်ချုပ်ရေးကို တစိုက်မတ်မတ်ဆန့်ကျင်ခဲ့သူဖြစ်သည်။ ဗြိတိသျှနယ်ချဲ့ သမားတွေနှင့် မစေ့စပ်စတမ်း အသက်ခန္ဓာကိုယ်တည် သရွေ့ တိုက်ပွဲဝင်ခဲ့ကာ ဖိနှိပ်ညှဉ်းဆဲမှုအမျိုးမျိုးခံရပြီး ဗျူရိုကရေစီတဖြစ်လည်း ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံဖို့ ပြည်ရွာအနှံ့ လှည့်လည်ဟောပြော၍ ပြည်သူမပါဘဲ အသေမွေးဖွားသောသားဖြစ်သည်ကိုပြည်သူများသိရှိနိုင်စေရန် တိုက်တွန်းနှိုးဆော်ထားသည်။

စာအုပ်ကို ဇော်မင်းဦးစာပေ၊ အမှတ် - ၃၃၊ ၉၆ - လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၁၈၀၉၈၁နှင့် ၀၉ - ၅၀၄၅၀၅၆တို့မှ တန်ဖိုးငွေကျပ် ၈၀၀ဖြင့် ဖြန့်ချိသည်။

.............................................

## ကလေးငယ်များအတွက် ဒီမိုကရေစီ အလေ့အထ




မနောဖြူစာတည်းအဖွဲ့က စီစဉ်ရေးသားသော ကလေးငယ်များတွက် ဒီမိုကရေစီ အလေ့အထ စာအုပ် ထွက်ရှိလာသည်။

ဒီမိုကရေစီဆိုသော အဓိပ္ပာယ်သည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီးအုပ်ချုပ်ခြင်းကို ဆိုလိုကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကအရှင်သခင်ဖြစ်ပြီး အုပ်ချုပ်သူအစိုးရသည် ပြည်သူ့ကိုယ်စား ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလုပ်ကိုင်ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် ပြည်သူပြည်သားများအားလုံးအတွက် တန်းတူအခွင့်အရေးများကိုပိုင်ဆိုင်ကြပြီး ဆင်းရဲချမ်းသာ မရွေး၊ ယောကျ်ား၊ မိန်းမ မရွေး၊ ကိုးကွယ်သည့်ဘာသာတရားမရွေး၊ အုပ်ချုပ်သူလူတန်းစားမရွေး တရားဥပဒေနှင့်အညီသာ ဆက်ဆံကြရမည်ဖြစ်သည့်အပြင် စိတ်ဝင်စားဖွယ် ရုပ်ပုံများနှင့်တကွ ဖော်ပြထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် - ၂၃၅၊ မြေညီထပ်၊ ၃၇ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၇၃၀၄၃၈၇၃နှင့် ၀၉ ၇၃၂၄၆၉၈၀တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

.............................................

## ပျော်ပျော်ရွှင်ရွှင် ဉာဏ်စမ်းပညာ




ဉာဏ်စမ်းဗဟုသုတလေ့လာလိုသူများအတွက် စာရေးဆရာဘိုကြီးစီစဉ်ရေးသားသော ပျော်ပျော်ရွှင်ရွှင်ဉာဏ်စမ်းပညာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အဓိကအားဖြင့် စိတ်ပိုင်းဆိုင်ရာအတွက် လေ့ကျင့်မှု ကောင်းဆုံးအထောက်အကူပြုစေနိုင်သည့်အပြင် တစ်ဆင့်ချင်း အလွယ်မှအခက်သို့ အဆင့်ဆင့် စိန်ခေါ်မှုဖြေရှင်းရမှာဖြစ်ပြီး မိမိဘဝတွင်မမျှော်လင့်သောအချိုးအကွေ့တွေ၊ မထင်မှတ်တာတွေကို ကြုံကြရမည်ဖြစ်သည်။ ထိုအခါမှာ ရင်ဆိုင်ဖို့အတွက် စိတ်ဓာတ်ခွန်အားတွေးခေါ်ပုံများသည် အလွန်ပင်အရေးကြီးသလို အထောက်အကူလည်း ပြုနိုင်မည်ဖြစ်သည်။ အကယ်၍သာ အခက်အခဲသာမရှိလျှင် အောင်မြင်သောသူများ၊ သည်းခံနိုင်စွမ်းရှိသောသူများ ဖြစ်ပေါ်လာမည်မဟုတ်ပေ၊ အခက်အခဲများကြုံတွေ့သောအခါ စိတ်ဓာတ်ကြံ့ခိုင်ဖို့၊ ပြဿနာဖြေရှင်းနိုင်စွမ်းအားရင့်သန်ဖို့၊ အခက်အခဲ စိန်ခေါ်မှုတွေကြုံတွေ့သောအခါ စိတ်တည်ငြိမ်စွာ ဖြေရှင်းနိုင်စေရန်ထောက်အကူပြုနိုင်မည်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ် - ဝဲ၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

# Thanlwin Education Services Co.,Ltd.

THANLWIN EDUCATION SERVICE

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ (၁-၆-၂၀၁၇)ရက်နေ့မှ စတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ ယခုအခါ အထက်တန်းကျောင်းအဖြစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည့် သံလွင်ပုဂ္ဂလိကအထက်တန်းကျောင်းအတွက် လိုအပ်လျက်ရှိသော သင်ကြားရေးဝန်ထမ်းများအား ခန့်အပ်သွားမည်ဖြစ်ပါသည်။ လိုအပ်သောရာထူးနှင့် ပညာအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အထက်တန်းဘာသာရပ်ပြဆရာ / ဆရာမ** **ကျား / မ (၁၄)ဦး**

**အခြေခံလစာ(၅.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း (၆) ဘောဂဗေဒ
(၇) ဓါတုဗေဒ (၈) ရူပဗေဒ (၉) ဇီဝဗေဒ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၅)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/သင်ကြားရမည့် ဘာသာရပ်နှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့/မဟာဘွဲ့နှင့် အထက်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာပြ လျှောက်ထားသူသည် IELTS (7.5) ရရှိရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ခ) အလယ်တန်းဘာသာရပ်ပြဆရာ / ဆရာမ** **ကျား / မ (၁၀)ဦး**

**အခြေခံလစာ(၄.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း (၆) သိပ္ပံ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၀)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်သင်ပညာဒီပလိုမာ (သို့မဟုတ်) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဂ) မူလတန်းပြ(အငယ်တန်း)** **ကျား / မ (၁၀)ဦး**

**အခြေခံလစာ(၄)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) သိပ္ပံ (၅) လူမှုရေး(ပထဝီ၊ သမိုင်း)

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြားဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိပြီး တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသော ဘာသာရပ်ဆရာအဖြစ်ဖြစ်စေ အနည်းဆုံး(၅)နှစ်သင်ကြားရေး အတွေ့အကြုံရှိသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (5.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဃ) သင်ကြားရေးအကူ** **ကျား / မ (၂၀)ဦး**

**အခြေခံလစာ(၂.၅)သိန်း**

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်နှင့် အောက်ဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(၃) English 4 Skills အသင့်အတင့်ရှိရမည်။
(၄) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်ထားသော ECCD လက်မှတ်ရရှိထားပြီး ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။

၃။ လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ ရာထူး(၄)မျိုးအနက် **တစ်မျိုးတည်းသာ** လျှောက်ထားခွင့်ရှိမည်။ တစ်မျိုးထက် ပိုမိုလျှောက်ထားပါက ထည့်သွင်း စဉ်းစားသွားမည်မဟုတ်ပါ။

